ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၈၃ ခုနှစ်၊ တန်ခူးလကွယ်၊ တနင်္လာနေ့။ Monday, 10 May 2021 ၁၀၃၆၉


## ကြေးမုံ ယနေ့ ဖတ်စရာ

**ဒေသတစ်ခုချင်းစီ၏ ဝိသေသလက္ခဏာပါသော ထုတ်ကုန်များကို အရည်အသွေးမြင့်မြင့် တွင်တွင်ကျယ်ကျယ်ထုတ်လုပ်နိုင်ရေးနှင့် ပြည်တွင်း ပြည်ပ ဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး ကြိုးပမ်းရန်လိုအပ်**

စာမျက်နှာ » ၃



**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့**

စာမျက်နှာ » ၈

# ငဖဲမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း



**ငဖဲ မေ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်းမှ သောက်သုံးရေရှားပါးသည့်ကျေးရွာများသို့ ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များက သောက်သုံးရေများ သွားရောက်လှူဒါန်းပေးလျက်ရှိရာ မာန်အောင်ကျေးရွာအုပ်စုမှ မရိုးကန်ဘုန်းတော်ကြီးကျောင်း၊ ဆူးပဒေါင်းကျေးရွာအုပ်စုမှ ကျောက်ဆုံဘုန်းတော်ကြီးကျောင်း၊ ကန်ပေါက်ကျေးရွာနှင့် ဝါးလေးတောင်ကျေးရွာများမှ ပြည်သူများအတွက် သောက်သုံးရေများကို အောင်ပင်လယ်ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးပါရဂူတနှင့် အလှူရှင်များပူးပေါင်း၍ မေ ၈ ရက်နှင့် ၉ ရက်တို့တွင် သွားရောက်လှူဒါန်းခဲ့ကြသည်။

**လှူဒါန်း**

မရိုးကန်၊ ကျောက်ဆုံကျေးရွာ၊ ဝါးလေးတောင်ကျေးရွာနှင့် ကန်ပေါက်ကျေးရွာများမှ အိမ်ခြေ ၂၃၇ အိမ်၊ လူဦးရေ ၉၀၀ ကျော်တို့အတွက် သောက်သုံးရေဂါလန် ၇၂၀၀ ကို သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မယု(ငဖဲ)



**ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ သန်လျင် အမှတ်(၁၀) သစ်စက်နှင့် သစ်စိုက်ခင်းများ ကြည့်ရှုစစ်ဆေး**

စာမျက်နှာ » ၄

**ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး ရခိုင်ပြည်နယ်အတွင်းရှိ သုဒ္ဓေးရေအားလျှပ်စစ်စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး**

စာမျက်နှာ » ၅





**တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၃၁၇ သန်းကျော် သုံးစွဲပြီးဖြစ်**

စာမျက်နှာ » ၁၃

## ကြေးမုံ

# အကြမ်းဖက်အုပ်စုကိုလက်မခံ အမြစ်ပါမကျန်တိုက်ဖျက်

မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ CRPH နှင့် ၎င်းတို့ဖွဲ့စည်းထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ NUG ဟု ခေါ်ဆိုသည့် တရားမဝင်အစိုးရတို့သည် CDM တွင် ပါဝင်လှုပ်ရှားသူများအား အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်စေရန် စည်းရုံးလှုံ့ဆော်ခြင်း၊ တွန်းအားပေးခြင်းတို့ကို တစိုက်မတ်မတ် ပြုလုပ်လျက်ရှိသည်။ ထို့အပြင် အကြမ်းဖက်လုပ်ရပ်များကို ပြည်တွင်း၌ လုပ်ဆောင်နိုင်ရန် ပြည်သူ့ကာကွယ်ရေးတပ်မတော် PDF ဟူ၍ ထပ်မံဖွဲ့စည်းကာ အဖျက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည်။

ထို့ကြောင့် ၎င်းအကြမ်းဖက်သမားများ၊ အဖျက်သမားများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က မေလ ၈ ရက်နေ့တွင် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြောင်း ကြေညာခဲ့သည်။ အဆိုပါ အကြမ်းဖက်အုပ်စုများ၏ ဦးဆောင်သူများက လှုံ့ဆော်အားပေးမှုကြောင့် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ဗုံးခွဲခြင်း၊ မီးရှို့ခြင်း၊ ဖျက်ဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ လူသတ်ခြင်းအထိ ပြုလုပ်လာခဲ့ကြသည်။ ၎င်းတို့၏ လှုံ့ဆော်အားပေးမှုကြောင့် မြို့ပြနေလူငယ်အချို့က ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟု အမည်တပ်ကာ လက်နက်ကိုင်အကြမ်းဖက်သည့် အဖျက်လုပ်ရပ်များကို လုပ်ကိုင်လာကြသည်။

CRPH နှင့် ၎င်းက ဖွဲ့စည်းသည့် NUG သည် ၎င်းတို့အာဏာပြန်လည်ရရှိရေးအတွက် နိုင်ငံတကာအကူအညီမရရှိသဖြင့် ပြန်လမ်းမရှိသော အဖျက်လုပ်ရပ်များကို လုပ်ဆောင်လာကြရာတွင် ဦးစွာ နိုင်ငံ့ဝန်ထမ်းများအား CDM ပြုလုပ်ရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့အစိုးရဖြစ်လာလျှင် နေရာပြန်ပေးမည်၊ ယခု လစာထောက်ပံ့ပေးမည်စသည့် မက်လုံးအမျိုးမျိုးပေးပြီး စည်းရုံးခဲ့ကြရာ စိတ်အခံရှိပြီး နားယောင်ကြသည့် ဝန်ထမ်းများက CDM ပြုလုပ်ခဲ့ကြသည်။ နိုင်ငံနှင့် ပြည်သူအပေါ် သစ္စာရှိစွာ၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသော CDM မလုပ်သည့်ဝန်ထမ်းများအား ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ ဖိအားပေးခြင်းများ တစိုက်မတ်မတ် ပြုလုပ်လျက်ရှိသည်။ ယခုအခါတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် ကျောင်းများပြန်လည်ဖွင့်လျက်ရှိရာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များလုပ်ကိုင်ခြင်း၊ ဗုံးခွဲခြင်း၊ မီးရှို့ခြင်းတို့အထိ အဆုံးစွန်အဆိုးရွားဆုံးလုပ်ဆောင်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့အပြင် CRPH နှင့် ၎င်းကဖွဲ့စည်းသည့် NUG သည် ဖက်ဒရယ်တပ်မတော်တည်ထောင်ရေးအထိ တစ်ဆင့်တိုးလုပ်ဆောင်လာကြရာ တောမီးလောင်တောကြောင်လက်ခမောင်းခတ်လိုသော မြန်မာပြည်မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းမှ လက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့် ၎င်းတို့၏အုပ်စုများက ရှေးယခင်ပြုလုပ်နေကျအဖျက်လုပ်ရပ်များအဖြစ် အများပြည်သူအခြေခံအဆောက်အအုံများ၊ တပ်ရင်းတပ်ဖွဲ့စခန်းအချို့တို့အား အင်အားအများအပြားဖြင့် အလစ်အငိုက်ချောင်းမြောင်းတိုက်ခိုက်မှုများ ပြုလုပ်လာကြသည်။ ယင်းသို့တိုက်ခိုက်လာမှုများကို အစဉ်အလာကြီးမားသောတပ်မတော်သည် ရဲဝံ့စွန့်စားစွာဖြင့် အသက်နှင့်ခန္ဓာများကို ပဓာနမထားဘဲ ပြည်ထောင်စုကြီး မပြိုကွဲစေရန်အတွက် ပြန်လည်ခုခံတွန်းလှန်တိုက်ထုတ်လျက်ရှိသည်။

တိုင်းပြည်ပြိုကွဲစေရန်၊ ပျက်စီးစေရန် အဖျက်လုပ်ရပ်များလုပ်ကိုင်လျက်ရှိသည့် အဖွဲ့အစည်းအမျိုးမျိုးရှိသည့်အနက် ပြည်တွင်း/ပြည်ပ မီဒီယာများကလည်း တိုင်းပြည်ပျက်စီးစေရန် မီးလောင်ရာလေပင့်သကဲ့သို့ မဟုတ်မမှန်သတင်းများ၊ ဟုတ်မှန်သော်လည်း လိုသည်ထက်ပို၍ ချဲ့ကားထားသော ပုံကြီးချဲ့လုပ်ကြံသည့် အဖျက်အမှောင့်သတင်းများကို နေ့စဉ်တစိုက်မတ်မတ် လွှင့်ထုတ်ပေးလျက်ရှိသည်။ တိုင်းပြည်ပျက်စီးစေနိုင်သော အကြောင်းတရားများတွင် တိုင်းသူပြည်သားများ အထင်အမြင်လွဲမှားစေပြီး ယုံကြည်မှုပျက်ပြားစေသော၊ အမုန်းတရားများ ပြင်းထန်စေသော ဖန်တီးလှုံ့ဆော်မှုသတင်းများကို လူမှုကွန်ရက်စာမျက်နှာများပေါ်မှ တစ်ဆင့် မြန်မာပြည်သူပြည်သားများအချင်းချင်း ဖျက်လိုဖျက်ဆီး သွေးထိုးလှုံ့ဆော်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ တပ်မတော်သည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်ထောင်စုကြီး မပြိုကွဲစေရန်အတွက် တိုင်းပြည်နှင့်လူမျိုးကို အသက်ပေးကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ တပ်မတော်အနေဖြင့် ယနေ့ဆောင်ရွက်ချက်များသည် ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းကာ တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာစေရေးဖြစ်ရာ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ စစ်မှန်သောလိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အကြမ်းဖက်အဖျက်လုပ်ရပ်လုပ်ကိုင်နေကြသော အဖျက်သမားများ၊ အဖျက်အုပ်စုများအား အမြစ်ကပါမကျန် ချုပ်ငြိမ်းစေရန် အစွမ်းကုန်တိုက်ဖျက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

# အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အကြမ်းဖက်အုပ်စုများအဖြစ်သတ်မှတ်ကြေညာခြင်း**
**အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၂၁**
**၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်**
**(၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government–NUG) တို့သည် “Civil Disobedience Movement–CDM” တွင် ပါဝင်သူများကို အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အစဉ်တစိုက်လှုံ့ဆော်အားပေးခဲ့သည့် အဖွဲ့များဖြစ်ပါသည်။ ယင်းတို့၏လှုံ့ဆော်မှုကြောင့် နိုင်ငံတော်အတွင်းရှိနေရာများစွာတွင် အကြမ်းဖက်မှုများစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ “CRPH” နှင့် “NUG” အဖွဲ့များ၏ ဦးဆောင်သူများက လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ဗုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့အပြင် “NUG”အဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF)ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။ “NUG” နှင့် “PDF”တို့၏ လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟု အမည်တပ်ကာ လက်နက်ကိုင်အကြမ်းဖက်သည့်လုပ်ဆောင်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ယင်းအဖွဲ့များ၏ “CDM” ပြုလုပ်ရန်လှုံ့ဆော်ခြင်း၊ “CDM” မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ ကျောင်းသား/ကျောင်းသူများနှင့် ဆရာ/ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်ရန် အားထုတ်လျက်ရှိခြင်းတို့သည် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၂၃ ဖြင့် ပြဋ္ဌာန်းခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၃) ပါ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကိုဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်သည့် အကြမ်းဖက်မှုများတွင် အကျုံးဝင်ကြောင်း တွေ့ရှိရပါသည်။

၂။ သို့ပါ၍ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)၊ ယင်းက ဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ(National Unity Government–NUG)၊ ယင်းကဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF)နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**


ပညာရေးဝန်ကြီးဌာန

၂၀၂၁–၂၀၂၂ ပညာသင်နှစ်

**“ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့”**

**ကျောင်းအပ်နှံရေးသီတင်းပတ်** — **၂၀၂၁ ခုနှစ်၊ မေလ (၂၄)ရက်မှ (၃၁)ရက်ထိ**



ကြေးမုံ

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် |
| **သတင်းထောက်မှူး** | - | ဦးမြင့်စိုး |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| **ဘာသာပြန် စာတည်းများ** | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် |
| **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း |
| **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **စာပြင်** | - | ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| **အီးမေးလ်နှင့် အွန်လိုင်း** | - | ဒေါ်အေးအေးသင်းနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ - ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

## နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေး

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်မည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးရေး(ပန်းခင်းစီမံချက်)ကို အလေးထားကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးမှာ အရေးကြီးကြောင်း၊ ရသင့်ရထိုက်သည့် နိုင်ငံသား၊ တိုင်းရင်းသားများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိရေးအတွက် သတ်မှတ်ထားသည့် စီမံချက်ကာလအတွင်း အပြီးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ ဆန္ဒမဲပေးခဲ့သည့် ဦးရေ ၄ ဒသမ ၆ သန်းရှိသည်ကို စိစစ်တွေ့ရှိကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ နိုင်ငံသားတိုင်း ဆန္ဒမဲပေးနိုင်ရေးအတွက် ကိုင်ဆောင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေး ဦးစားပေးဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ဒေသတစ်ခုချင်းစီ၏ ဝိသေသလက္ခဏာပါသော ထုတ်ကုန်များကို အရည်အသွေးမြင့်မြင့် တွင်တွင်ကျယ်ကျယ်ထုတ်လုပ်နိုင်ရေးနှင့် ပြည်တွင်း ပြည်ပ ဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး ကြိုးပမ်းရန်လိုအပ်



**နေပြည်တော် မေ ၉**

နိုင်ငံလူဦးရေအများဆုံး မှီတင်းနေထိုင်ရာ ကျေးလက်ဒေသများဖွံ့ဖြိုးရေး၊ ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ၏ အထွက်နှုန်းတိုးတက်ရေးသာမက အရည်အသွေးကောင်းမွန်ရေး၊ တန်ဖိုးမြင့်ကုန်ချောများအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးကိုပါ အားပေးကူညီဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

**နည်းလမ်းများ ရှာဖွေ**

ဆက်လက်၍ ဒေသတစ်ခုချင်းစီ၏ ဝိသေသလက္ခဏာပါသော ထုတ်ကုန်များကို အရည်အသွေးမြင့်မြင့် တွင်တွင်ကျယ်ကျယ် ထုတ်လုပ်နိုင်ရေးနှင့် ပြည်တွင်း ပြည်ပဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးကိုလည်း သက်ဆိုင်သူအားလုံးတို့က နည်းလမ်းများ ရှာဖွေဖော်ထုတ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တစ်ဖက်ကလည်း ကုန်ချောအရည်အသွေး မြင့်မားရေး၏ အဓိကအရင်းအမြစ်ဖြစ်သည့် ကုန်ကြမ်းများ အရည်အသွေးကောင်းမွန်ရေးနှင့် ခေတ်မီစက်ကိရိယာများ အသုံးပြုနိုင်ရေးတို့အတွက် လိုအပ်သော လေ့လာဆန်းစစ်မှုများ၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နည်းပညာအကူအညီများလိုအပ်ပါက မိမိတို့ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် ဆက်သွယ်ရယူနိုင်ကြပါကြောင်း မေ ၈ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပန်းရောစက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်း၏ သင်ဖြူးဖျာအလုပ်ရုံ၌ အသင်းတာဝန်ရှိသူများ၊ အသင်းသူအသင်းသားများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ယင်းနောက် ပန်းရောစက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်း တာဝန်ရှိသူက အသင်း၏ သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သင်ဖြူးဖျာ ကုန်ကြမ်းဖြစ်သည့် သင်ပင်စိုက်ပျိုးထွက်ရှိမှုနှင့် အရည်အသွေးဆိုင်ရာ တိုးတက်ရေးလေ့လာဆောင်ရွက်ရန်၊ တန်ဖိုးမြှင့်ကုန်ချောပစ္စည်းများ အရေအတွက်များများ ထုတ်လုပ်နိုင်ရန် စက်ကိရိယာအသုံးပြုခြင်း၊ နည်းပညာအဆင့်မြှင့်တင်ခြင်းအတွက် ဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်ဖြူးဖျာအလုပ်ရုံအတွင်း ဆောင်ရွက်နေသော သင်ဖြူးဖျာရက်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Global Earth စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းထွက်တန်ဖိုးမြင့် ကုန်ထုတ်လုပ်ငန်း အများပိုင်ကုမ္ပဏီလီမိတက်သို့ ရောက်ရှိကြပြီး ခေတ်မီနည်းစနစ်အသုံးပြု၍ ငါးသားပေါက် မျိုးကောင်းမျိုးသန့်များ မွေးမြူထုတ်လုပ်ခြင်း၊ သံမဏိကန်များတွင် ငါးအရွယ်အစားအလိုက် ခွဲခြားမွေးမြူခြင်းအပါအဝင် ငါးမွေးမြူထုတ်လုပ်ရေး စနစ်အမျိုးမျိုးကိုလည်းကောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ အသုံးပြုထုတ်လုပ်သည့် ငါးအစာစက်ရုံ၊ ပြုပြင်ထုပ်ပိုးသိုလှောင်သည့် ငါးအေးခဲစက်ရုံ၊ အသင့်စားသုံးနိုင်သောငါးအခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်စက်ရုံများနှင့် အဆင့်မြင့်ဝန်ထမ်းနေအိမ်များ တည်ဆောက်နေမှု လုပ်ငန်းခွင်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

Global Earth စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းထွက်တန်ဖိုးမြင့် ကုန်ထုတ်လုပ်ငန်း အများပိုင်ကုမ္ပဏီလီမိတက်အနေဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်သည်မှ အသင့်စားသုံးနိုင်သော ငါးအခြေခံ တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်သည်အထိ လုပ်ငန်းစဉ်တစ်ခုလုံးကို တစ်နေရာတည်းတွင် စုဖွဲ့ဆောင်ရွက်ခြင်းဖြစ်ပြီး ဝန်ထမ်းတစ်သောင်းကျော် တိုက်ရိုက်ခန့်ထား ဆောင်ရွက်လျက်ရှိပြီး ဆက်စပ်လုပ်ငန်းများမှ သွယ်ဝိုက်သောနည်းဖြင့် အလုပ်အကိုင် အခွင့်အလမ်း ငါးသောင်းကျော်ကို အကျိုးပြုလျက်ရှိကြောင်း သိရသည်။

**ဆွေးနွေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် တန်ဖိုးမြင့်ငါးကုန်ချောထုတ်လုပ်ရောင်းချသူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုလုပ်ငန်းများ၊ ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် နိုင်ငံခြားငွေရရှိနိုင်မှု၊ ပြည်တွင်းစိုက်ပျိုးရေးကုန်ကြမ်းများ အသုံးချမှုလိုအပ်ချက်နှင့် အလုပ်အကိုင်ရရှိမှုအခြေအနေများ၊ ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် တက္ကသိုလ်များနှင့် ပူးပေါင်း၍ ငါးလုပ်ငန်းသုတေသနဆိုင်ရာ ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပုသိမ်မြို့ရေပေးဝေရေး စီမံကိန်း(မရမ်းချောင်း)သို့ ရောက်ရှိကြပြီး ရေတင်စက်ရုံ၊ ရေစုကန်နှင့် ရေစစ်ကန်များ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြရာ စီမံကိန်းတာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

မရမ်းချောင်း ရေပေးဝေရေးစီမံကိန်းပြီးစီးပါက ပုသိမ်မြို့ပေါ်ရှိ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေ အသုံးပြုနိုင်ရန်အတွက် တစ်ရက်လျှင် ရေဂါလန် ၄၅ သိန်း ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် ရေတင်စက်ရုံ၊ ရေစုကန်နှင့် ရေစစ်ကန်များ တည်ဆောက်ခြင်း ၈၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ ကျန်လုပ်ငန်းများ သတ်မှတ်ကာလပြီးစီးရေးနှင့် စီမံကိန်း အကျိုးပြု ဧရိယာအတွင်း ရေပိုက်လိုင်းများ သွယ်တန်းခြင်း၊ ရေမီတာတပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ သန်လျင် အမှတ်(၁၀) သစ်စက်နှင့် သစ်စိုက်ခင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် မေ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း အမှတ်(၁၀)သစ်စက်သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ အထွေထွေမန်နေဂျာများနှင့် စက်ရုံမှူးများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

**မှာကြား**

ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနတို့ ညှိနှိုင်းပေါင်းစပ်၍ ပြည်တွင်း/ ပြည်ပဝင်ငွေရရှိစေရေးအတွက် ဈေးနှုန်းနှင့် ဈေးကွက်အခြေအနေ၊ ဝယ်လိုအားရရှိမှုအပေါ်မူတည်၍ လပ်ပုံတင်ဒါ ပမာဏကို ချိန်ဆဆောင်ရွက်ရန်၊ ကျွန်းနှင့်သစ်မာ တင်ဒါကိစ္စရပ်များ ပိုမိုအဆင်ပြေချောမွေ့စေရေး၊ စနစ်တကျဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ နိုင်ငံပိုင်သစ်စက်များတွင် ကုန်ကြမ်းခွဲသား၊ တစ်ဝက်တစ်ပျက်ကုန်ချောနှင့် တန်ဖိုးမြှင့်ကုန်ချောခွဲသားများကို Outturn ကောင်းမွန်၍ Operating Ratio (OR) ကောင်းမွန်စွာ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ဘေးထွက်ပစ္စည်းများမှ ကုန်ချောထုတ်လုပ်ရေး ဆောင်ရွက်ရန်၊ ဈေးကွက်အခြေအနေ၊ ဝယ်လိုအား၊ ခွဲသားထုတ်လုပ်မှုနှင့် ကုန်ချောလက်ကျန်အခြေအနေများကို ကော်မတီဖွဲ့၍ လစဉ် Monitoring ပြုလုပ်ရန်၊ သစ်ထုတ်ရေးဌာနအနေဖြင့်လည်း တောတွင်းသစ်ထုတ်စဉ်ကတည်းက Standard Operating Procedure – SOP ပါ အချက်များအတိုင်း စနစ်တကျဆောင်ရွက်ရန်နှင့် ဌာနစက်ရုံများမှ



ထုတ်လုပ်သော သစ်အချောထည် ပရိဘောဂများအား ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေး အရည်အသွေးမြှင့်တင်ဆောင်ရွက်သွားရန်၊ နှစ်အလိုက် ရည်မှန်းချက် ဝင်ငွေရရှိရေး၊ အသုံးစရိတ်များကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မာနိုင်ငံ စာရင်းစစ်ချုပ်ရုံး၏ စံနှုန်းနှင့် ညီညွတ်စွာသုံးစွဲရန်နှင့် ဝန်ထမ်းအချင်းချင်း စည်းစည်းလုံးလုံးဖြင့် ရည်မှန်းချက် တာဝန်ပြီးမြောက်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ် (၁၀) သစ်စက်နှင့် သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ အမှတ် (၁) နှင့် အမှတ်(၂) ပရိဘောဂစက်ရုံများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သန်လျင်သစ်အခြေခံစက်မှုလုပ်ငန်းနယ်မြေရှိ မြန်မာ့သစ်လုပ်ငန်းက စိုက်ပျိုးတည်ထောင်ထားသော ကျွန်း၊ မန်ဂျန်ရှား၊ ဝါးနက်စိုက်ခင်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ရခိုင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် မေ ၈ ရက် နံနက်ပိုင်းတွင် အမ်းမြို့ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၆)ရုံး အစည်းအဝေးခန်းမဆောင်တွင် ရခိုင်ပြည်နယ်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ကိုဗစ်–၁၉ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။

**ညှိနှိုင်းဆွေးနွေးခြင်းဖြစ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် လုပ်ငန်းများ အရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရန်နှင့် အချိန်မီအောင်မြင်အောင်ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခြင်း ဖြစ်ပါကြောင်း။

ဝန်ထမ်းများအနေဖြင့် ယခုအချိန်တွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များအား လိုက်နာရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများ၏ အခက်အခဲများကိုလည်း မိမိဌာန ညွှန်ကြားရေးမှူးများမှတစ်ဆင့် တင်ပြနိုင်ပါကြောင်း၊ ဝန်ထမ်းများ၏ အခွင့်အရေးများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ဦးစီးဌာနများအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေး အလေးထား



ဆောင်ရွက်ရန်လိုပါကြောင်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအမံများလည်း ဆောင်ရွက်ထားရန် လိုပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် ထိန်းသိမ်းရေးအပိုင်းများကိုလည်း အဓိကထား ဆောင်ရွက်ရန် မှာကြားလိုပါကြောင်း။

**စေတနာထားဆောင်ရွက်**

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည်လည်း အဓိကကျပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်နှင့်အညီ သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အလေးထား လိုက်နာဆောင်ရွက်ရန် လိုပါကြောင်း၊ ဝန်ထမ်းများ၏ အခွင့်အရေးများကိုလည်း အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် မိမိကျရာတာဝန်များကို ကျေပွန်စွာဖြင့် စေတနာထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများက ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို Power Point ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

**ဝိုင်းဝန်းညှိနှိုင်းဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမ်းမြို့ လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၁၆) ရုံး အစည်းအဝေးခန်းမတွင် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းဦးစီးချုပ် ဗိုလ်မှူးကြီးကျော်ကျော်သန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရခိုင်ပြည်နယ် လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးနှင့် အမ်းမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရန်လျာထားသည့် သယု(ပဲပဒိုံ)တံတားသစ်တည်ဆောက်ရေး၊ လက်ရှိ ကြိုးတံတားမှ သတ်မှတ်ချက်နှင့်အညီ ဆီသယ်ယာဉ်များ အန္တရာယ်ကင်းစွာ ဖြတ်သန်းခွင့်ပြုရေး၊ အမ်းမြို့တွင်း လမ်းဆုံနှင့် လမ်းညွှန်ကျောက်တိုင်ကို တင့်တယ်လှပစေရန် အဆင့်မြှင့် ဆောင်ရွက်ပေးရေးနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးရမည့်လမ်းအခြေအနေကိုလည်းကောင်း၊ ကြိုးတံတားလုံခြုံရေး၊ အသစ်တည်ဆောက်မည့်တံတားအတွက် မြေနေရာကိစ္စရပ်များနှင့် အမ်းမြို့ဖွံ့ဖြိုးရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမ်း–ပဒဲကြော–မအီလမ်းအခြေအနေကိုလည်းကောင်း၊ မအီ–ကျောက်ဖြူလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကုတ်– မအီ–ကျောက်ဖြူလမ်း (တောင်ကုတ်– မအီအပိုင်း)တွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ (၁၈) မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးရဲမင်းမောင်က ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း တောင်ကုတ်–မအီ လမ်းအပိုင်း 0km မှ 69.20km အတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ အပိုင်းလိုက်ဆောင်ရွက်ထားရှိမှုတို့ကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကွန်ကရစ်လမ်းများ ဆောင်ရွက်ရာတွင် အောက်ခံလမ်းသားအမာခံရရှိပြီးမှ ကွန်ကရစ်ခင်းရန်၊ ကားကြီးများ အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရေး အမာခံလမ်းပခုံးများတစ်ပါတည်း ဆောင်ရွက်ပေးရန်နှင့် လုပ်ငန်းပြီးစီးပါက လမ်းဘေးဝဲ/ယာတွင် သန့်ရှင်းသပ်ရပ်အောင် စနစ်တကျဆောင်ရွက်ရန်၊ လိုအပ်သည့်နေရာများတွင် လမ်းနယ်တိုင်စိုက်ခြင်းနှင့် လမ်းနယ်သစ်ပင်များ စိုက်ပျိုးရန်တို့ကို မှာကြားပြီး ကွန်ကရစ်ခင်းပြီးအပိုင်းအား ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကုတ်–မအီလမ်းအပိုင်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် တောင်ကုတ်–သံတွဲလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး ရခိုင်ပြည်နယ်အတွင်းရှိ သူငွေးရေအားလျှပ်စစ်စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး





**နေပြည်တော် မေ ၉**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးသည် မေ ၈ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ သူငွေးချောင်းပေါ်တွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သူငွေးရေအားလျှပ်စစ်စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ၂၃၀ ကေဗွီ တောင်ကုတ်(ဘာသယေ) ပင်မဓာတ်အားခွဲရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ရောက်ရှိစဉ်၊ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သူငွေးရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်တွင် တည်ဆောက်ရေးညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်းက စီမံကိန်းဆိုင်ရာကိစ္စရပ်များကို တင်ပြရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လက်ရှိဆောင်ရွက်လျက်ရှိသော စီမံကိန်းများ ဆက်လက်၍ အရှိန်အဟုန်မပျက် ဆောင်ရွက်သွားရန်နှင့် ထပ်မံလိုအပ်လာမည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် ပြန်ပြည့်မြဲစွမ်းအင်များဖြစ်သည့် ရေအား၊ ဆိုလာတို့ဖြင့် ထုတ်လုပ်သည့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ညွှန်ကြားထားရှိသည့်အလျောက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရရှိသည့်ဘဏ္ဍာငွေအပေါ် စီမံကိန်းလုပ်ငန်းများအား သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီရေး၊ စီမံကိန်းတွင် တပ်ဆင်အသုံးပြုမည့် စက်ပစ္စည်းများအား စနစ်တကျ အသုံးပြုသွားရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး ဂရုစိုက်ဆောင်ရွက်သွားကြရန်၊ ဌာနပိုင်ယာဉ်ယန္တရားကြီးများကိုလည်း ရေရှည်အသုံးပြုနိုင်ရန်အတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှုများအား ဆောင်ရွက်သွားကြရန်၊ ပြည်သူများ လျှပ်စစ်ဓာတ်အားကို အမြန်ဆုံးရရှိသုံးစွဲနိုင်စေရေးအတွက် ဆောလျင်စွာ ပြီးစီးရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်သွားရန်၊ စီမံကိန်းပြီးစီးပါကလည်း ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး၊ ဒေသအခြေခံစီးပွားလုပ်ငန်းများကို အထောက်အကူဖြစ်စေရေး၊ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် ထပ်မံလိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်ရန်အတွက် ပြန်ပြည့်မြဲစွမ်းအင်များဖြစ်သည့် ရေအား၊ ဆိုလာတို့ဖြင့် ထုတ်လုပ်သည့် စီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် မှာကြားသည်။

သူငွေးရေအားလျှပ်စစ်စီမံကိန်းသည် သူငွေးချောင်းပေါ်တွင် ရေလှောင်တမံတည်ဆောက်ပြီး (၁၁၁)မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၃၈၆ သန်း ထုတ်လုပ်ကာ ရခိုင်ပြည်နယ်ဒေသများသို့ လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန်နှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးရည်ရွယ်၍ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် စီမံကိန်းဖြစ်သည်။ ယခုအခါ စီမံကိန်း၏ ၆၅ ဒသမ ၄၈ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကာ ယခုနှစ် စက်တင်ဘာလကုန်တွင် ၇၈ ဒသမ ၇၇ ရာခိုင်နှုန်းအထိ ပြီးစီးမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် အမြန်ဆောင်ရွက်ပြီးစီးစေရေး အရှိန်အဟုန်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အလားတူ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တည်ဆောက်လျက်ရှိသော အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းသည် ၆၃ ဒသမ ၉၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် ၄၈ ဒသမ ၆၈ ရာခိုင်နှုန်းသို့ လည်းကောင်း၊ အလယ်ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်းသည် ၆ ဒသမ ၁၄ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဆောင်ရွက်ပြီးစီးလျက်ရှိကာ ယခုဘဏ္ဍာနှစ်ကုန်တွင် သတ်မှတ်ရာခိုင်နှုန်းများအတိုင်း ပြီးစီးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းဧရိယာအတွင်း တမံတည်ဆောက်နေမှု၊ ရေယူအဆောက်အအုံ ဆောက်လုပ်နေမှု၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှု၊ စက်မှု၊ လျှပ်စစ်တပ်ဆင်ရေးပစ္စည်းများထားရှိသည့် သိုလှောင်ရုံဝင်း၊ ရခိုင်ရိုးရာအိမ်ပုံစံငယ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကျေးရွာများ ရွှေ့ပြောင်းနိုင်ရေး**

ထို့နောက် ပင်မတမံရေဝပ်ဧရိယာအတွင်း ကျရောက်သော ပုရစ်ကျေးရွာနှင့် ရေကောက်ကျေးရွာများ ရွှေ့ပြောင်းနိုင်ရေး ပြန်လည်နေရာချထားမည့် မြေနေရာအား အသေးစိတ်ကြည့်ရှု၍ ဒေသခံရွှေ့ပြောင်းမိသားစုများကို ရင်းရင်းနှီးနှီး တွေ့ဆုံပြီး လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ကျေးရွာများ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ သာသနိကအဆောက်အအုံများနှင့် စာသင်ကျောင်းများ ဆောက်လုပ်ပေးနိုင်ရေး စနစ်တကျ ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၂၃၀ ကေဗွီ တောင်ကုတ်(ဘာသယေ)ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံမှူးက ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကျော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားခွဲရုံ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းကျဆင်းစေရေးအတွက် ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံသုံးပစ္စည်းများအား စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၇ ရက် ညနေပိုင်းကလည်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ သံတွဲခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်/ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေး၊ ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရန်နှင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အားလျော်စွာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လေးစားလိုက်နာကြရန်၊ မိမိတို့ဒေသအား လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရန် နည်းလမ်းမျိုးစုံဖြင့် စဉ်းစား၍ စီမံဆောင်ရွက်သွားကြရန်နှင့် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်အောင် စေတနာထား၍ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က ဆိပ်ဖြူဒေသထွက် ကြက်သွန်နီများအား ဝယ်ယူဖြန့်ဖြူး

**ရန်ကုန် မေ ၉**

ပြည်တွင်းကုန်စည်စီးဆင်းမှု လျင်မြန်လွယ်ကူစေရန်နှင့် တောင်သူများ၏ အခွင့်အရေးများ မဆုံးရှုံးစေရန်အတွက် သမဝါယမကဏ္ဍမှ No Profit, No Loss အစီအစဉ်ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဒေသထွက်ကြက်သွန်နီပိဿာချိန် ၇၀၀၀ ကို ဝယ်ယူ၍ မေ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ တောင်ဥက္ကလာပ၊ သဃ်န်းကျွန်း၊ မရမ်းကုန်း၊ လှိုင်၊ တာမွေ၊ အလုံ၊ ကမာရွတ်၊ စမ်းချောင်း၊ အင်းစိန်၊ မင်္ဂလာဒုံမြို့နယ်တို့မှ သမဝါယမအသင်းသားပြည်သူများထံသို့ ကြက်သွန်နီပိဿာချိန် ၆၀၀၀ ကိုလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် သီရိစန္ဒာအထည်ချုပ်နှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းမှ စက်ရုံဝန်ထမ်းများနှင့် အသင်းသားများသို့ ကြက်သွန်နီပိဿာချိန် ၈၇၅ ပိဿာကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနဝန်ထမ်းများသို့ ကြက်သွန်နီပိဿာချိန် ၁၂၅ ပိဿာကိုလည်းကောင်း လက်ဝယ်အရောက် ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျေးလက်ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ပေါက်ခေါင်း မေ ၉**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေရရှိရေး လုပ်ငန်းများအား အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မေ ၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပေါက်ခေါင်းမြို့နယ် အတွင်းရှိ ကျေးရွာပေါင်း ၂၄၇ ရွာတွင် မြေသားရေကန်အနက် နှိုက်တူးဖော်ခြင်းလုပ်ငန်း နှစ်ခု၊ မြေသားရေကန်အသစ်တူးဖော်ခြင်း ငါးခု၊ အဝီစိတွင်း တွင်းနက်တူးဖော်ခြင်းလုပ်ငန်း နှစ်ခု၊ အဝီစိတွင်း တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်း တစ်ခု၊ ရေသန့်စင်စနစ် တစ်ခုတို့ကို စုစုပေါင်းခွင့်ပြုငွေကျပ် သန်းပေါင်း ၂၁၃ ဒသမ ၃၁ သန်း အကုန်အကျခံကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိုးမညိုမြောက် ကျေးရွာတွင် အလျား ပေ ၅၇၀၀၊ အနံ ၁၂ ပေ၊ ဒု ၉ လက်မ ကုန်ထုတ်လမ်း ဂဝံခင်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ပုဇင်ကြယ်ကျေးရွာတွင် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်က ပြောသည်။

အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဖြစ်သော ကျေးလက်ရေရရှိရေး လုပ်ငန်းများနှင့် ကုန်ထုတ်လမ်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းထိုက်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ သက်ဆိုင်ရာ ကုမ္ပဏီတာဝန်ရှိသူများနှင့် ကျေးရွာကော်မတီများက လုပ်ငန်းများဆောင်ရွက်နေမှုအား ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပညာလိုလား အမျိုးကောင်းသားတို့ မှတ်သားဖွယ်ရာ ငါးဖြာသောလက္ခဏာ

**မောင်သောမန**

> **ယနေ့ အသိပညာ၊ အတတ်ပညာ သင်ကြားကြရမည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များသည် မိမိတို့နှင့်ဆိုင်ရာ ပညာရပ်တို့ကို သင်ယူလိုချင်စိတ်၊ သင်ယူရန်ထက်သန်မှု၊ သင်ယူနိုင်မည့် ဉာဏ်ရည်ပြည့်ဝမှု၊ သင်ယူရန်အတွက် ယုံကြည်မှု၊ နေ့စဉ်ပညာသင်ကြားရန်အတွက် ကျန်းမာကြံ့ခိုင်မှုရှိရန် လိုအပ်။**

"ပညာဟူသည်၊ သက်လုံးကြည်ဖို့၊ အရှည်မြတ်လေး၊ ကိုယ်ခံဆေးဟု၊ ဆိုရေးစကား၊ ဥဒါန်းထား၏၊ မှတ်သားလိုက်နာ၊
သင်ဖွေရှာ၍၊ မကွာနေ့ည၊ ကြိုးလုံ့လလော့"

ဘုရားဖြူကျောင်းတိုက် စာချဆရာတော် ရေးဖွဲ့ထားသော ပညာသင်ကြားရေးနှင့်ပတ်သက်၍ တိုက်တွန်းနှိုးဆော်ထားသည့် လေးလုံးပိုဒ်စာချိုး ဩဝါဒစကားဖြစ်ပါသည်။ အသိအလိမ္မာ အတတ်ပညာဟူသည် အသက်ထက်ဆုံး ကာလပတ်လုံး ကြည်လင်အေးမြ ချမ်းသာစေရန်အတွက် အသိပညာ၊ အတတ်ပညာများကို သင်ကြားနာယူ မှတ်သားလိုက်နာနေရခြင်းဖြစ်သည်။ ရေရှည်ကောင်းမြတ်စေရန် ကိုယ်ခံဆေးဝါးကောင်းတစ်ခွက်နှင့်လည်း တူပါပေ၏ဟု ရှေးရှေးသောပညာရှိများကလည်း ဝမ်းမြောက်ဝမ်းသာ ထုတ်ဖော်မှတ်တမ်းတင်ခဲ့ကြသည်။ သင်ယူသည့်အခါမှာလည်း မှတ်မှတ်သားသား သင်ကြားလိုက်နာ၍ နေ့ရောညပါ အခါမလပ် အပတ်တကုတ် ကြိုးစားအားထုတ်လုံ့လပြုကြကုန်လော့ဟု ဆရာတော်က တိုက်တွန်းထားပါသည်။

**လိုရာပန်းတိုင်သို့ ရောက်နိုင်**

လောကုတ္တရာနယ်ပယ်တွင် ပညာတည်းဟူသော ဉာဏ်အလင်းပေါက်မှ မဂ်ဖိုလ်သောင်ကမ်းသို့ ကူးခပ်ရောက်ရှိနိုင်မည်ဖြစ်သည်။ လောကီနယ်ပယ်တွင် ပညာတည်းဟူသော ဉာဏ်အမြော်အမြင်ရမှသာ ဘဝတွင် အဆင့်ဆင့်တက်လှမ်း၍ လိုရာအောင်ပန်းကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ သို့သော် ထိုပညာကို လွယ်လွယ်ကူကူတော့ ရမည်မဟုတ်ပေ။ ပညာကိုရလိုလျှင် ပညာတည်းဟူသော အမြိုက်ဆေးကို တိုက်ကျွေးနိုင်ပါမှ၊ တိုက်ကျွေးသော်လည်း ယူနိုင်ပါမှ၊ ယူနိုင်သော်လည်း ယူချင်ပါမှ၊ ယူချင်သော်လည်း ဉာဏ်မီပါမှ၊ ဉာဏ်မီသော်လည်း ကျန်းမာပါမှသာ လိုရာခရီးပန်းတိုင်ကို အောင်မြင်ချောမွေ့စွာ ရောက်ရှိနိုင်မည် ဖြစ်သည်။

ပညာသင်ယူခြင်းနှင့်စပ်လျဉ်း၍ မြတ်စွာဘုရားရှင်က အင်္ဂါငါးပါးကို ဟောကြားထားသည်။ မြတ်စွာဘုရားရှင် ဟောကြားထားသော မဇ္ဈိမပဏ္ဏာသပါဠိတော် ဗောဓိရာဇကုမာရသုတ်တော်တွင် ဗောဓိမင်းသား၏ လျှောက်ထားမှုနှင့် မြတ်စွာဘုရား၏ ဖြေကြားမှုကို ဤသို့ကြားနာခဲ့ရပါသည်။

**တတ်မြောက်လိမ္မာပါ၏**

ဗောဓိမင်းသားက မြတ်စွာဘုရားအား –

"အရှင်ဘုရား မြတ်စွာဘုရားဟူသော ဆုံးမသူဆရာကိုရသော ရဟန်းသည် အဘယ်မျှလောက်ကြာမြင့်မှ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ကြသော အမျိုးကောင်းသားများ လိုလားအပ်သော အတုမရှိသော မြတ်သောအကျင့်၏ အဆုံးဖြစ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်ရပါသနည်း" ဟု လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက "မင်းသား ဤအရာ၌ သင်မင်းသားကိုသာလျှင် ပြန်၍မေးအံ့။ သင်နှစ်သက်သည့်အတိုင်း ဖြေကြားလော့။ မင်းသား ဆင်စီးအတတ်၌လည်းကောင်း၊ ချွန်းကိုင်အတတ်၌လည်းကောင်း တတ်မြောက်လိမ္မာသည် မဟုတ်လော"ဟုမေးတော်မူ၏။ မင်းသားက "တတ်မြောက်လိမ္မာပါ၏"ဟု လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားက "ဗောဓိမင်းသားသည် ဆင်စီးအတတ်ကိုလည်းကောင်း၊ ချွန်းကိုင်အတတ်ကိုလည်းကောင်း တတ်မြောက်၏။ မင်းသားထံ၌ ဆင်စီး၊ ချွန်းကိုင်အတတ်ကို သင်ယူရန် ယောကျ်ားတစ်ယောက်ရောက်လာ၏။ ထိုယောကျ်ားသည် ယုံကြည်မှု မရှိသူလည်း ဖြစ်၏။ အနာရောဂါများသူလည်း ဖြစ်၏။ ဟန်ဆောင်တတ်သူ၊ မာယာများသူလည်းဖြစ်၏။ ပျင်းရိသူလည်းဖြစ်၏။ ဉာဏ်နည်းသူလည်းဖြစ်၏။" ဟု မိန့်ကြား၏။ ဆက်လက်၍ "ထိုသဘောရှိသော ယောကျ်ားသည် သင်၏ထံ၌ ဆင်းစီးအတတ်၊ ချွန်းအတတ်ကို တတ်မြောက်အံ့လော" ဟု မေးတော်မူ၏။ မင်းသားက "အရှင်ဘုရား။ တစ်ပါးပါးသော အင်္ဂါနှင့် ပြည့်စုံသော ထိုယောကျ်ားသည် ဆင်စီးအတတ်ကိုလည်းကောင်း၊ ချွန်းအတတ်ကိုလည်းကောင်း မတတ်မြောက်ပါ။ အင်္ဂါငါးပါးစလုံးနှင့် ပြည့်စုံသော ယောကျ်ားမှာ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း" ဟု လျှောက်ထား၏။

**ငါးပါးသောအင်္ဂါနှင့်ပြည့်စုံ**

တစ်ဖန် မြတ်စွာဘုရားက "ဗောဓိမင်းသားသည် ဆင်စီးအတတ်ကိုလည်းကောင်း၊ ချွန်းကိုင်အတတ်ကိုလည်းကောင်း တတ်မြောက်၏။ မင်းသားထံ၌ ဆင်စီး၊ ချွန်းကိုင်အတတ်ကို သင်ယူရန် ယောကျ်ားတစ်ယောက် ရောက်လာ၏။ ထိုယောကျ်ားသည် မင်းသားအား ယုံကြည်မှုရှိသူလည်း ဖြစ်၏။ အနာရောဂါကင်းသူလည်း ဖြစ်၏။ ဟန်မဆောင်တတ်သူ၊ မာယာမများသူလည်း ဖြစ်၏။ ထက်သန်သောလုံ့လရှိသူလည်း ဖြစ်၏။ ဉာဏ်ရှိသူလည်းဖြစ်၏။" ဟု မိန့်ကြား၏။ "ထိုယောကျ်ားသည် သင်၏ထံ၌ ဆင်းစီးအတတ်၊ ချွန်းအတတ်ကို တတ်မြောက်အံ့လော" ဟု မေးတော်မူ၏။ မင်းသားက "အရှင်ဘုရား တစ်ပါးပါးသောအင်္ဂါနှင့် ပြည့်စုံသော ထိုယောကျ်ားသည် ဆင်စီးအတတ်ကိုလည်းကောင်း၊ ချွန်းအတတ်ကိုလည်းကောင်း တတ်မြောက်ပါ၏။ ငါးပါးသော အင်္ဂါတို့နှင့် ပြည့်စုံလျှင်ကား အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း"ဟု လျှောက်ထား၏။

မြတ်စွာဘုရားရှင်က မင်းသားအား ဤဥပမာအတိုင်းသာလျှင် ကမ္မဋ္ဌာန်းအားထုတ်သူတို့၏ ငါးပါးသောအင်္ဂါတို့ကို ဟောတော်မူသည်–

(၁) ယုံကြည်မှုရှိ၏။ (ကိုးပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသည့် မြတ်စွာဘုရား၏ ဗောဓိဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ယုံကြည်၏)

(၂) အနာကင်း၏။ ရောဂါကင်း၏။ (အညီအမျှ ကျေညက်စေသော မအေးလွန်း၊ မပူလွန်းသော၊ အလယ်အလတ်ဖြစ်သော၊ ကမ္မဋ္ဌာန်းစီးဖြန်းရန်ခံ့သော ပါစတေဇောဓာတ် ဝမ်းမီးနှင့်ပြည့်စုံ၏)

(၃) ဟန်ဆောင်ခြင်း၊ လှည့်ပတ်ခြင်းမရှိ။ (ဆရာဖြစ်သော မြတ်စွာဘုရားထံ၌လည်းကောင်း၊ ပညာရှိကုန်သော သီတင်းသုံးဖော်တို့ထံ၌လည်းကောင်း ဟုတ်မှန်သည့်အတိုင်း ပြုတတ်၏။)

(၄) ထက်သန်သော လုံ့လရှိသည်ဖြစ်၍ နေ၏။ အားစွမ်းရှိ၏။ မြဲမြံစွာ အားထုတ်မှုရှိ၏။ ကုသိုလ်တရားတို့၌ တာဝန်ကို ပစ်မချထား။

(၅) ပညာရှိ၏။ အဖြစ်အပျက်ကို သိစွမ်းနိုင်သော ပညာနှင့်ပြည့်စုံ၏။ စင်ကြယ်သော (ကိလေသာကို)ဖောက်ခွဲဖျက်ဆီးနိုင်သော ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ရောက်စေနိုင်သော ပညာနှင့်ပြည့်စုံ၏။ ဤသည်တို့ကား ကမ္မဋ္ဌာန်းစီးဖြန်းသောပုဂ္ဂိုလ်၏အကြောင်း အင်္ဂါငါးပါးတည်း။

**မျက်မှောက်ပြုရောက်နိုင်**

ထိုအင်္ဂါငါးပါးနှင့်ပြည့်စုံသော ကမ္မဋ္ဌာန်းစီးဖြန်းသူ ပုဂ္ဂိုလ်သည် မြတ်စွာဘုရားတည်းဟူသော ဆုံးမသူဆရာကို ရသည်ရှိသော် ခုနစ်နှစ်ကြာလျှင် အမျိုးကောင်းသားများ လိုလားအပ်သော အရဟတ္တဖိုလ်အကျိုးကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ရောက်နိုင်ပေသည်။ ထိုအင်္ဂါငါးပါးနှင့် အမှန်တကယ် မပြတ်အားထုတ်ပါလျှင် ခုနစ်နှစ်သာမဟုတ်၊ ခုနစ်လသာမဟုတ်၊ ခုနစ်ရက်သာမဟုတ်၊ တစ်ရက်သာမဟုတ် အင်္ဂါငါးပါးနှင့်ပြည့်စုံသူသည် မြတ်စွာဘုရားတည်းဟူသော ဆုံးမသူဆရာကို ရသည်ရှိသော် ညချမ်းအခါ ဆုံးမမူ နံနက်အခါ၌ တရားထူးကို ရပေလိမ့်မည်။ နံနက်အခါ၌ ဆုံးမမူ ညချမ်းအခါ၌ တရားထူးကို ရပေလိမ့်မည်ဟု မြတ်စွာဘုရားရှင်က မိန့်တော်မူထားပေသည်။

ဤဗောဓိမင်းသားအား မြတ်စွာဘုရားဟောကြားသကဲ့သို့ပင်။ အသိပညာ၊ အတတ်ပညာတို့ကို သင်ယူကြမည့်သူများသည် လိုချင်စိတ်၊ သင်ယူချင်စိတ်လည်းမရှိ။ သင်ယူရန်အတွက် ယုံကြည်မှုလည်းမရှိ။ သင်ယူရန်အတွက် ရိုးသားဖြောင့်မတ်ခြင်းလည်းမရှိ။ သင်ယူရန်အတွက် ဉာဏ်ရည်လည်းမမီ။ သင်ယူရန်အတွက် ပတ်ဝန်းကျင်တွင် သဟဇာတရှိသည့်ဥတု၊ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်မှု ဤငါးခုနှင့် မပြည့်စုံပါက မည်သို့မျှ သင်ပေး၍လည်းမရ၊ မည်သို့မျှလည်း သင်ယူ၍မရဘဲ လိုရာခရီးပန်းတိုင်သို့ ရောက်မည်မဟုတ်ပေ။ **ယနေ့အသိပညာ၊ အတတ်ပညာ သင်ကြားကြရမည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များသည် မိမိတို့နှင့်ဆိုင်ရာ ပညာရပ်တို့ကို သင်ယူလိုချင်စိတ်၊ သင်ယူရန်ထက်သန်မှု၊ သင်ယူနိုင်မည့် ဉာဏ်ရည်ပြည့်ဝမှု၊ သင်ယူရန်အတွက် ယုံကြည်မှု၊ နေ့စဉ်ပညာသင်ကြားရန်အတွက် ကျန်းမာကြံ့ခိုင်မှုရှိရန် လိုအပ်ပေသည်။**

**မိမိတို့အကျိုးစီးပွားအတွက်**

ဤငါးချက်နှင့်ပြည့်စုံမှသာ အသိပညာ၊ အတတ်ပညာများကို ထူးချွန်စွာတတ်မြောက်နိုင်ပြီး လိုရာခရီးပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များသည် အသိပညာ၊ အတတ်ပညာတို့ကို သင်ကြားသင်ယူကြရမည့် အရွယ်ဘဝဖြစ်သည်။ အသိအလိမ္မာ အတတ်ပညာဟူသည် စာချဆရာတော်မိန့်ကြားသကဲ့သို့ပင် ငယ်ရွယ်စဉ်အချိန်အခါသာမက အသက်ထက်ဆုံး၊ ကာလပတ်လုံး မိမိတို့ဘဝ ကြည်လင်အေးမြ ချမ်းသာစေရန်အတွက် အသိပညာ၊ အတတ်ပညာတို့ကို သင်ကြားနာယူ လိုက်နာမှတ်သားနေကြရမည်ဖြစ်သည်။ မိမိတို့ဘဝများ ရေရှည်ကောင်းမွန်စေရန်အတွက် ဖြစ်သည်။ သင်ကြားပေးရန်စီစဉ်သူတို့ ကောင်းမွန်ရန်အတွက်မဟုတ်ပေ။ ကိုယ်ခံဆေးဝါးကောင်းကဲ့သို့ဖြစ်၏။ ဘဝဖွံ့ဖြိုးရေးအတွက် ကိုယ်ပိုင်ဝမ်းစာ ရှာဖွေကြခြင်းဖြစ်သည်။ မိမိတို့ အကျိုးစီးပွားအတွက်သာဖြစ်သည်။

နိဂုံးအနေဖြင့် စာချဆရာတော်ကြီး၏ ဩဝါဒကို ထပ်မံမျှဝေလိုပါသည်။

"လုံ့လ ဉာဏ်ကင်း အပျင်းမိုက်ထူ၊ ပညာသင်ရေး အလေးမမူ။
ယှဉ်လာ အောက်ကျ နောက်မှ စိတ်ပူ၊ လူဘဝ အရမတော်သူ။"

ဤလောက၌ လုံ့လဝီရိယ မရှိသူ၊ အသိဉာဏ်ကင်းသူ၊ ပျင်းရိသူ၊ မိုက်မဲသူ၊ ပညာသင်ယူရာ၌ အလေးဂရုမပြုသူ ဤပုဂ္ဂိုလ်လေးယောက်၊ လေးမျိုးတို့သည် ယှဉ်ပြိုင်သောအခါ ရှုံးနိမ့်ကြ၍ စိတ်သောကများရောက်ပြီး လူ့ဘဝကိုပင် ရပင်ရငြားသော်လည်း လူ၏တန်ဖိုးကို မရသကဲ့သို့ ဖြစ်နေလိမ့်မည်တည်း။ ထို့ကြောင့် မြတ်စွာဘုရားရှင် ဗောဓိမင်းသားအား ဟောကြားထားသကဲ့သို့ ပညာလိုလား အမျိုးကောင်းသားတို့ မှတ်သားဖွယ်ရာ ငါးဖြာသောလက္ခဏာတို့ကို ရရှိအောင် ကြိုးပမ်းအားထုတ်စေလိုပါကြောင်း။ ။

> **ဤလောက၌ လုံ့လဝီရိယ မရှိသူ၊ အသိဉာဏ်ကင်းသူ၊ ပျင်းရိသူ၊ မိုက်မဲသူ၊ ပညာသင်ယူရာ၌ အလေးဂရုမပြုသူ ဤပုဂ္ဂိုလ်လေးယောက်၊ လေးမျိုးတို့သည် ယှဉ်ပြိုင်သောအခါ ရှုံးနိမ့်ကြ၍ စိတ်သောကများရောက်ပြီး လူ့ဘဝကိုပင် ရပင်ရငြားသော်လည်း လူ၏တန်ဖိုးကို မရသကဲ့သို့ ဖြစ်နေလိမ့်မည်တည်း။ ထို့ကြောင့် မြတ်စွာဘုရားရှင် ဗောဓိမင်းသားအား ဟောကြားထားသကဲ့သို့ ပညာလိုလား အမျိုးကောင်းသားတို့ မှတ်သားဖွယ်ရာ ငါးဖြာသောလက္ခဏာတို့ကို ရရှိအောင် ကြိုးပမ်းအားထုတ်စေလို။**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် နေပြည်တော် ဇေယျာသီရိမြို့နယ် တိရစ္ဆာန်ဥယျာဉ်၊ ရွှေကျပျိုးဥယျာဉ်နှင့် သစ်တောသုတေသနဌာနရှိ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၉**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်သည် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ဦးမြင့်စိုးတို့နှင့်အတူ ယနေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ တိရစ္ဆာန်ဥယျာဉ်၊ ရွှေကျပျိုးဥယျာဉ်နှင့် သစ်တောသုတေသနဌာနရှိ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



**ဆွေးနွေးတင်ပြ**

ရှေးဦးစွာ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့အား ဇေယျာသီရိမြို့နယ် တိရစ္ဆာန်ဥယျာဉ် ရှင်းလင်းဆောင်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန တိရစ္ဆာန်ဥယျာဉ်များဌာန ညွှန်ကြားရေးမှူး ဦးပြည့်စုံမျိုးက တိရစ္ဆာန်ဥယျာဉ်များဌာန၏ သမိုင်းကြောင်း၊ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် နက္ခတ်တာရာပြခန်းများ တည်ဆောက်ထားရှိမှု၊ တိရစ္ဆာန်အမျိုးအစားများ ပြသထားရှိမှုနှင့် ဝန်ကြီးဌာနမှ ထူးကုမ္ပဏီများ အုပ်စုသို့ ငှားရမ်းလုပ်ကိုင်ခွင့် ပြုထားရှိမှုနှင့် လက်ရှိလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ နေပြည်တော် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာဝန်ခံ ဒေါက်တာသန်းဇော်က နေပြည်တော်အတွင်း ဟိုတယ်နှင့် ခရီးသွားလာမှုများ၊ ခရီးသွားဧည့်သည်ဝင်ရောက်မှုနှင့် ခရီးသွားကဏ္ဍမှ ဝင်ငွေရရှိမှု၊ ခရီးသွားပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဝန်ဆောင်မှုပေးသည့် အခြေအနေ၊ နေပြည်တော်အတွင်းရှိ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေမှု၊ ခရီးစဉ်ဒေသများ အဆင့်မြင့်တင်နိုင်ရေးနှင့် ခရီးသွားပြည်သူများ လာရောက်အပန်းဖြေ လည်ပတ်နိုင်စေရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အခြားနိုင်ငံများရှိ တိရစ္ဆာန်ဥယျာဉ်များနှင့် နှိုင်းယှဉ်၍ မိမိနိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်များ ပိုမိုတိုးတက်စေရေး၊ ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်စေရေးအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရန် စသည့် လိုအပ်သည်များကို မှာကြားခဲ့ပြီး တိရစ္ဆာန်ဥယျာဉ်နှင့် နက္ခတ်တာရာ ပြခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ် ရွှေကျကျေးရွာရှိ နေပြည်တော်သစ်တောဦးစီးဌာန ပျိုးဥယျာဉ်သို့ ကွင်းဆင်းကြည့်ရှုရာ နေပြည်တော် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမော်က ပျိုးပင်များ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပျိုးဥယျာဉ်အတွင်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇေယျာသီရိမြို့နယ်ရှိ သစ်တောသုတေသနဌာန အစည်းအဝေးခန်းမတွင် သစ်တောသုတေသနဌာန ညွှန်ကြားရေးမှူး ဦးတင်သန်းမျိုးက ဌာန၏သမိုင်းကြောင်း၊ မျှော်မှန်းချက်၊ ရည်ရွယ်ချက်များ၊ ဖွဲ့စည်းပုံများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သုတေသန ပြုလုပ်ထားရှိမှုကို လက်တွေ့ အသုံးချနိုင်စေရေး၊ အရည်အသွေး ကောင်းမွန်သောထွက်ကုန်များ ထွက်ရှိစေရေး လိုအပ်ချက်များ မှာကြားခဲ့ပြီး သစ်တော သုတေသနဌာန ဆေးဖက်ဝင်ဥယျာဉ်ရှိ သုတေသနလုပ်ငန်းနှင့် ရေအသုံးချရေးဌာနခွဲ၏ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အေးလင်းထွန်း

(ဇေယျာပြန်/ဆက်)

# စာသင်ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက်

**ခမောက်ကြီး မေ ၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းနှင့်ဝန်းကျင် သန့်ရှင်းရေးများကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။



ထိုသို့ပြုလုပ်ရာတွင် အထက ခမောက်ကြီးကျောင်းရှိ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ အဆင်ပြေလုံခြုံမှုရှိစေရေးအတွက် ကျောင်းသန့်ရှင်းရေးများပြုလုပ်ခြင်း၊ စာသင်ခန်းအတွင်းနှင့် လူသွားလမ်းများအား ပိုးသတ်ဆေးဖျန်းခြင်း၊ စာသင်ခန်းများ ပြင်ဆင်ခြင်းများကို အလေးထား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မေ ၉**

ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## သာယာပေ့တောင်း တို့ရွာကျောင်း

(အိုင်ချင်း)

❍ ချစ်တဲ့သူငယ်လေး၊
ဆွေဖော်တစ်သင်း၊ သူငယ်ချင်းတို့ရေ။

❍ မိုးဦးလေဦး၊ မုတ်သုံမြူးတဲ့
ကြည်နူးဖွယ်ရာ၊
ပျော်ဖို့ကောင်းတဲ့၊ ကျောင်းတော်မှာ
သာသောင့်သာယာ ရှိလှတယ်။

❍ သာယာပေ့တောင်း၊ တို့ရွာကျောင်းက
ခေါင်းလောင်းသံနှင့်၊ အောင်လံလွှင့်လို့
ကျောင်းဖွင့်ပြီတဲ့ ဖော်ချင်းရေ။

❍ ကျောင်းနေအရွယ်၊ မျိုးဆက်နွယ်တို့
လွယ်လင့်တကူ၊ သင်ယူနိုင်ရေး။
လူတိုင်းနှလုံးဘဝင်၊ လူတိုင်းပြုံးရွှင်စေမယ့်
လူတိုင်းအကျုံးဝင် ပညာရေး။
အဆင့်အတန်းမြင့်တဲ့
အခွင့်အလမ်းပွင့် ပညာရေး။
(ကျောင်းဝင်ကြေး၊
မိဘဆရာအသင်းကြေး၊
အားကစားကြေး၊
ကျောင်းလခကြေး)
ကြေးဟူသမျှ၊ မပေးရတဲ့
အခမဲ့ပညာရေး။
နိုင်ငံတော်က၊ ကျခံပေးလို့
စိတ်အေးချမ်းသာ၊ ပျော်ရွှင်စွာ
ပညာသင်ခွင့်ရနေပြီ။

❍ ငယ်စဉ်အခါ၊ ပညာရှာလို့
ပညာရဲရင့်၊ ပွဲလယ်တင့်ဖို့
အခွင့်လည်းသာ၊ အခါလည်းကောင်း။
ပညာသင်ယူရာ၊ စာသင်ကျောင်းက
ခေါင်းလောင်းသံတွေ လွင်နေပြီ။

❍ အလိုလေ့အိုင်၊
အခွင့်သာခိုက်၊ အခွင့်သာဆုံး
အခွင့်သာတုန်း၊ အခွင့်သာဆဲ
ပညာပန်းခိုင်၊ အပိုင်ခဲဖို့
အောင်ပွဲအောင်လံ၊ အောင်ပန်းပန်ကာ
အောင်သံရင့်ကျူး၊
အခါသင့်တဲ့၊ အခွင့်ထူးမို့
သူ့ထက်ငါ အရင်ဦးအောင်
ဆွတ်ခူးဖို့ပြိုင်လေ။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့

**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ခြင်းအခမ်းအနားကို မေ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ခိုင်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် မသန်စွမ်းပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားတွင် မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း အစီအစဉ်ပါဝင်သည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသည့်အခြေအနေများကို အနည်းငယ်ဖြည့်စွက်ရှင်းလင်းတင်ပြလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအား အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံတကာစံနှုန်းများကို ပြည့်မီစေနိုင်ရန် မသန်စွမ်းသူများအတွက် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကို ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဥပဒေနှင့်အညီ နည်းဥပဒေများ (၂၀၁၇)ကို ရေးဆွဲချမှတ်ခဲ့ပါကြောင်း၊ ယင်းဥပဒေ၊ နည်းဥပဒေများကို ထိထိရောက်ရောက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီများအပြင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ကော်မတီတို့ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းကော်မတီများတွင် ဆက်စပ်ဝန်ကြီးဌာနများအပြင် မသန်စွမ်းမှုဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်း ပါဝင်ဖွဲ့စည်းထားပါကြောင်း၊ မသန်စွမ်းသူများ ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်း၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများက ဖွင့်လှစ်သည့်သင်တန်းများ၊ အများပြည်သူအတွက် ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများရရှိခံစားနိုင်ရေးအတွက် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစနစ်တစ်ရပ်ပေါ်ထွက်လာစေရေးအတွက် ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ INGO၊ NGO များ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်တို့က အမှာစကားပြောကြားခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေကျပ် ၇၉၄ ဒသမ ၁၉၉ သန်း၊ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အို ၃၁၇၀၉ ဦးအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၉၅၁ ဒသမ ၂၇၀ သန်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းသူ ၈၇ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၆ ဒသမ ၁၀ သိန်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း မေ ၆ ရက် မွန်းလွဲပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ် ၂၂၄ ဒသမ ၆၁၅ သိန်း စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၇၇၀ ဒသမ ၅၄၀ သိန်းကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင်များက ခရိုင်အလိုက် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များထံ အဆိုပါ ထောက်ပံ့ငွေများကို ဆက်လက်ထောက်ပံ့ပေးအပ်ကြသည်။




ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတို့သည် လူမှုရေးပင်စင်ထောက်ပံ့ငွေများကို တက်ရောက်လာသည့် အသက်(၈၅) နှစ်နှင့်အထက် ဘိုးဘွားများနှင့် မသန်စွမ်းပုဂ္ဂိုလ်များထံ လက်ဝယ်အရောက် ဆက်လက်ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကိုယ်စား ဂေဟာကော်မတီဥက္ကဋ္ဌတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ပါရမီလမ်းဒေါင့်ရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာန ရန်ကုန်ပြန်လည်ထူထောင်ရေးစခန်းတွင် Drug Rehabilitation Center တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သိရှိလိုသည်များ မေးမြန်းကာ လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ပြောကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး၌ ကျင်းပသည့် ရန်ကုန်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်း လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ ၄က်အော်စမ်းလူငယ်သင်တန်းကျောင်းသို့ ရောက်ရှိခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းအတွင်း သင်တန်းသားများနေထိုင်မှု၊ စာပေလေ့လာသင်ကြားနေမှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်သည့် ဆိုင်ကယ်ပြင်သင်တန်း၊ တံမြက်စည်းရက်လုပ်မှုသင်တန်း၊ ဆံသသင်တန်းများ သင်ကြားနေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ဖူးမြော်ကြည်ညို**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တွံ့တေးမြို့ရှိ မင်္ဂလာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာကျောင်းတိုက်ရှိ ဆရာတော် ဦးပညာနန္ဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အဆိုပါ မင်္ဂလာလူငယ်ဖွံ့ဖြိုး ရေးပရဟိတဂေဟာအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၅၆၀ ဒသမ ၇၃ သိန်းကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်ဦးပညာနန္ဒထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရှေ့တန်းရောက် တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၉**

နိုင်ငံတော် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေသော ရှေ့တန်းရောက် တပ်မတော်သားများအတွက် မန္တလေးမြို့ပေါ်ရှိ စေတနာရှင်အလှူရှင်များ၊ ပြည်သူများနှင့် အသင်းအဖွဲ့များက ယနေ့မွန်းလွဲပိုင်းတွင် ချီးမြှင့်ငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်ကြီးအောင်ဧည့်ရိပ်သာ၌ လာရောက်ပေးအပ်လှူဒါန်းကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုချီးမြှင့်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၀၅၀ နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။


သတင်းစဉ်



**တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။**

# ကမ္ဘာဦးကျောက်ခေတ်က အရိုင်းအစိုင်းတွေလို အသိဉာဏ်နည်းဘဝ ပြန်ရောက်သွားကြပြီလား....

**မေ**



**နှစ်ဆယ်ရာစုနှောင်းပိုင်းကစပြီး ပညာခေတ်ဆိုတဲ့စကားက တွင်ကျယ်လာခဲ့တာ ဖြစ်ပါတယ်။ နည်းပညာတွေ တစ်ဟုန်ထိုး မြင့်မားလာတယ်၊ ကိုယ်သိချင်၊ တီထွင်ချင်တဲ့အရာတွေ၊ ဖန်တီးတင်ဆက်ချင်တာတွေကို အင်တာနက်ကနေ ရှာဖွေကြတယ်။ ဖန်တီးပုံဖော်နိုင်ကြပါတယ်။ ဒစ်ဂျစ်တယ်ခေတ်ဖြစ်တာကြောင့် အချိန်နဲ့အကွာအဝေးဆိုတာ လူငယ်တွေကြားမှာ ပျောက်ကွယ်လုနီးပါးဖြစ်လာပြီး အားလုံးတစ်စုတစ်စည်းတည်း ဖြစ်လာနိုင်ပါတယ်။ ပညာခေတ်ဆိုတာထက် အတတ်ပညာခေတ်လို့ပြောရင် ပိုမှန်တဲ့ လက်ရှိအခြေအနေမှာ လူသားအများစုဟာ အသိဉာဏ်နဲ့ ဆင်ခြင်တုံတရား၊ ကိုယ်ချင်းစာမှုနဲ့ ကျင့်ဝတ်ဆိုတာတွေကိုတော့ ဥပေက္ခာပြုလာကြတယ်လို့ စွပ်စွဲပါရစေ။ အသိဉာဏ်တွေဟာ ကမ္ဘာဦးကျောက်ခေတ်က အရိုင်းအစိုင်းတွေလို နည်းပါးနေပြီး အင်အားကိုပဲ အသုံးချလိုစိတ်တွေ အားကောင်းလာနေ။**

အကြမ်းဖက်လုပ်ရပ်တွေကို လုပ်ဆောင်ပြီး သူ့ရဲကောင်းတွေအဖြစ် ဂုဏ်ယူနေကြတဲ့ လူငယ်တွေကို တစ်ခုလောက်မေးပါရစေ။ ကိုယ်ပစ်လိုက်တဲ့ မီးပုလင်း၊ ကိုယ်စမ်းသပ် ဖောက်ခွဲလိုက်တဲ့ လက်လုပ်မိုင်းတစ်ခုဟာ ကိုယ့်မိသားစုဝင်တွေကို ထိခိုက်မိပြီး သွေးစွန်းခဲ့ရပြီဆိုရင် အဲဒါ သူ့ရဲကောင်းတွေရဲ့လုပ်ရပ်လို့ ဂုဏ်ယူဝံ့ကြွားနိုင်ပါ့မလား။ ထိခိုက်မိသူတွေဟာ ပြည်သူထဲက ပြည်သူတွေပဲမို့ ဘာကြောင့်များ ပြည်သူထိခိုက်မယ့်လမ်းစဉ် အမှားကို လုပ်ဆောင်နေကြရသလဲဆိုတာကို မေးခွန်းထုတ်လိုပါတယ်။

**ယခုရက်ပိုင်း သတင်းစာထဲမှာ ခပ်စိပ်စိပ် မြင်တွေ့လာရတာက အကြမ်းဖက်မှုတွေ လုပ်ဆောင်ဖို့ လက်နက်၊ ပစ္စည်းတွေ ဖမ်းဆီးရမိတာ၊ မီးပုလင်း ပစ်တာ၊ မိုင်းခွဲတာစတဲ့ သတင်းတွေပဲဖြစ်ပါတယ်။ ဖမ်းဆီးရမိတဲ့သူတွေကိုကြည့်လိုက်ရင် အသက် ၂၀ ကျော်ကနေ ၄၀ ကြား လူငယ်လူရွယ်တွေ အများဆုံးဖြစ်ပါတယ်။ သူတို့ရဲ့ အစွမ်းအစနဲ့ သတ္တိဗျတ္တိတွေကို ပြည်သူတွေအတိဒုက္ခရောက်စေဖို့ တလွဲအသုံးချကြတဲ့ လူငယ်တွေဖြစ်နေပါပြီ။ အကြမ်းဖက်ခြင်းဆိုတာကို အလွယ်တကူ မင်းမဲ့စရိုက်ဆန်ဆန် ကျူးလွန်နေကြသရွေ့ နိုင်ငံတိုးတက်ဖို့ဝေးစွ ပြည်သူတွေ မျက်ရည်တွေအကြား အထိတ်ထိတ်အလန့်လန့်နဲ့ ဖြတ်သန်းနေကြရတာကို ဘာကြောင့်များ မသိကျိုးကျွန်ပြုရက်ကြပါသလဲလို့ မေးခွန်းထုတ်လိုပါတယ်။**

## ပြည်သူတွေဟာ အကြမ်းဖက်မှုတွေကို စက်ဆုပ်နေ

လက်ပစ်ဗုံးတွေ၊ လက်လုပ်ဗုံးတွေ၊ လက်လုပ်မိုင်းတွေဟာ လူကို ထိခိုက်ဒဏ်ရာရစေတဲ့ အန္တရာယ်ရှိတဲ့အရာတွေ ဖြစ်ပါတယ်။ ဒါတွေကို ပြည်တွင်းမှာ အတွေ့အကြုံမရှိတဲ့ လူငယ်တွေ စမ်းသပ်ကြတယ်။ ပစ်ဖောက်ကြတယ်။ အဲဒီအတွက် လိုအပ်တဲ့အထောက်အပံ့တွေကို အာဏာလိုချင်တဲ့ လောဘသားတွေက နောက်ကွယ်ကနေ မြှောက်ပေးကြ၊ ထောက်ပံ့ပေးကြပုံ ရပါတယ်။ အမှိုက်ပုံမှာ ဗုံးပေါက်ကွဲတယ်၊ ဘဏ်ရှေ့မှာ ပေါက်ကွဲတယ်၊ ရုံးဌာနတွေရှေ့မှာ ပေါက်ကွဲတယ်၊ ထိခိုက်ဒဏ်ရာရတာရှိသလို အန္တရာယ်မဖြစ်တာတွေလည်း ရှိတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အသေချာဆုံးကတော့ ပြည်သူတွေ အေးအေးချမ်းချမ်း မနေရတော့တာပါပဲ။ ကိုယ်သွားလာမယ့် ခရီးလမ်းတွေမှာ ဘယ်အချိန်များ ပေါက်ကွဲပျက်စီးမှုကြုံမလဲ ပူပန်နေကြရတဲ့ ပြည်သူတွေဟာ အကြမ်းဖက်မှုတွေကို စက်ဆုပ်နေကြပါပြီ။

**နှစ်ဆယ်ရာစုနှောင်းပိုင်းကစပြီး ပညာခေတ်ဆိုတဲ့စကားက တွင်ကျယ်လာခဲ့တာ ဖြစ်ပါတယ်။ နည်းပညာတွေ တစ်ဟုန်ထိုးမြင့်မားလာတယ်၊ ကိုယ်သိချင်၊ တီထွင်ချင်တဲ့ အရာတွေ၊ ဖန်တီးတင်ဆက်ချင်တာတွေကို အင်တာနက်ကနေ ရှာဖွေကြတယ်။ ဖန်တီးပုံဖော်နိုင်ကြပါတယ်။ ဒစ်ဂျစ်တယ်ခေတ်ဖြစ်တာကြောင့် အချိန်နဲ့အကွာအဝေးဆိုတာ လူငယ်တွေကြားမှာ ပျောက်ကွယ်လုနီးပါးဖြစ်လာပြီး အားလုံးတစ်စုတစ်စည်းတည်း ဖြစ်လာနိုင်ပါတယ်။ ပညာခေတ်ဆိုတာထက် အတတ်ပညာခေတ်လို့ပြောရင် ပိုမှန်တဲ့ လက်ရှိအခြေအနေမှာ လူသားအများစုဟာ အသိဉာဏ်နဲ့ ဆင်ခြင်တုံတရား၊ ကိုယ်ချင်းစာမှုနဲ့ ကျင့်ဝတ်ဆိုတာတွေကိုတော့ ဥပေက္ခာပြုလာကြတယ်လို့ စွပ်စွဲပါရစေ။ အသိဉာဏ်တွေဟာ ကမ္ဘာဦးကျောက်ခေတ်က အရိုင်းအစိုင်းတွေလို နည်းပါးနေပြီး အင်အားကိုပဲ အသုံးချလိုစိတ်တွေ အားကောင်းလာနေပါတယ်။**

## လူသားစွမ်းရည်တွေကို ဆွဲချလိုက်သလိုဖြစ်

ဒါကလည်း အတုမြင်အတတ်သင် ဆိုတဲ့အတိုင်း ကမ္ဘာ့အရပ်ရပ်က ရက်စက်ကြမ်းကြုတ်မှုတွေဟာ ရုပ်သံလိုင်းတွေမှာ မမြင်တွေ့ချင်မှအဆုံး မြင်လာရတာ၊ ရုပ်ရှင်တွေမှာဆိုရင်လည်း ခေတ်လွန်ယုတ္တိဗေဒမကျတဲ့ ဇာတ်ဝင်ခန်းတွေ၊ လူငယ်တွေ ဆော့ကစားတဲ့ဂိမ်းတွေမှာလည်း လူသတ်၊ တိုက်ခိုက်၊ ဖျက်ဆီးနေတဲ့ဂိမ်းတွေကို မမြင်ချင်မကြားချင်မှ အဆုံးပါပဲ။ ရုပ်ဝတ္ထုတွေနောက်ကို လိုက်ပါရင်းကနေ လူတွေရဲ့ ယဉ်ကျေးမှုတွေ ခေါင်းပါးလာရတာဟာ စဉ်းစားဆင်ခြင်နိုင်တဲ့ လူသားစွမ်းရည်တွေကို ဆွဲချလိုက်သလို ဖြစ်လာနေပါပြီ။

သံဃာတော်တွေကို အလေးအမြတ်မထားနိုင်ကြတဲ့ လူငယ်တွေ၊ မိဘတွေကို ရှာဖွေကျွေးမွေးပြုစုဖို့ဆိုတာ အပိုလို့ သတ်မှတ်လာကြတဲ့လူငယ်တွေ၊ ဆရာသမားတွေကို စော်ကားပြစ်တင် ရိုင်းစိုင်းတတ်ကြတဲ့လူငယ်တွေကို မြင်ထားတွေ့ထားရတာမို့ ယခု အကြမ်းဖက်မှုဖြစ်စဉ်တွေကို လူငယ်တွေ လွယ်လွယ်ကူကူလုပ်လာတဲ့အပေါ် မအံ့ဩမိတော့ပါဘူး။ နိုင်ငံရေးအာသီသ၊ နိုင်ငံရေးအသိအမြင် (Political Will) ကို နက်နက်ရှိုင်းရှိုင်း သိမြင်နိုင်မှုအားနည်းပြီး မုန့်လေပွေလို အပေါ်ယံပြန့်ကျယ် ကြွပ်ဆတ်ဆတ်နိုင်လှတဲ့ သိမြင်မှုပုံစံနဲ့ အကြမ်းဖက်မှုတွေကို ဖန်တီးနေကြတယ်လို့ပဲ ထင်မြင်မိပါတယ်။

အကြမ်းဖက်လုပ်ရပ်တွေကို ပျော်ပျော်ကြီး လုပ်ကြ၊ ပစ်ကြ၊ ခတ်ကြပြီးတဲ့အခါ သတင်းစာတွေမှာ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ သတင်းထုတ်ပြန်ချက်တွေမှာ ပါလာပြီဆိုရင် ဆုကြေးရတယ်ဆိုတဲ့ သတင်းစကားကို လူငယ်တွေရဲ့ ဂျန်–ဇီ ကွန်ရက်တွေမှာ ပျံ့နှံ့နေတာကိုလည်း မြင်တွေ့ရပါတယ်။ လက်လုပ်မိုင်းတစ်လုံးခွဲနိုင်ရင် ဘယ်နှသိန်း၊ ပြည်သူ့ဝန်ထမ်းတွေထိရင် ဘယ်နှသိန်း၊ အဆောက်အအုံပျက်စီးရင် ဘယ်နှသိန်း စသည်ဖြင့်တောင် ရှိတယ်ဆိုပြီး ပြောဆိုသံတွေကိုလည်း ကြားသိနေရတာပါ။ ဒါဟာ လေလှိုင်းပေါ်က စိတ်ကူးယဉ်အစိုးရရဲ့ စနက်၊ နောက်ကွယ်ကနေ နိုင်ငံရေးအမြတ်ထုတ်လိုသူတွေရဲ့စနက်ဆိုတာ အသေအချာပါပဲ။ လူကြီးလူကောင်းဆန်တဲ့ နိုင်ငံရေးသမားတွေရဲ့ လုပ်ရပ်လားဆိုတာကို ပြည်သူက မေးခွန်းထုတ်ကြည့်ဖို့ လိုအပ်နေပြီလို့ ဆိုချင်ပါတယ်။

စာရေးသူတို့ငယ်စဉ်က ကျောင်းတော်ကြီးမှာ နံနက်ကျောင်းတက်ချိန်တိုင်း နိုင်ငံတော်အလံကို အလေးပြုကြရပါတယ်။ ပြီးတာနဲ့ ဆောင်ပုဒ်ကလေး တစ်ခုကို ရွတ်ဆိုကြရတာပါ။

**"မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်။**

**မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်။**

**မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်။**

**မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်" တဲ့။**

## ဆယ်စုနှစ် နှစ်ခုတောင်မကတော့

မေလဆန်းပိုင်းက မတွေ့ဖြစ်တာ ဆယ်စုနှစ် နှစ်ခုတောင်မကတော့တဲ့ ငယ်သူငယ်ချင်း အတန်းဖော်တစ်ဦးရဲ့ အမည်နာမကို သတင်းစာမျက်နှာမှာ တွေ့မြင်မိတယ်။ လက်လုပ်မိုင်းတွေ၊ လက်နက်တွေ၊ ဖောက်ခွဲဖျက်ဆီးရေးအတွက် အသုံးပြုမယ့် အရာတွေနဲ့အတူ ဖမ်းမိတာပါ။ ငယ်ငယ်က ကျောင်းမှာ နှစ်ပေါင်းများစွာ အတူတူရွတ်ဆိုခဲ့တဲ့ ကဗျာလေးကိုများ သတိမမူမိတာလားဟု မချိတင်ကဲ ဖြစ်ရပါတယ်။

ငယ်စဉ်က ကျောင်းတော်ကြီးမှာ ပြည်သူ့နီတိ (Civics)၊ ကိုယ်ကျင့်တရား (Morals and Manners) စတာတွေကို အတန်းပညာတွေနဲ့အတူတွဲပြီး ဆရာ ဆရာမတွေက သင်ကြားပြသပေးခဲ့ကြတယ်။ မိမိတို့သူငယ်ချင်းတွေအားလုံး ကျောင်းတော်ကြီး သန့်ရှင်းသာယာအောင် ပျော်ပျော်ရွှင်ရွှင် ရိုင်းရိုင်းပင်းပင်း ချစ်ချစ်ခင်ခင်နဲ့ ဆောင်ရွက်ခဲ့ကြဖူးတယ်။ မိခင်ကျောင်းတော် (Alma Mater) ဆိုတဲ့ မိခင်ကျောင်းတော်ကြီးကို ချစ်တဲ့စိတ်၊ ထိုကနေ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာတရား၊ မိမိယဉ်ကျေးမှုနဲ့ မိမိပြည်သူတွေကို ချစ်တဲ့စိတ်တွေ ပေါ်ပေါက်လာရမှာမဟုတ်ပါလား။

လူငယ်တွေအားလုံး ကိုယ်ချင်းစာတရားနဲ့ ယှဉ်တဲ့ လူသားကရုဏာစိတ်ကို ဖန်တီးရင်း တစ်ဖက်မှာ အတတ်ပညာတွေကို ပြည့်ဝအောင် ဖြည့်ဆည်းရင်းကနေ အထက်တန်းကျတဲ့ နိုင်ငံသားကောင်း အပြုအမူ၊ လူကြီးလူကောင်းဆန်တဲ့ အပြုအမူတွေကို လေ့ကျင့်ပျိုးထောင်ပြီး နိုင်ငံ အကျိုးပျက်စီးစေမယ့် အကြမ်းဖက်တဲ့လုပ်ရပ်တွေကို ရပ်တန်းကရပ်စေလိုလှပါပြီဟုသာ...။ ။

**ငယ်စဉ်က ကျောင်းတော်ကြီးမှာ ပြည်သူ့နီတိ (Civics)၊ ကိုယ်ကျင့်တရား (Morals and Manners) စတာတွေကို အတန်းပညာတွေနဲ့အတူတွဲပြီး ဆရာ ဆရာမတွေက သင်ကြားပြသပေးခဲ့ကြတယ်။ မိမိတို့သူငယ်ချင်းတွေအားလုံး ကျောင်းတော်ကြီး သန့်ရှင်းသာယာအောင် ပျော်ပျော်ရွှင်ရွှင် ရိုင်းရိုင်းပင်းပင်း ချစ်ချစ်ခင်ခင်နဲ့ ဆောင်ရွက်ခဲ့ကြဖူးတယ်။ မိခင်ကျောင်းတော် (Alma Mater) ဆိုတဲ့ မိခင်ကျောင်းတော်ကြီးကို ချစ်တဲ့စိတ်၊ ထိုကနေ မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာတရား၊ မိမိယဉ်ကျေးမှုနဲ့ မိမိပြည်သူတွေကို ချစ်တဲ့စိတ်တွေ ပေါ်ပေါက်လာရမှာမဟုတ်ပါလား။**

# နိုင်ငံသားတာဝန်၊ နိုင်ငံ့ဝန်ထမ်းတာဝန် ကျေပွန်ကြပါစို့

**သက်ထားဆွေ**

နိုင်ငံသားဆိုသည်မှာ......

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၃၄၅ အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများ၊ မြန်မာနိုင်ငံသားဥပဒေ (၁၉၈၂ ခုနှစ်) အရ နိုင်ငံသားဖြစ်သူများအားလုံး အကျုံးဝင်သည်မှတ်ယူကာ “နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန်တာဝန်ရှိကြပါသည်။”၊ “ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးသည်လည်း နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပါသည်။” သို့ဖြစ်၍ နိုင်ငံသားတိုင်းသည် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြရပေမည်။

**နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက်**

နိုင်ငံ့ဝန်ထမ်းများသည်လည်း နိုင်ငံသားများဖြစ်ကြပြီး နိုင်ငံသားတိုင်းလိုက်နာရမည့် တာဝန်များကို စောင့်ထိန်းလိုက်နာရသကဲ့သို့ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်ကိုလည်း ဦးထိပ်ပန်ဆင်စောင့်ထိန်းကြသူများဖြစ်သည့်အားလျော်စွာ အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြပေသည်။

နိုင်ငံ့ဝန်ထမ်းများသည် အမိနိုင်ငံတော်အားကာကွယ်စောင့်ရှောက်ရမည့်အပြင် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာလည်ပတ်နိုင်စေရန် ဆောင်ရွက်နေကြရသူများဖြစ်ပြီး နိုင်ငံတော်ကိုသာ သစ္စာခံယူရသူများ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံရေး၊ စီးပွားရေးနှင့် အစိုးရအဖွဲ့များ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ်သက်ဝင်လှုပ်ရှားမှုရှိစေရန် ဆောင်ရွက်ကြရပါမည်။ ဆိုလိုသည်မှာ မည်သည့်အစိုးရက အုပ်ချုပ်သည်ဖြစ်စေ အစိုးရကချမှတ်ပေးသော မူဝါဒ၊ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အထောက်အကူပြု ဆောင်ရွက်ပေးကြရမည်ဖြစ် ပေသည်။

ယခုကာလတွင် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉)ရပ်တို့ကို ရည်မှန်းချက်ထားပြီး အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ထို့အတူ မိမိဝန်ကြီးဌာန၊ အဖွဲ့အစည်း၏ မူလတာဝန်နှင့် ဝတ္တရားများကိုလည်း ဦးလည်မသုန်တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရမည့်သူများမှာ နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်ကြပေရာ နိုင်ငံ့ဝန်ထမ်းများသည် သိရှိလိုက်နာကျင့်သုံးအပ်သည့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စောင့်ထိန်း၊ လိုက်နာဆောင်ရွက်သွားကြရန် အထူးပင်လိုအပ်လှပေသည်။

နိုင်ငံ့ဝန်ထမ်းများအတွက် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြဋ္ဌာန်းသတ်မှတ်ချက်များရှိပြီးဖြစ်ရာ ဝန်ထမ်းကျင့်ဝတ်နှင့် လုပ်ငန်းခွင်စည်းကမ်းများကို အလေးအနက်ထား စောင့်ထိန်းလိုက်နာကြရမည် ဖြစ်ပေသည်။

**ခွင့်စည်းကမ်းဆိုင်ရာ သတ်မှတ်ချက်များကို တိကျစွာပြဋ္ဌာန်းထား**

ဆိုင်ရာပြဋ္ဌာန်းချက်အချို့ကို တင်ပြရပါလျှင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၃၇ တွင် “ဝန်ထမ်းသည် ဥပဒေအရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို စောင့်ထိန်းလိုက်နာရမည့်အပြင် ဝန်ထမ်းအဖွဲ့အစည်း၏ လုပ်ငန်းသဘာဝနှင့် ဝန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ထားသည့် ကျင့်ဝတ်နှင့် လုပ်ငန်းခွင်စည်းကမ်းများကိုလည်း စောင့်ထိန်းလိုက်နာရမည်။”ဟုလည်းကောင်း၊ အခန်း(၆)၊ ခွင့်ခံစားခြင်း၊ ပုဒ်မ ၁၄ တွင် “ဝန်ထမ်းသည် တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခွင့်ကို ခံစားခွင့်ရှိသည်။” ဟုလည်းကောင်း၊ ပုဒ်မ ၁၅ တွင် “ဝန်ထမ်းသည် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ထားသော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသူ၏ ခွင့်ပြုချက်ဖြင့် ခွင့်ခံစားနိုင်သည်။” ဟုလည်းကောင်း၊ ပုဒ်မ ၁၇ တွင် “ဝန်ထမ်းသည် ခွင့်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ ခွင့်ကို တောင်းခံပိုင်ခွင့်ရှိသည်။” ဟုလည်းကောင်း၊ ပုဒ်မ ၁၈ တွင် “ခွင့်ပေးပိုင်ခွင့်ရှိသူသည် အများပြည်သူအကျိုးငှာ လိုအပ်ပါက ဝန်ထမ်းတစ်ဦး တောင်းခံသည့်ခွင့်ကို ငြင်းပယ်ခြင်း၊ ခွင့်ပြုပြီးသောခွင့်ကို ပယ်ဖျက်ခြင်းနှင့် ခွင့်ခံစားနေသော ဝန်ထမ်းအား ပြန်လည်ခေါ်ယူခြင်းပြုနိုင်သည်။” ဟုလည်းကောင်း၊ ပုဒ်မ ၂၀ တွင် “ခွင့်ခံစားနေသည့် ဝန်ထမ်းသည် မိမိကိုခွင့်ပြုထားသည့် ခွင့်ကာလ မကုန်ဆုံးမီ အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်လိုပါက သက်ဆိုင်ရာခွင့်ပေးပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ဝင်ရောက်နိုင်သည်။” ဟုလည်းကောင်း၊ ပုဒ်မ ၂၁ တွင် “ဝန်ထမ်းသည် ခွင့်ကာလကုန်ဆုံးသော်လည်း အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက် လုပ်ကိုင်ခြင်းမရှိပါက ကျော်လွန်သည့်ကာလအတွက် ခွင့်လစာခံစားခွင့် မရှိ၊ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ခွင့်ရက်ကျော်လွန်ခြင်းဖြစ်ပါက ယင်းဝန်ထမ်းအား စည်းကမ်းဖောက်ဖျက်မှုဖြင့် အရေးယူနိုင်သည်။” ဟုလည်းကောင်း ခွင့်စည်းကမ်းဆိုင်ရာ သတ်မှတ်ချက်များကို တိကျစွာ ပြဋ္ဌာန်းထားပါသည်။

သာမကအနေဖြင့် ဝန်ထမ်းတစ်ဦးသည် ခွင့်မဲ့ပျက်ကွက်နေပါက ခွင့်စည်းကမ်းများ၊ အလုပ်ခွင်စည်းကမ်းများ၊ အမိန့်ညွှန်ကြားချက်များကို ဖောက်ဖျက်ခြင်းဖြစ်ပေသည်။ သို့ဖြစ်၍ ခွင့်မဲ့ပျက်ကွက်နေသည့် ဝန်ထမ်းထံသို့ ဌာနမှဆက်သွယ်ပြီး အလုပ်ပြန်လည်ဝင်ရောက်ရန် သဘောထားကြီးစွာဖြင့် ဖုန်းဖြင့်ဆက်သွယ်၍လည်းကောင်း၊ အကြောင်းကြားစာ ပေးပို့၍လည်းကောင်း၊ အကြိမ်ကြိမ် ပြန်လည်ခေါ်ယူပြီး အလုပ်ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ခြင်း မရှိသည့်အခါမှသာ ဌာနဆိုင်ရာ စစ်ဆေးမှုပြုလုပ်ပြီး ပြစ်ဒဏ်ချမှတ်ခဲ့ရသည့် အခြေအနေများကို ဆိုလိုခြင်းဖြစ်ပါသည်။

**နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ**

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၂ တွင် “ဝန်ထမ်းတစ်ဦးသည် ပြင်ပဝန်ထမ်း စည်းကမ်းချက်များဖြင့် လွှဲပြောင်းတာဝန် ထမ်းဆောင်နေသည့်အခါမှတစ်ပါး ခွင့်ဖြင့်ဖြစ်စေ၊ ခွင့်မဲ့ဖြစ်စေ အလုပ်ခွင်မှတစ်ဆက်တည်း ငါးနှစ်ကင်းကွာလျှင် ကင်းကွာသည့်ကာလ ငါးနှစ်ပြည့်သည့်နေ့၏ နောက်နေ့မှစ၍ ဝန်ထမ်းအဖြစ်မှ အလိုအလျောက်ရပ်စဲပြီးဖြစ်သည်။” ဟု ပြဋ္ဌာန်းထားရာ ဝန်ထမ်းသည် ခွင့်ဖြင့်ဖြစ်စေ၊ ခွင့်မဲ့ဖြစ်စေ အလုပ်ခွင်မှတစ်ဆက်တည်း ငါးနှစ်ကင်းကွာနိုင်သည်ဟု နားလည်မှုလွဲမှားနိုင်ပါသည်။ အဆိုပါပြဋ္ဌာန်းချက်ကို ထည့်သွင်းပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်မှာ “ဝန်ထမ်း၏ ပြုမူချက်ကြောင့်မဟုတ်ဘဲ သဘာဝဘေးအန္တရာယ် အခြေအနေတစ်ရပ်ရပ်ကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ဌာနမှကင်းကွာခဲ့ရသူများအတွက်ကိုသာ ရည်ရွယ်ခြင်းဖြစ်”ပါသည်။ **မိမိသဘောဆန္ဒအလျောက် အလုပ်ပြန်လည်ဝင်ရောက်ခြင်းမရှိဘဲ အကြောင်းမဲ့ ခွင့်မဲ့ပျက်ကွက်နေပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာပြစ်မှုဖြင့် အရေးယူခြင်းသာ ခံရမည် ဖြစ်ပါသည်။**

**နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၂ တွင် “ဝန်ထမ်းတစ်ဦးသည် ပြင်ပဝန်ထမ်းစည်းကမ်းချက်များဖြင့် လွှဲပြောင်းတာဝန်ထမ်းဆောင်နေသည့်အခါမှတစ်ပါး ခွင့်ဖြင့်ဖြစ်စေ၊ ခွင့်မဲ့ဖြစ်စေ အလုပ်ခွင်မှတစ်ဆက်တည်း ငါးနှစ်ကင်းကွာလျှင် ကင်းကွာသည့်ကာလ ငါးနှစ်ပြည့်သည့်နေ့၏ နောက်နေ့မှစ၍ ဝန်ထမ်းအဖြစ်မှ အလိုအလျောက်ရပ်စဲပြီး ဖြစ်သည်။” ဟု ပြဋ္ဌာန်းထားရာ ဝန်ထမ်းသည် ခွင့်ဖြင့်ဖြစ်စေ၊ ခွင့်မဲ့ဖြစ်စေ အလုပ်ခွင်မှတစ်ဆက်တည်း ငါးနှစ်ကင်းကွာနိုင်သည်ဟု နားလည်မှုလွဲမှားနိုင်ပါသည်။ အဆိုပါပြဋ္ဌာန်းချက်ကို ထည့်သွင်းပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်မှာ “ဝန်ထမ်း၏ ပြုမူချက်ကြောင့်မဟုတ်ဘဲ သဘာဝဘေးအန္တရာယ် အခြေအနေတစ်ရပ်ရပ်ကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ဌာနမှကင်းကွာခဲ့ရသူများအတွက်ကိုသာ ရည်ရွယ်ခြင်းဖြစ်” ပါသည်။ မိမိသဘောဆန္ဒအလျောက် အလုပ်ပြန်လည်ဝင်ရောက်ခြင်းမရှိဘဲ အကြောင်းမဲ့ ခွင့်မဲ့ပျက်ကွက်နေပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ပြစ်မှုဖြင့် အရေးယူခြင်းသာခံရမည်ဖြစ်။**

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ အခန်း ၁၅ တွင် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၁၆၁ တွင် အလုပ်ချိန်နှင့် သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်မှု (၆) မျိုးကို “လုံလောက်သော အကြောင်းရင်းမရှိဘဲ အလုပ်တက်ချိန်နောက်ကျ၍ အလုပ်ခွင်သို့ ရောက်ရှိခြင်း၊ လုံလောက်သော အကြောင်းရင်းမရှိဘဲ အလုပ်ဆင်းချိန်ထက်စော၍ အလုပ်ခွင်မှ ထွက်ခွာခြင်း၊ အထက်တာဝန်ရှိသူ၏ ခွင့်ပြုချက်မရဘဲ မကြာခဏအလုပ်ခွင်မှ ပျက်ကွက်ခြင်းတို့မှာ အလေ့အကျင့်ကဲ့သို့ဖြစ်နေခြင်း၊ ခွင့်စည်းကမ်းများကို ဖောက်ဖျက်ပြီး ခွင့်မဲ့ပျက်ကွက်ခြင်း၊ ခိုင်လုံသော အကြောင်းမရှိဘဲ ခွင့်ရက်ထက်ပို၍ နေခြင်း သို့မဟုတ် ခွင့်ရက်ကုန်ဆုံးပြီးနောက် အလုပ်ဝင်ရောက်ရန် ပျက်ကွက်ခြင်း၊ ခိုင်လုံသောအကြောင်းမရှိဘဲ ခွင့်ပြုထားသည့် အလုပ်ကူးပြောင်းချိန်ကုန်ဆုံးပြီးနောက် အလုပ်ဝင်ရောက်ရန် ပျက်ကွက်ခြင်း” ဟုလည်းကောင်း၊ နည်းဥပဒေ ၁၆၂ တွင် တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်တို့နှင့်သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှု(၄) မျိုးကို “တာဝန်မကျေပွန်ခြင်း သို့မဟုတ် တာဝန်ကို ပေ့ါဆစွာထမ်းဆောင်ခြင်း၊ ပေ့ါလျော့မှုကြောင့်ဖြစ်စေ၊ လုပ်ငန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို မလိုက်နာမှုကြောင့်ဖြစ်စေ နိုင်ငံ့ဘဏ္ဍာငွေ သို့မဟုတ် နိုင်ငံပိုင်ပစ္စည်း ဆုံးရှုံးပျက်စီးရခြင်း၊ ခန့်အပ်ထားသည့် ရာထူးနှင့်မညီဘဲ လုပ်ရည်ကိုင်ရည် အဆင့်အတန်းမမီခြင်း သို့မဟုတ် အရည်အချင်းညံ့ဖျင်းခြင်း၊ အရည်အသွေးမပြည့်ဝခြင်း၊ ဥပဒေနှင့်အညီ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း” ဟုလည်းကောင်း။

**ပြုမူဆက်ဆံမှုစည်းကမ်းဆိုင်ရာ ပြစ်မှု (၂၂)မျိုး**

နည်းဥပဒေ ၁၆၃ တွင် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုစည်းကမ်းဆိုင်ရာ ပြစ်မှု (၂၂)မျိုးကို “ရာထူးခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် ပြည်ပပညာသင် စေလွှတ်ခြင်းတို့အတွက် အရေးပါသော ကိုယ်ရေးအကြောင်းအရာ၊ အချက်အလက်များကို လိမ်လည်တင်ပြခြင်း၊ ထိမ်ချန်ထားခြင်း သို့မဟုတ် မရိုးသားမှု တစ်ခုခုပြုလုပ်ခြင်း၊ တာဝန်ထမ်းဆောင်ရာ၌ ရိုးသားဖြောင့်မတ်မှု မရှိခြင်း၊ လိမ်လည်ခြင်း၊ လိမ်လည်ရန် အားထုတ်ခြင်း သို့မဟုတ် လိမ်လည်ရန် အားပေးကူညီခြင်း၊ အခြားဝန်ထမ်းတစ်ဦးဦးကို ထိခိုက်နစ်နာစေရန် မဟုတ်မမှန်စွပ်စွဲတိုင်ကြားခြင်း၊ သူတစ်ပါး၏ အမည်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အမည်မှန်ကို ဖုံးဝှက်၍ဖြစ်စေ ပစ်စာရေးသားခြင်း၊ အလုပ်ခွင်ငြိမ်းချမ်းသာယာမှုကိုဖြစ်စေ၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကိုဖြစ်စေ ပျက်ပြားစေရန် လှုံ့ဆော်ခြင်း သို့မဟုတ် ပြုလုပ်ခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ခြင်းကို အားပေးကူညီခြင်း၊ အလုပ်ခွင်တွင် လောင်းကစားခြင်း သို့မဟုတ် မူးယစ်သောက်စားခြင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော တားမြစ်ဆေးဝါးများကို မှီဝဲသုံးစွဲခြင်း၊ တာဝန်ထမ်းဆောင်ရာတွင် ရိုင်းပျစွာပြောဆိုပြုမူဆက်ဆံခြင်း၊ အလုပ်ခွင်တွင် ခိုက်ရန်ဖြစ်ပွားခြင်း သို့မဟုတ်

**စာမျက်နှာ ၁၁ သို့ ❖**

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ်မှ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲမန်နေဂျာများနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေး



**ရန်ကုန် မေ ၉**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် မေ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးတို့မှ ဌာနအကြီးအကဲများ၊ မြန်မာ့စီးပွားရေးဘဏ် တိုင်းဒေသကြီးမန်နေဂျာ၊ ခရိုင်ဘဏ်ခွဲမန်နေဂျာများနှင့် မြို့နယ်ဘဏ်ခွဲမန်နေဂျာများအား တွေ့ဆုံ၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

တွေ့ဆုံစဉ် ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲ မန်နေဂျာများက ဘဏ်ခွဲတစ်ခုချင်းအလိုက် ငွေသွင်း/ငွေထုတ်အခြေအနေများ၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ လစဉ်ပင်စင်လစာထုတ်ပေးနေမှု၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ ငွေသားထုတ်ပေးရေး စီစဉ်ဆောင်ရွက်နေမှု၊ ATM စက်များ၏ ငွေကြေးဝန်ဆောင်မှုပေးနေသည့် အခြေအနေများနှင့် ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြဆွေးနွေးကြသည်။ တင်ပြချက်များအပေါ် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံတော်ပိုင် ကူးသန်းရောင်းဝယ်ရေးဘဏ်ကြီးဖြစ်ပြီး အစိုးရအပ်ငွေစာရင်းထိန်းသိမ်းခြင်း၊ အများပြည်သူများ၏ အပ်ငွေနှင့် ငွေလွှဲဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေခြင်းအပြင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာထုတ်ပေးမှုများကိုလည်း ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော် ဘဏ်လုပ်ငန်းကဏ္ဍတွင် ငွေကြေးပုံမှန်လှည့်ပတ်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့်အညီ အပ်ငွေလက်ခံခြင်းနှင့် ငွေသားထုတ်ပေးမှုများကို တိကျစွာ လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ATM စက်များ၏ ငွေကြေး ဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိုဘိုင်းငွေကြေးဝန်ဆောင်မှုများကို အများပြည်သူ အဆင်ပြေစွာ သုံးစွဲနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်းနှင့် လက်ရှိအခြေအနေတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို သုံးသပ်၍ အများပြည်သူအတွက် ငွေကြေးဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်ပေးရန် လိုအပ်ကြောင်း မှာကြားသည်။

ဆွေးနွေးပွဲသို့ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဘဏ်ခွဲမန်နေဂျာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့် အမေများအဖွဲ့အတွက် စားသောက်ကုန်ပစ္စည်းများလှူဒါန်း

**ရန်ကုန် မေ ၉**
အမေများနေ့အထိမ်းအမှတ်အနေဖြင့် မေ ၈ ရက်တွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အဘိုးအဘွားများအတွက် Grand Wynn Group of Companies မှ ဖြန့်ဖြူးရောင်းချလျက်ရှိသော Mom’s Choice ဟင်းသီးဟင်းရွက်ဆီ၊ Mom’s Choice Balachaung၊ ငါးနှင့်ဆန် အစရှိသည့် စားသောက်ကုန်ပစ္စည်းများအား သွားရောက်လှူဒါန်းခဲ့သည်။

ထို့အပြင် မေ ၉ ရက်တွင် အမေများအား မိမိစားချင်သည့် စားသောက်ဖွယ်ရာနှင့် အခြားလိုအပ်သည့် စားသောက်ကုန်များကို အဆိုပါကုမ္ပဏီ၏ Grand Food Mart စတိုးဆိုင်များတွင် စိတ်အေးချမ်းသာစွာဖြင့် အခမဲ့ဈေးဝယ်ယူခွင့် ပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

■




❖ စာမျက်နှာ ၁၀ မှ
တစ်စုံတစ်ဦးကို ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း သို့မဟုတ် ရှန်းရင်းဆန်ခတ်ဖြစ်စေခြင်း၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများကို တမင်သက်သက်ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးဆုံးရှုံးစေခြင်း။

အလုပ်ခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာစည်းကမ်းများကို တမင်ဖြစ်စေ၊ ပေါ့လျော့မှုကြောင့်ဖြစ်စေ ဖောက်ဖျက်ခြင်း၊ သိက္ခာကင်းမဲ့စွာ ပြုမူနေထိုင်ခြင်း၊ ဝန်ထမ်းနှင့် မလျော်ညီအောင် ဝတ်စားဆင်ယင်ခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း သို့မဟုတ် တံစိုးလက်ဆောင်ယူခြင်း၊ တာဝန်အရ ဆောင်ရွက်ရန်ရှိသည့်အလုပ် သို့မဟုတ် ပြုလုပ်ပေးခဲ့ရသည့် လုပ်ငန်းအတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန်သဘောတူခြင်း၊ အခြားဝန်ထမ်းတစ်ဦးအား အမှုကိစ္စတစ်ရပ်ကို ပြုလုပ်ပေးစေရန် သို့မဟုတ် တာဝန်အရ ပြုလုပ်ရမည့်အလုပ်ကို မပြုလုပ်စေရန်အတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန် သဘောတူခြင်း၊ မိမိကဖြစ်စေ၊ အခြားဝန်ထမ်းတစ်ဦးကဖြစ်စေ အမှုကိစ္စတစ်ခုကို မတရားသောနည်းလမ်းများဖြင့် ဆောင်ရွက်ပေးရန်အတွက် ငွေကြေးအပါအဝင် အကျိုးခံစားခွင့်တစ်ခုခုကို တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန်သဘောတူခြင်း။

**တရားနည်းလမ်းနှင့် ဆန့်ကျင်သော အကျိုးခံစားခွင့်များ**

အထက်ပါတရားနည်းလမ်းနှင့် ဆန့်ကျင်သော အကျိုးခံစားခွင့်များကို အမှုကိစ္စနှင့် တိုက်ရိုက်သက်ဆိုင်သူထံမှသာမက ထိုကိစ္စနှင့်ဖြစ်စေ၊ ထိုပုဂ္ဂိုလ်နှင့်ဖြစ်စေ ပတ်သက်နေသူများထံမှ အကျိုးခံစားခွင့်တောင်းခံခြင်း၊ ရယူခြင်း၊ လက်ခံရန်သဘောတူခြင်း၊ လုပ်ငန်းနှင့်ပတ်သက်သည့်ငွေ သို့မဟုတ် ပစ္စည်းကိုအလွဲသုံးစားပြုလုပ်ခြင်း၊ ထိုသို့ပြုလုပ်ရန်အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊ ဝန်ထမ်းအဖွဲ့အစည်း၊ ဝန်ထမ်းအမျိုးအစားအလိုက် စောင့်ထိန်းလိုက်နာရန် သတ်မှတ်ထားသည့် အခြားကျင့်ဝတ်နှင့် စည်းကမ်းများကို ဖောက်ဖျက်ခြင်း၊ တာဝန်အရ အထက်အကြီးအမှူးက ဥပဒေနှင့်အညီ ပေးသည့်အမိန့်ကို ဝန်ထမ်းကိုယ်တိုင်ဖီဆန်ခြင်း၊ အခြားဝန်ထမ်းတို့ကို ဆန့်ကျင်စေရန်လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သွေးဆောင်စည်းရုံးခြင်း၊ လုံခြုံမှုအဆင့်အတန်းသတ်မှတ်ထားသည့် ဌာနဆိုင်ရာ စာရွက်စာတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်များကို မသက်ဆိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသိပေးခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေမည့် စာအုပ်စာတမ်းများ ရေးသားခြင်း သို့မဟုတ်ဖြန့်ဝေခြင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် လှုပ်ရှားမှုတစ်ခုခုတွင်ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်း” ဟုလည်းကောင်း၊ နည်းဥပဒေ ၁၆၄ တွင် တရားဥပဒေဖောက်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ ဌာနဆိုင်ရာ အရေးယူနိုင်သည့် အခြေအနေ (၃) ရပ်ကို “ဥပဒေကြောင်းအရ ဖမ်းဆီးခံနေရခြင်း၊ ကိုယ်ကျင့်တရားပျက်ပြားသည့် ပြစ်မှုနှင့်ပတ်သက်၍ဖြစ်စေ၊ ကြီးလေးသော ပြစ်ဒဏ် ထိုက်သင့်သည့်ပြစ်မှုနှင့် ပတ်သက်၍ဖြစ်စေ တရားစွဲဆိုခံရခြင်း၊ ဥပဒေကြောင်းအရ တရားရုံး၏ပြစ်ဒဏ်စီရင်ခံရခြင်း” ဟု လည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားရှိသဖြင့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ဆောင်ရွက်မှုများကို ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုများနှင့် ငြိစွန်းမှုမရှိစေရေး အထူးသတိပြုဆောင်ရွက်သွားရန် လိုအပ်ပါသည်။

**ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်မှုများ**

အထက်ပါဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်သည့် နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များဖြင့် အရေးယူရမည်ဖြစ်ပြီး ပြစ်ဒဏ်ချမှတ်ရာတွင်လည်း ပညာပေးပြုပြင်ရေးနှင့် စည်းကမ်းထိန်းသိမ်းမှု ထိရောက်စေရေး အဓိကထား သတိပြုဆောင်ရွက်ကြရပေသည်။

ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့် ဝန်ထမ်းအနေဖြင့်လည်း အယူခံခွင့်ရှိကြောင်းနှင့် အယူခံတင်သွင်းရမည့်လုပ်ထုံးလုပ်နည်းများကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၅၅၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၁၈ မှ နည်းဥပဒေ ၂၂၈ အထိတို့တွင် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းပေးထားသည့်အတွက် အရေးယူခံရသည့် ဝန်ထမ်းများမှ အယူခံမှုကို တင်သွင်းလျှောက်ထားနိုင်သည့် အခွင့်အရေးလည်းရှိပါသည်။

မည်သို့ဆိုစေ..... နိုင်ငံသားများနှင့် နိုင်ငံ့ဝန်ထမ်းများကို ပြစ်မှုလည်း မဖြစ်ပေါ်စေလိုပါ။ ပြစ်ဒဏ်လည်း မကျရောက်စေလိုပါ။ ထိုထက်ပို၍ ရာဇဝတ်သားလည်း မဖြစ်စေလိုပါ။

သို့ဖြစ်ပါ၍ သက်ဆိုင်သူ နိုင်ငံသားများသည် အများပြည်သူ ထိခိုက်ပျက်စီးစေသည့် ဆန့်ကျင်ဘက် လုပ်ရပ်များကို မပြုလုပ်ကြဘဲ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ရှေးရှုလျက် နေထိုင်သွားကြရန်နှင့် သက်ဆိုင်သူ နိုင်ငံ့ဝန်ထမ်းများသည်လည်း ကျင့်ဝတ်စည်းကမ်းများကို လိုက်နာပြီး နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက် စည်းလုံးညီညွတ်စွာ နေထိုင်သွားကြရန် အထူးလိုအပ်လှပါသောကြောင့် နိုင်ငံသားတာဝန်၊ နိုင်ငံ့ဝန်ထမ်းတာဝန်တို့ကို အေးချမ်းပျော်ရွှင်စွာ၊ ကျေပွန်စွာထမ်းဆောင်ကြပါစို့ဟု ဆန္ဒပြုတိုက်တွန်းလိုက်ရပေသည်။ ။

# ဥရောပသမဂ္ဂနှင့် အိန္ဒိယနိုင်ငံတို့က ကုန်သွယ်ရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန် သဘောတူညီ

**ဘာလင် မေ ၉**

ဥရောပသမဂ္ဂနှင့် အိန္ဒိယနိုင်ငံတို့သည် ၂၀၁၃ ခုနှစ်အတွင်းက ရပ်တန့်ခဲ့သည့် လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲများကို ပြန်လည်စတင်ရန် သဘောတူညီခဲ့ကြကြောင်း မေ ၈ ရက်တွင် အွန်လိုင်းမှတစ်ဆင့်ပြုလုပ်သည့် ဥရောပသမဂ္ဂနှင့် အိန္ဒိယနိုင်ငံတို့၏ ထိပ်သီးအစည်းအဝေးတွင် ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် ရင်းနှီးသော ဆက်ဆံရေးရှိပါကြောင်း၊ သို့ရာတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်တွင် ထိထိရောက်ရောက်မလုပ်ဆောင်ရသေးသည့် ကိစ္စရပ်များစွာရှိပါကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ ဗွန်ဒါလီယန်က မှတ်ချက်ပြုပြောကြားခဲ့သည်။

လူဦးရေ ၁ ဒသမ ၃ ဘီလီယံကျော်ရှိသည့် အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံပြီးပါက ကမ္ဘာပေါ်တွင် ဒုတိယလူဦးရေအများဆုံးနိုင်ငံဖြစ်ပြီး ဥရောပသမဂ္ဂ၏ ၁၀ နိုင်ငံမြောက်အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် ဥရောပကောင်စီဥက္ကဋ္ဌ ချားလက်စ်မစ်ချယ်၊ အခြားသောဥရောပခေါင်းဆောင်များသည် အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သည့် ထိပ်သီးအစည်းအဝေးတွင် နောက်ထပ်ဆောင်ရွက်သွားမည့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်အသီးသီးနှင့်စပ်လျဉ်း၍လည်း ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**






# အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၌ ခရီးသွားလာမှုကန့်သတ်ချက် သက်တမ်းထပ်မံတိုးမြှင့်

**နယူးဒေလီ မေ ၉**

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်မားလျက်ရှိသည့်အတွက် မြို့တော်နယူးဒေလီ၌ ခရီးသွားလာမှုကန့်သတ်ချက်များကို မေ ၁၇ ရက်အထိ သက်တမ်းထပ်မံတိုးမြှင့်ချမှတ်ခဲ့ကြောင်း သိရသည်။

မြို့တော်နယူးဒေလီ၌ ရက်သတ္တပတ်သုံးပတ်ကြာ ချမှတ်ထားခဲ့သည့် ခရီးသွားလာခွင့်ကန့်သတ်ချက်သည် ယနေ့သက်တမ်းကုန်ဆုံးခဲ့သည့်အတွက် နောက်ထပ် သက်တမ်းတိုးမြှင့်ခဲ့ခြင်းဖြစ်သည်။ ယခုချမှတ်သည့် စည်းမျဉ်းများသည် ယခင်စည်းမျဉ်းများထက် ပိုမိုတင်းကျပ်လျက်ရှိကြောင်း သိရသည်။

မီးရထားပြေးဆွဲမှုများကို ရပ်ဆိုင်းမည်ဖြစ်သည့်အပြင် မင်္ဂလာပွဲအခမ်းအနားများကို နေအိမ်၌သာ လူ ၂၀ ထပ်မပိုဘဲ ကျင်းပခွင့်ပြုထားသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း နယူးဒေလီမြို့၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃၃၃၆ ဦးထပ်မံစစ်ဆေးတွေ့ရှိရပြီး အဆိုပါအရေအတွက်သည် လွန်ခဲ့သောရက်အနည်းငယ်အတွင်း တွေ့ရှိသည့် အရေအတွက် ၂၀၀၀ ကျော်ထက် ပိုမိုလျော့ကျလာကြောင်း သိရသည်။ အလားတူ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ထပ်မံသေဆုံးသူ ၂၇၃ ဦး ရှိသည်။

လက်ရှိအချိန်အထိ နယူးဒေလီမြို့၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၃၂၃၅၆၇ ဦးနှင့် သေဆုံးသူပေါင်း ၁၉၃၄၄ ဦးရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၅၀၀၀ နီးပါးရှိလာ

**တီဟီရန် မေ ၉**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၈၆ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၇၄၉၁၀ အထိရှိလာကြောင်း အီရန်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၁၄၁ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၆၅၄၈၁၁ ဦးအထိရှိလာကြောင်း သိရသည်။

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၅၅၃၈ ဦးမှာ အထူးကြပ်မတ်ကုသဆောင်များတွင် ကုသမှုခံယူလျက်ရှိစဉ် ၂၁၀၉၇၁၂ ဦးမှာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိခဲ့ကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆီမာဆာဒက်လာရီက ပြောကြားခဲ့သည်။

လက်ရှိတွင် အီရန်နိုင်ငံတစ်ဝန်း၌ ၁၇၀၆၉၁၂၁ ဦးအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်းလည်း ဆီမာဆာဒက်လာရီက ဆက်လက်ပြောကြားခဲ့သည်။ အီရန်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ၁၃၇၈၇၄၄ ဦးမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်းနှင့် ၂၇၆၆၆၇ ဦးမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်လုံးထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

★



# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၂၂ ဦး ထပ်မံတွေ့ရှိ

**ဂျကာတာ မေ ၉**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၂၂ ဦး ထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၇၁၃၆၈၄ ဦးအထိ မြင့်တက်လာခဲ့ပြီဖြစ်ကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၇၀ ထပ်မံသေဆုံးခဲ့ရာ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၄၇၀၁၂ ဦးရှိလာခဲ့ပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၄၃၆၀ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းခွင့်ရပြီး ရောဂါပြန်လည်သက်သာလာသူပေါင်း ၁၅၆၈၂၇၇ ဦးရှိလာခဲ့သည်။

လက်ရှိအချိန်တွင် ဗိုင်းရပ်စ်ကူးစက်မှုများသည် ပြည်နယ် ၃၄ ခုသို့ ပျံ့နှံ့လျက်ရှိသည်။ လွန်ခဲ့သော ၂၄ နာရီအတွင်း မြို့တော်ဂျကာတာ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၀၉ ဦး၊ အနောက်ဂျာဗား၌ ၄၉၂ ဦး၊ အနောက်ဆူမတြား၌ ၃၂၂ နှင့် အရှေ့ဂျာဗား၌ ၂၃၀ အသစ်ထပ်မံတွေ့ရှိခဲ့သည်။

သို့သော် မြောက်ဆူလာဝီစီနှင့် ဂိုရိုတာလိုခရိုင်များ၌ ဗိုင်းရပ်စ်ကူးစက်မှုအသစ်များ ထပ်မံမတွေ့ရှိရကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၁၇၄ ဦး ထပ်မံတွေ့ရှိ

**မနီလာ မေ ၉**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၁၇၄ ဦးထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၁၀၁၉၉၀ ရှိလာခဲ့ပြီဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် လူနာ ၂၀၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၈၄၇၂ ဦးရှိလာခဲ့ပြီဖြစ်သည်။ လူဦးရေ သန်း ၁၁၀ ခန့်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ လက်ရှိအချိန်အထိ ပြည်သူ ၁၁ သန်းကျော်အား ရောဂါရှိ၊ မရှိ စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၁၇ သန်းကျော် သုံးစွဲပြီးဖြစ်

**ပေကျင်း မေ ၉**

တရုတ်အစိုးရသည် လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၁၇ သန်းကျော် သုံးစွဲပြီးဖြစ်ကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က ယနေ့ ပြောကြားသည်။

တရုတ်အစိုးရသည် မေ ၇ ရက်အထိ တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၀၈ သန်းသုံးစွဲခဲ့ပြီး မေ ၉ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကာကွယ်ဆေးအလုံးရေ စုစုပေါင်း ၃၁၇ သန်းအထိ သုံးစွဲခဲ့ပြီးဖြစ်သဖြင့် နှစ်ရက်တာအတွင်း ကာကွယ်ဆေးအလုံးရေ ကိုးသန်းအထိ သုံးစွဲနိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်းသန်း ၁၅၀ ကျော်ရှိလာပြီး အာရှတိုက်တွင် ကိုဗစ်-၁၉ ရောဂါ အဆိုးဆုံးဖြင့် ထိခိုက်နေစဉ် တရုတ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃၀၈ သန်းကျော် သုံးစွဲနိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကိုတားဆီးနိုင်ရန် ပြည်သူများအကြား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

ထို့အပြင် တရုတ်အစိုးရသည် မေ ၅ ရက်က ပြီးဆုံးခဲ့သည့် မေဒေးနေ့ ရုံးပိတ်ရက်ငါးရက်တာ ကာလအတွင်း ပြည်သူများအနေဖြင့် သတ်မှတ်ထားသည့်အစီအစဉ်အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူနိုင်ရေး အစီအမံများကို ဆောင်ရွက်ပေးခဲ့သည်။

တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အရေးပေါ်အသုံးပြုရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထပ်မံအတည်ပြုခဲ့ပြီးဖြစ်ရာ ယခုအခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပါအဝင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးခြောက်မျိုးကို အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့ပြီးဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအား အရေးပေါ်အသုံးပြုရန် အတည်ပြုရာတွင် ကာကွယ်ဆေး၏ ဘေးကင်းလုံခြုံမှု၊ ကာကွယ်ဆေး၏ အစွမ်းထက်မှုနှင့် ကာကွယ်ဆေး၏ အရည်အသွေးများကို ဆန်းစစ်လေ့လာခဲ့ပြီး သတ်မှတ်ချက်အဆင့်ပြည့်မီမှသာ ကာကွယ်ဆေးများကို အရေးပေါ်သုံးစွဲရန် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**





## တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၀၅၂ ဦးရှိ

**အန်ကာရာ မေ ၉**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၀၅၂ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၅၀၁၆၁၄၁ ဦးအထိရှိလာကြောင်း တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၈၁ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၂၇၄၆ ဦးအထိရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၂၈၈၉၆ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၆၉၁၂၂၄ ဦးအထိ ရှိလာကြောင်း သိရသည်။

တူရကီနိုင်ငံတစ်ဝန်းတွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများပြုလုပ်လျက်ရှိရာ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ပြည်သူ ၂၂၈၈၇၃ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးသူ ၄၉၁၉၂၆၇၃ ဦးအထိ ရှိလာကြောင်း သိရသည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် တူရကီနိုင်ငံသား ၁၄၅၆၀၀၀၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၅၈၄၂၀၃၈၃ | ဦး |
| သေဆုံးသူ | ၃၂၉၉၀၆၀ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၃၅၉၃၄၇၆၉ | ဦး |

## အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄ ဒသမ ၆၂ သန်းနီးပါးရှိလာ

**အဒစ်အဘာဘာ မေ ၉**

အာဖရိကတိုက်တစ်ဝန်းတွင် မေ ၈ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၆၁၈၉၃၆ ဦးရှိလာကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ယနေ့တွင် ပြောကြားခဲ့သည်။

အာဖရိကသမဂ္ဂ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသော အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၂၃၉၂၆ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၄၁၆၅၆၅၆ ဦးရှိကြောင်း သိရသည်။

အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံးနိုင်ငံများမှာ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီသီယိုးပီးယားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့ဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအများဆုံးဒေသဖြစ်ပြီး ၎င်းနောက်တွင် အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ဒုတိယနှင့် တတိယအများဆုံးဖြစ်ကာ ဗဟိုအာဖရိကဒေသသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဒေသဖြစ်ကြောင်း အာဖရိကကျန်းမာရေးအေဂျင်စီက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



## လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် ပထမဆုံးသေဆုံးမှုဖြစ်ပွား

**ဗီယင်ကျန်း မေ ၉**

လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာစတင်တွေ့ရှိချိန်မှစ၍ ကိုဗစ်-၁၉ ရောဂါဖြင့် ပထမဆုံးသေဆုံးမှု ယနေ့ဖြစ်ပွားခဲ့ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ သေဆုံးသူသည် အသက် ၅၃ နှစ်အရွယ် အမျိုးသမီးဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ပြီးနောက် မြို့တော်ဗီယင်ကျန်းရှိ အစိုးရက သတ်မှတ်ထားသည့်ဆေးရုံတွင် ယခုနှစ် ဧပြီ ၃၀ ရက်ကတည်းက ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကူးစက်ရောဂါထိန်းချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် လတ်ဆာမီဗောင်ခမ်ဆာအိုက မြို့တော်ဗီယင်ကျန်းတွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ထည့်သွင်းပြောကြားခဲ့သည်။

လာအိုနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၉ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် လက်ရှိအချိန်အထိ အဆိုပါ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာပေါင်း ၁၃၀၂ ဦးရှိလာကြောင်း လတ်ဆာမီက ထပ်မံပြောကြားသည်။

သို့သော် လာအိုနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့်လူနာ ၂၃၂ ဦးသည် ဆေးဝါးကုသမှုခံယူခဲ့ပြီးနောက် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြောင်း သိရသည်။

လာအိုအစိုးရသည် နိုင်ငံအတွင်း ပထမဆုံး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာကို ယမန်နှစ် မတ် ၂၄ ရက်က စတင်တွေ့ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm





# တမူးနှင့် ကလောမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၈ ရက် နံနက် ၁၁ နာရီတွင် တမူးမြို့နယ်



ဇေယျာမောင်(ခ)အငယ်လေး၊ နေဦးမောင်၊ ကိုအောင်(ခ)မျိုးအောင်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ခမ်းပါတ်မြို့ နန်းခေါက်ခေါက်ကျေးရွာအနီး ကလေး-တမူးသွားကားလမ်းတွင် ဇေယျာမောင်(ခ)အငယ်လေး မောင်းနှင်ပြီး နေဦးမောင်လိုက်ပါလာသော ခရီးသည်တင်မှန်လုံယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၅၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၂၃ x ၂၄ လမ်းကြား ၈၇(C)လမ်းတွင် ကိုအောင်(ခ)မျိုးအောင်အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

အလားတူ မေ ၇ ရက် ည ၈ နာရီခွဲတွင် ကလောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု နန့်ပန်တက်ကျေးရွာအနီးတွင် ဖြူလေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၅၅၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇၇ စီး၊ သွင်းကုန် ၉၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၃၃၁ သန်း) တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Cat Food (20kg) 90 Bags၊ (LIPO-VET (1X30 Tablets) 30 U၊ NU CAL (1x30 Tablets) 30 U၊ CORDITAB (1x25 Tablets) 20 U၊ FURMI-COD (1X22 Capsules) 30 U နှင့် BETATAB (1X30 Tablets) 30 U၊ T-Shirt (Men Wear) 800 U၊ ဘေထုပ်(45 Kg) 2Pkgs၊ T-Shirt (Men Wear) 777 U၊ Short Pant (Men Wear) 170 U နှင့် ကလေးဝတ်အင်္ကျီ 1500 U၊ Child Wear 1000 U၊ Baby Mild (180g) (1x64) 8 Pkgs၊ ရေခဲသေတ္တာ (Used) 2 U၊ အဝတ်လျှော်စက် (Used) 3U နှင့် Air-Con (Window Type) (Used) 10 U၊ Recond Car Spare Parts (Wheel Rim) 17 U နှင့် ကြက်စာခွက် 5U အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ချားမင်းအထည်ချုပ်စက်ရုံ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန် (၂) ဆိပ်ကမ်းသာလမ်းရှိ ပိုင်ရှင် ဒေါ်ဟန်နီထွန်း၏ ချားမင်းအထည်ချုပ်စက်ရုံ၌ မေ ၈ ရက် နံနက်ပိုင်းတွင် အထည်လိပ်များ သိုလှောင်ထားရှိသည့် စတိုခန်းရှိ မီးချောင်းသို့ သွယ်တန်းထားသည့် ဝိုင်ယာကြိုး အပူလွန်ကဲရာ မီးပွားထွက်ပြီး အထည်လိပ်ပေါ်ကျရာမှ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ Level 2 ယာဉ်အုပ်စုနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ယာဉ်အုပ်စု စုစုပေါင်းမီးသတ်ယာဉ် ၄၁ စီး၊ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များက DCP 3Kg မီးသတ်ဆေးဘူး ၁၀ ဘူးနှင့် ရေဂါလန် ၃၀၀၀၀ ခန့် အသုံးပြုငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီတွင် မီးငြိမ်းခဲ့ကြောင်းသိရသည်။

မီးလောင်မှုကြောင့် Steel Structure နှစ်ထပ် ချားမင်းအထည်ချုပ်စက်ရုံ၏ အပေါ်ထပ်နှင့် အထည်လိပ်များ မီးလောင်ဆုံးရှုံးခဲ့ပြီး စက်ရုံ၏ လျှပ်စစ်တာဝန်ခံ ဦးနိုင်လင်းစိုးကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်မျိုး**

# မေ ၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၇ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၉ – ၅ – ၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၈-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၄၄၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၉၀,၃၂၈)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၉၅၄) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၀) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၀၂၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၄၅၅၁၂၀ | ၂၆၄၀၅၈၇၁ | ၅၉၅၅၉၈ |
| ၂။ | အိန္ဒိယ | ၂၂၂၉၆၄၁၄ | ၁၈၃၁၇၄၀၄ | ၂၄၂၃၉၈ |
| ၃။ | ဘရာဇီး | ၁၅၁၅၀၆၂၈ | ၁၃၆၇၇၆၆၈ | ၄၂၁၄၈၄ |
| ၄။ | ပြင်သစ် | ၅၇၆၇၉၅၉ | ၄၈၃၂၉၈၁ | ၁၀၆၂၇၇ |
| ၅။ | တူရကီ | ၅၀၁၆၁၄၁ | ၄၆၉၁၂၂၄ | ၄၂၇၄၆ |
| ၆။ | ရုရှား | ၄၈၈၀၂၆၂ | ၄၄၉၆၁၃၂ | ၁၁၃၃၂၆ |
| ၇။ | ဗြိတိန် | ၄၄၃၃၀၉၀ | ၄၂၄၅၇၄၄ | ၁၂၇၆၀၃ |
| ၈။ | အီတလီ | ၄၁၀၂၉၂၁ | ၃၅၉၀၁၀၇ | ၁၂၂၆၉၄ |
| ၉။ | စပိန် | ၃၅၆၇၄၀၈ | ၃၂၄၈၀၁၀ | ၇၈၇၉၂ |
| ၁၀။ | ဂျာမနီ | ၃၅၁၉၂၅၀ | ၃၁၅၉၂၀၀ | ၈၅၂၅၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၇၁၃၆၈၄ | ၁၅၆၈၂၇၇ | ၄၇၀၁၂ |
| ၂။ | ဖိလစ်ပိုင် | ၁၁၀၁၉၉၀ | ၁၀၂၂၂၄ | ၁၈၄၇၂ |
| ၃။ | မလေးရှား | ၄၄၀၆၇၇ | ၄၀၁၉၃၄ | ၁၆၈၃ |
| ၄။ | မြန်မာ | ၁၄၂၉၅၄ | ၁၃၂၀၂၃ | ၃၂၁၀ |
| ၅။ | ထိုင်း | ၈၃၃၇၅ | ၅၃၆၀၅ | ၃၉၉ |
| ၆။ | စင်ကာပူ | ၆၁၃၅၉ | ၆၀၉၁၂ | ၃၁ |
| ၇။ | ကမ္ဘောဒီးယား | ၁၉၂၃၇ | ၇၆၄၁ | ၁၂၀ |
| ၈။ | ဗီယက်နမ် | ၃၃၃၂ | ၂၆၀၂ | ၃၅ |
| ၉။ | လာအို | ၁၁၃၀၂ | ၂၃၂ | ၁ |
| ၁၀။ | ဘရူနိုင်း | ၂၃၀ | ၂၁၈ | ၃ |



## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၉**
ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ရှိ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် RDT(Test Kit)အခု ၂၀၀၀ နှင့် နှာခေါင်းစည်း ၄၀၀၀ တို့ကိုပေးအပ်လှူဒါန်းရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးခင်မောင်လွင်နှင့်တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများသွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၉**
ပြည်သူလူထု၏ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသအသီးသီးမှ ဝန်ထမ်းများနှင့် ဒေသခံများ၏ တောင်းဆိုမှုအရ တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆေးကုသရေးအဖွဲ့များကို စေလွှတ်ကုသလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင် တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ်ရှိ ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်ရှိ တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ကျောက်ဆည်ခရိုင်ရှိ စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မြစ်သားမြို့ ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ လူနာများအား လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများနှင့် ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နေ့စဉ်လေ့လာသင်ယူနေမှ အမြဲဦးဆောင်နိုင်မယ်

ကျော်ကျော်လှိုင်

နေ့စဉ်လေ့လာသင်ယူနေမှုက ဦးဆောင်မှုအတွက် အရေးကြီးပါတယ်။ ပထမဦးဆုံး လေ့လာသင်ယူခြင်းနဲ့ပတ်သက်ပြီး ကျွန်တော် မျက်စိပွင့်သွားခဲ့တဲ့ ကျွန်တော့်ဘဝအတွေ့အကြုံလေးကို ဝေမျှချင်ပါတယ်။ ကျွန်တော် မြန်မာ့ရေနံမှာ ဘူမိရူပဗေဒအရာရှိအဖြစ် တာဝန်ထမ်းဆောင်နေချိန်မှာ ကွန်ပျူတာတက္ကသိုလ်မှာ ကွန်ပျူတာသင်တန်းတက်ခွင့်ရပါတယ်။ မြန်မာ့ရေနံက တာဝန်နဲ့ လွှတ်တာပါ။ ကွန်ပျူတာတက္ကသိုလ်ကို အဲဒီအချိန်က "ကွန်ပျူတာစင်တာ" လို့ခေါ်ပြီး လှိုင်နယ်မြေက တက္ကသိုလ်ဝင်းထဲမှာ ရှိပါတယ်။ ကွန်ပျူတာဆိုလို့လည်း အဲဒီအချိန်က မြန်မာနိုင်ငံမှာ "ကွန်ပျူတာစင်တာ"မှာပဲ ရှိပါတယ်။ ယနေ့အသုံးပြုနေတဲ့ PC လို့ခေါ်တဲ့ Personnel Computer တွေ မပေါ်သေးပါဘူး။ ကွန်ပျူတာသင်တန်းမှာ ဆရာဦးလှမင်းနဲ့ ကျွန်တော် ရင်းနှီးခွင့်ရပါတယ်။ ဆရာ ဦးလှမင်းကို ဂျွန်နီ (Johnny) လို့လည်း ခေါ်ကြပါတယ်။ ဆရာက ဘာသာရပ်တိုင်းကို လေ့လာသလို ကျွမ်းလည်းကျွမ်းကျင်ပါတယ်။ ဂီတာကို ကောင်းကောင်းတီးတတ်ပြီး International Notes လို့ခေါ်တဲ့ ကမ္ဘာ့ဂီတသင်္ကေတတွေကိုလည်း နားလည်ပါတယ်။ နက္ခတ်ဗေဒကိုလည်း ကျွမ်းကျင်ပါတယ်။ အင်္ဂလိပ်စာလည်း ဘယ်စကားလုံးက ဘယ်ဘာသာကနေ ဆင်းသက်လာတယ်။ ဘယ်စကားလုံးက ဘယ်လိုဖြစ်လာတယ် စသဖြင့် ပြောပြနိုင်ပါတယ်။ ကံကောင်းချင်တော့ ဆရာက ကျွန်တော့်အိမ်နားမှာနေပါတယ်။ ညဘက် ဆရာနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ပြီး စကားပြောရတာ၊ ဆွေးနွေးရတာ ကျွန်တော့်ဘဝမှာ မမေ့နိုင်တဲ့အချိန်တွေထဲမှာ ပါပါတယ်။ တစ်နေ့တော့ ဆရာက ကျွန်တော့်ကို "ခင်ဗျား တိုးတက်မှုအတွက် အစီအစဉ်ဘယ်လိုချထားလဲ"လို့ မေးပါတယ်။ ကျွန်တော်လည်း ဘာဖြေရမှန်းမသိ ဖြစ်သွားပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်တိုးတက်မှုအတွက် ကျွန်တော့်မှာ အစီအစဉ်မရှိလို့ပါ။ ပိုဆိုးတာက အစီအစဉ်ရှိရမယ်ဆိုတာလည်း မသိတာပါ။ ဒါပေမယ့် ဆရာအထင်သေးတာကို မခံချင်တာနဲ့ မနက်မိုးလင်းအိပ်ရာထရင် ကျူရှင်ပေးကြောင်း၊ ကျူရှင်ကပြီးရင် ရုံးသွားကြောင်း၊ ရုံးမှာ တစ်နေ့လုံးအလုပ်ကို ကြိုးစားလုပ်ကြောင်း၊ ရုံးကပြီးရင် ကျူရှင်ပေးကြောင်း၊ အိမ်ကို ည ၈ နာရီလောက်မှ ပြန်ရောက်ကြောင်းတို့ကို ၁၅ မိနစ်လောက် ကျွန်တော်ရှင်းပြပါတယ်။ ဆရာက ပြုံးပြီးနားထောင်နေပါတယ်။ ကျွန်တော်ရှင်းပြတာက လေယာဉ်ပျံတစ်စင်း လေယာဉ်ကွင်းကို ဆင်းခါနီး တစ်ပတ်ပြီးတစ်ပတ် ပတ်နေသလို လိုရင်းကိုမရောက်တာကို ဆရာက သိပါတယ်။ နောက်ဆုံး ဆရာက "ကိုကျော်ကျော်လှိုင် ခင်ဗျားမှာ တိုးတက်ဖို့အတွက် အစီအစဉ်မရှိပါဘူး ကျွန်တော်ပြောတာမှန်တယ်မဟုတ်လား"လို့ မေးပါတယ်။ ကျွန်တော်လည်း "ဟုတ်ပါတယ်"လို့ ဝန်ခံလိုက်ရပါတယ်။

ဆရာက အခုအမေရိကားမှာ နေပါတယ်။ ကျွန်တော်နဲ့ နောက်ဆုံးတွေ့ခဲ့တာ ၁၉၉၃ ခုနှစ်က အမေရိကန်နိုင်ငံ ဟူစတန်မြို့မှာပါ။ ဆရာနဲ့ မတွေ့ရတာ အနှစ် ၂၀ ကျော်ပါပြီ။ အလွန်လည်း တွေ့ချင်နေပါတယ်။ ကျွန်တော်က ကျွန်တော့်မှာ တိုးတက်ဖို့အတွက် အစီအစဉ်ချမထားမိကြောင်း ဝန်ခံလိုက်တဲ့အခါ ဆရာဦးလှမင်းက "ကိုကျော်ကျော်လှိုင် တိုးတက်မှုဆိုတာ အလိုအလျောက် မဖြစ်နိုင်ကြောင်း၊ အလိုအလျောက်ဖြစ်နေတာက တစ်နေ့တခြား အိုလာပြီး သေဖို့သာ ဖြစ်နိုင်ကြောင်း၊ တိုးတက်မှုရှိဖို့ကို အစီအစဉ်ချပြီး ကြိုးစားယူရမှာဖြစ်ကြောင်း၊ နေ့စဉ် အလုပ်များနေတာ တိုးတက်မှုမဟုတ်ကြောင်း၊ နေ့စဉ် တိုးတက်မှုရှိနေဖို့လိုကြောင်း၊ အသိပညာတွေ၊ အတတ်ပညာတွေ၊ စိတ်ဓာတ်တွေ၊ အမူအကျင့်တွေ၊ ကိုယ်ကျင့်တရားတွေ နေ့စဉ်တိုးတက်မှု ရှိနေဖို့လိုကြောင်း၊ တိုးတက်မှုအတွက် အစီအစဉ်ချပြီး ကြိုးစားဖို့လိုကြောင်း"ကို ရှင်းပြပါတယ်။ မှတ်မှတ်ရရ ဆရာပြောခဲ့တာ ၁၉၇၈ ခုနှစ်က ထင်ပါတယ်။ ၃၄ နှစ်ရှိပါပြီ။ မနေ့က ပြောခဲ့သလို အမှတ်ရနေဆဲပါ။ ဆရာပြောခဲ့တဲ့နေ့ကစပြီး ကျွန်တော့် ဘဝတိုးတက်မှုအတွက် အစီအစဉ်တွေချခဲ့ပါတယ်။ ချခဲ့တဲ့အစီအစဉ်တွေအတိုင်းလည်း လိုက်နာဆောင်ရွက်ခဲ့ပါတယ်။

လူတိုင်း နေ့စဉ်တိုးတက်မှုရှိဖို့လိုပါတယ်။ လူတိုင်းက အောင်မြင်မှုကို အလိုရှိနေကြပါတယ်။ အောင်မြင်မှုရဲ့ လျှို့ဝှက်ချက်ကို သိချင်နေကြပါတယ်။ တကယ်တော့ အောင်မြင်မှုရဲ့ အခြေခံအချက်က နေ့စဉ် မိမိဘဝကို ဘယ်လိုဖြတ်သန်းလဲဆိုတာပါပဲ။ တိုးတက်မှုအတွက် နေ့စဉ် အစီအစဉ်ချပြီး လုပ်ဆောင်နေသူက အစွမ်းကုန် တိုးတက်မှုဖြစ်ဖို့ တစ်နေ့တခြား နီးကပ်နေပါတယ်။ အောင်မြင်မှုကိုလည်း မလွဲမသွေရမှာပါ။ ဒါကို လုပ်ရန်ပျက်ကွက်သူဘဝကတော့ ရေစုန်မျောသလို

**လူတိုင်း နေ့စဉ်တိုးတက်မှုရှိဖို့လိုပါတယ်။ လူတိုင်းက အောင်မြင်မှုကို အလိုရှိနေကြပါတယ်။ အောင်မြင်မှုရဲ့ လျှို့ဝှက်ချက်ကို သိချင်နေကြပါတယ်။ တကယ်တော့ အောင်မြင်မှုရဲ့ အခြေခံအချက်က နေ့စဉ် မိမိဘဝကို ဘယ်လိုဖြတ်သန်းလဲဆိုတာပါပဲ။ တိုးတက်မှုအတွက် နေ့စဉ်အစီအစဉ်ချပြီး လုပ်ဆောင်နေသူက အစွမ်းကုန်တိုးတက်မှုဖြစ်ဖို့ တစ်နေ့တခြား နီးကပ်နေပါတယ်။ အောင်မြင်မှုကိုလည်း မလွဲမသွေရမှာပါ။ ဒါကို လုပ်ရန်ပျက်ကွက်သူဘဝကတော့ ရေစုန်မျောသလိုဖြစ်နေပြီး တစ်နေ့တခြား အောင်မြင်မှုနဲ့ ဝေးရပါလိမ့်မယ်။**

ဖြစ်နေပြီး တစ်နေ့တခြား အောင်မြင်မှုနဲ့ ဝေးရပါလိမ့်မယ်။

နေ့စဉ်လေ့လာသင်ကြားမှုကို တစိုက်မတ်မတ် နှစ်ပေါင်း ၃၄ နှစ်ကျော် ကျွန်တော်လုပ်ခဲ့ပါတယ်။ ကျွန်တော့်ဘဝအတွေ့အကြုံကို အခြေခံပြီး တိုးတက်မှုအတွက် ဘယ်လိုအစီအစဉ်တွေ ဆွဲရမယ်ဆိုတာကို ပြောပြပါမယ်။

**အစီအစဉ်မှာ ပထမဦးဆုံးပါရမယ့်အချက်ကတော့**

မိမိအတွက် အရင်ဆုံး ရင်းနှီးမြှုပ်နှံမှု လုပ်ဖို့ပါပဲ။ လူတိုင်းခေါင်းဆောင်အရည်အသွေးတွေ ပြည့်နေဖို့လိုပါတယ်။ ဘာကြောင့်လဲဆိုတော့ လူတိုင်းမိမိကိုယ်မိမိ အရင်ဦးဆောင်ဖို့လိုလို့ပါ။ မိမိကိုယ်မိမိ ဦးဆောင်ပြီးရင် မိမိမိသားစုကိုလည်း ဦးဆောင်ဖို့လိုပါတယ်။ လူတိုင်းလိုလို တစ်နေ့မှာ မိမိအဖွဲ့အစည်းကိုလည်း ဦးဆောင်ရမယ့် အခွင့်အရေးတွေ ရှိလာနိုင်ပါတယ်။ မိမိတိုင်းပြည်ကိုလည်း ဦးဆောင်ရမယ့်အခွင့်အရေးတွေ ရှိလာနိုင်ပါတယ်။ မိသားစုတွေ၊ အဖွဲ့အစည်းတွေ၊ တိုင်းပြည်တွေရဲ့ တိုးတက်မှု၊ အောင်မြင်မှုက ခေါင်းဆောင်ပေါ်မှာ မူတည်ပါတယ်။ ခေါင်းဆောင်ရဲ့ အမြော်အမြင်ရှိမှု၊ တိုးတက်မှုရှိသလောက်ပဲ အဖွဲ့အစည်းက တိုးတက်ပါလိမ့်မယ်။ တိုင်းပြည်က တိုးတက်ပါလိမ့်မယ်။ ဒါကြောင့် မိမိအတွက် အရင်ဆုံး ရင်းနှီးမြှုပ်နှံမှုလုပ်ပါလို့ ပြောတာပါ။ စာအုပ်တွေ ဝယ်ပါ၊ ဖတ်ပါ၊ ဟောပြောပွဲတွေ တက်ပါ။ ဟောပြောပွဲတွေ နားထောင်ဖို့ အချိန်ပေးပါ။ ခက်တာလည်း ကျွန်တော်တို့နိုင်ငံမှာ ဂီတဖျော်ဖြေပွဲတွေကို နှစ်သောင်း၊ သုံးသောင်းပေးကြည့်ကြပေမယ့် ဟောပြောပွဲတွေကို အခမဲ့လက်မှတ်ရနေတာတောင် တက်နားထောင်ဖို့ အချိန်မပေးကြဘူး။

တိုးတက်နေတဲ့ နိုင်ငံခြားတိုင်းပြည်တွေမှာ ဟောပြောပွဲတစ်ခု တက်နားထောင်ဖို့က အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၀၀၀ လောက် ပေးရပါတယ်။ အမေရိကန်ဒေါ်လာ ၁၀၀၀ ဆိုတော့ မြန်မာငွေ ၁၀ သိန်းလောက် ရှိပါတယ်။ မိမိဘဝ တိုးတက်ဖို့အတွက် တစ်နေ့ ဟောပြောပွဲကို မြန်မာငွေ ၁၀ သိန်း ရင်းနှီးမြှုပ်နှံကြလို့လည်း နိုင်ငံရပ်ခြားက လူတွေရဲ့ စွမ်းဆောင်ရည်တွေက မြင့်နေကြတာပါ။

ကျွန်တော်တို့နိုင်ငံမှာ ငွေကျပ် ၁၀ သိန်း ရင်းနှီးစရာမလိုဘဲ ဘဝတိုးတက်မှုအတွက် ဟောပြောပွဲတွေ အခမဲ့တက်လို့ရပါတယ်။ FM နားထောင်လို့လည်းရပါတယ်။ တီဗွီတွေမှာ လေ့လာသင်ယူလို့ရပါတယ်။ အချိန်တော့ ရင်းနှီးမြှုပ်နှံရပါလိမ့်မယ်။ ဒါကြောင့် မိမိအတွက် အရင်ဆုံး ရင်းနှီးမြှုပ်နှံမှုလုပ်ပါလို့ ကျွန်တော်ပြောတာပါ။ မိမိအတွက် အရင်စဉ်းစားပါ၊ ရင်းနှီးမြှုပ်နှံပါဆိုတော့ တချို့တွေက တစ်ကိုယ်ကောင်းမဆန်ဘူးလား၊ အတ္တမကြီးဘူးလားလို့ ဝေဖန်နိုင်ပါတယ်။ ဒီအချက်ကိုရှင်းပြဖို့ လေယာဉ်ပျံပေါ်မှာ လေယာဉ်မယ်က အရေးပေါ် အောက်ဆီဂျင် အသက်ရှူကိရိယာ သုံးနည်းညွှန်ကြားချက်ကို နမူနာအဖြစ် ပြန်ပြောပြချင်ပါတယ်။ လေယာဉ်စီးဖူးသူတိုင်း ကြားဖူးကြပါလိမ့်မယ်။ အရေးပေါ်အခြေအနေမှာ အောက်ဆီဂျင် အသက်ရှူကိရိယာ အလိုအလျောက် လေယာဉ်အမိုးက ကျလာမည်ဖြစ်ကြောင်း၊ ကလေးပါလာလျှင် လူကြီးက အသက်ရှူကိရိယာကို မိမိအရင်တပ်ပြီးမှ ကလေးကို တပ်ပေးရမယ်လို့ ညွှန်ကြားတာ ကြားဖူးကြမှာပါ။ လူကြီးကို အရင်တပ်ခိုင်းတာ တစ်ကိုယ်ကောင်းဆန်တာမဟုတ်ပါဘူး။ ကလေးကို အရင်တပ်ပေးနေစဉ်မှာ အောက်ဆီဂျင်မရလို့ လူကြီးသတိလစ်သွားခဲ့ရင် လူကြီးရော၊ ကလေးရော အန္တရာယ်ရှိနိုင်လို့ လူကြီးက အောက်ဆီဂျင်အသက်ရှူကိရိယာကို အရင်တပ်ရတာပါ။ ဒီလိုပါပဲ ခေါင်းဆောင်ဆိုတာ အဖွဲ့အစည်းတစ်ခုလုံးကို ဦးဆောင်ရသူပါ။ အဖွဲ့အစည်းတစ်ခုလုံးရဲ့ တာဝန်က ခေါင်းဆောင်ပေါ်မှာ ရှိပါတယ်။ ခေါင်းဆောင်က ဦးဆောင်နိုင်တဲ့ စွမ်းရည်မရှိရင် အဖွဲ့အစည်းအတွက် အလွန်အန္တရာယ်များပါတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှုကို မိမိနဲ့ အရင်စပါလို့ ပြောတာပါ။ လောကကြီးမှာ ဒီအချက်က အမြဲမှန်တဲ့ နိယာမပါ။ မိဘက အကျင့်စာရိတ္တကောင်းမှ သားသမီးက လိမ္မာရေးခြားရှိမှာပါ။ ဆရာ ဆရာမတွေက ဆရာကျင့်ဝတ်ကို လိုက်နာမှ တပည့်တွေက ထူးချွန်လိမ္မာကြမှာပါ။ မန်နေဂျာတွေက စွမ်းရည်ထက်မှ ဝန်ထမ်းတွေက စွမ်းရည်တက်မှာပါ။ ခေါင်းဆောင်ကောင်းမှ အဖွဲ့ အစည်းမှာပါတဲ့ အဖွဲ့သားတွေက ကောင်းမှာပါ။ ဒါကြောင့်လည်း အမေရိကန်သမ္မတကြီး ဟယ်ရီထရူမင် (Harry Truman) က –

**"ပထမဦးဆုံး မိမိကိုယ်မိမိ ဦးဆောင်နိုင်ဖို့လိုတယ်။ မိမိဘဝကိုတောင် မိမိဦးဆောင်မှုမလုပ်နိုင်ရင် တခြားလူတွေကို ဦးဆောင်ဖို့ ခက်ပါတယ်"** လို့ ဆိုခဲ့ပါတယ်။

**ဒုတိယအချက်ကတော့**

စဉ်ဆက်မပြတ် လေ့လာသင်ကြားနေဖို့ပါပဲ။ ခေါင်းဆောင်တော်တော်များများက နေရာတစ်ခု ရာထူးတစ်ခုကို ရောက်သွားတဲ့အခါ အလုပ်များတာကတစ်ကြောင်း၊ လေ့လာသင်ကြားဖို့ မလိုတော့ဘူးလို့ ယူဆတာကတစ်ကြောင်း စသဖြင့် အကြောင်းကြောင်းတွေကြောင့် လေ့လာသင်ကြားမှုက အားနည်းလာပါတယ်။ ဒါ အန္တရာယ်များပါတယ်။ စာရေးဆရာကြီး ရစ်ဝါးရမ်း (Rick Warren) ကလည်း "ဘဝကြီး ရှင်သန်ရတဲ့အကြောင်း" စာအုပ်ထဲမှာ "လေ့လာသင်ကြားခြင်းကို ရပ်လိုက်တဲ့နေ့က သင့်ရဲ့ ဦးဆောင်မှုစွမ်းရည် ကျသွားတဲ့နေ့ပဲ"လို့ ရေးခဲ့ပါတယ်။ ခေါင်းဆောင်မှ မဟုတ်ပါဘူး။ အောင်မြင်လိုသူတိုင်း လေ့လာသင်ကြားခြင်းကို စဉ်ဆက်မပြတ် ပြုလုပ်နေဖို့ လိုပါတယ်။

**စာမျက်နှာ ၁၇ သို့** ❋

**ဝန်ထမ်းတိုင်းကို စွန့်စားရတဲ့အလုပ်တွေ၊ တာဝန်ယူရတဲ့အလုပ်တွေကို တာဝန်ပေးရပါမယ်။ သင်တန်းတွေ ပေးရပါမယ်။ စဉ်းစားတွေးခေါ်တတ်အောင်၊ တီထွင်မှုတွေ လုပ်တတ်အောင် အားပေးရပါမယ်။ အကြံဉာဏ်ပေးတာတွေကို လက်ခံပြီး လိုအပ်တဲ့ပြောင်းလဲခြင်းတွေ လုပ်ဖို့လိုပါတယ်။ ဒါတွေက ခေါင်းဆောင်ရဲ့တာဝန်ပါ။ ကျွန်တော်အခုပြောပြမယ့် အချက်တွေကို ဝန်ထမ်းတိုင်းရဲ့စိတ်မှာ သိရှိခံစားနေရပြီဆိုရင် ခေါင်းဆောင်က တိုးတက်မှုကိုဖြစ်စေတဲ့ အခွင့်အလမ်းကောင်းတွေ၊ အခြေအနေကောင်းတွေကို ဖန်တီးပေး။**

# မိုးညှင်း၊ မိုးကောင်းနှင့် ဗန်းမော်မြို့နယ်တို့၌ သောက်သုံးရေ ပေးဝေမှုများဆောင်ရွက်

**နေပြည်တော် မေ ၉**

ကချင်ပြည်နယ်အတွင်း သောက်သုံးရေရှားပါးသည့် ကာလများတွင် မြို့နယ်များရှိ သောက်သုံးရေ လိုအပ်လျက်ရှိသော သာသနိက ကျောင်းများနှင့် ရပ်ကွက်/ ကျေးရွာများအတွက် သက်ဆိုင်ရာ မြို့နယ်မီးသတ်စခန်းများမှ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

**သွားရောက်လှူဒါန်း**

ထိုသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းရာ၌ မေ ၈ ရက် နံနက်ပိုင်းတွင် မိုးညှင်းမြို့နယ် မီးသတ်စခန်းမှ ဒုမီးသတ်ဦးစီးမှူး ဦးအောင်ဇော်ဝင်း ဦးဆောင်သော မီးသတ် တပ်ဖွဲ့ဝင်များသည် မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် မိုးညှင်းမြို့ "စိန်ပတ်ထရိတ်" ဘုရားကျောင်းသို့ သောက်သုံးရေ ဂါလန် ၁၆၀၀ခန့်၊ နန့်မွန်းနယ်မြေ မီးသတ်စခန်းမှ ဒုမီးသတ်ဦးစီးမှူး ဦးအောင်ဆန်းလင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် နန့်ပဒဲကျေးရွာဘုန်းကြီးကျောင်းသို့ သောက်သုံးရေဂါလန် ၈၀၀ခန့်၊ ဟိုပင်နယ်မြေ မီးသတ်စခန်းမှ ဒုမီးသတ်ဦးစီးမှူး ဦးသိန်းကျော် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ဟိုပင်မြို့ မြသီတာရပ်ကွက် "ရတနာမာန်အောင်" ကျောင်းတိုက်သို့ သောက်သုံးရေဂါလန် ၈၀၀ခန့်၊ မိုးကောင်းမြို့နယ်



နမ္မတီးနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးယန်မီဒီးဇီ ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် နမ္မတီးမြို့ မြို့သာယာရပ်ကွက်ရှိ "စေတီယပါဠ" ကျောင်းတိုက်သို့ သောက်သုံးရေဂါလန် ၃၂၀၀ ခန့် နှင့် ဗန်းမော်မြို့နယ် မီးသတ်စခန်းမှ ဒုမီးသတ်ဦးစီးမှူး ဦးစည်သူ ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ဗန်းမော်မြို့ ရွှေပြည်သာရပ်ကွက် ကြက်ခြေနီရုံးသို့ သောက်သုံးရေဂါလန် ၈၀၀ ခန့် သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မျိုး**

## အယ်ဒီတာထံပေးစာကဏ္ဍ

### တရားမဝင် လောင်းကစားဝိုင်းအား တားမြစ်အရေးယူ ပေးစေလို

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဒေသအနှံ့အပြား၌ နှစ်လနီးပါး ကြာမြင့်နေပြီဖြစ်သော တရားမဝင် လောင်းကစားဝိုင်းများကြောင့် မြို့ပြနှင့် ကျေးလက်ဒေသနေသူများ လူမှုဘဝ၊ စီးပွားရေးလုပ်ငန်းများ များစွာထိခိုက်နစ်နာမှုများရှိနေရာ အဆိုပါ တရားမဝင်လောင်းကစားဝိုင်းများအား သက်ဆိုင်ရာမှ အမြန်ဆုံး တားမြစ်အရေးယူပေးနိုင်ပါရန် အယ်ဒီတာမှတစ်ဆင့် တင်ပြအပ်ပါသည်။

**ရေတာရှည် နယ်သားတစ်ဦး**

✻ စာမျက်နှာ ၁၆ မှ

စဉ်ဆက်မပြတ် လေ့လာသင်ကြားနေသူကသာ အောင်မြင်မှုတွေကို ဆင့်ကဲဆင့်ကဲ ရရှိနေမှာဖြစ်ပါတယ်။ နေရာတစ်ခုကို ရတဲ့အခါ၊ ရာထူးတစ်ခုကို ရတဲ့အခါ၊ ပိုင်ဆိုင်မှု ငွေကြေးချမ်းသာမှုတွေကို ရတဲ့အခါ လူတော်တော်များများက အောင်မြင်မှုရပြီလို့ ထင်ကြပါတယ်။ အောင်မြင်မှုကို ရပြီလို့ထင်တာနဲ့ လေ့လာသင်ကြားမှုကိုလည်း လျှော့လိုက်ပါတယ်။ အောင်မြင်မှုဆိုတာ နေရာတစ်ခု၊ ရာထူးတစ်ခု၊ ငွေကြေးပိုင်ဆိုင်မှု အတိုင်းအတာတစ်ခု မဟုတ်ပါဘူး။ အောင်မြင်မှုဆိုတာ အောင်မြင်မှုတွေ ဆင့်ကဲဆင့်ကဲ တိုးတက်ဖြစ်ပေါ်နေတဲ့ ခရီးရှည်ကြီးပါ။ ဒီခရီးရှည်ကို လျှောက်ဖို့အတွက် အရေးကြီးတဲ့ ခွန်အားတစ်ခုကတော့ လေ့လာသင်ကြားခြင်းပါ။ အောင်မြင်သူတိုင်းက အရာရာကို လေ့လာသင်ယူလို့ရတယ်လို့ ခံယူထားသူတွေပါ။ လူတိုင်းလူတိုင်းမှာ နောက်လူတစ်ထောင် မလုပ်နိုင်တဲ့ ကျွမ်းကျင်မှုတစ်ခု ပိုင်ဆိုင်တယ်လို့ ယုံကြည်သူတွေပါ။ အောင်မြင်သူတိုင်းက ဘယ်သူ့ဆီကပဲဖြစ်ဖြစ် သင်ယူဖို့ အသင့်ရှိနေသူပါ။ ငါတတ်တယ်၊ ငါတော်တယ်လို့ထင်တဲ့ လူတွေကတော့ ဘယ်သူ့ဆီကမှ သင်ယူလို့ရမှာ မဟုတ်ပါဘူး။ တကယ်တော့ ငါတတ်တယ်၊ ငါတော်တယ်လို့ ထင်နေသူတွေက မိမိကိုယ်မိမိ လှည့်စားနေတာပါ။ သင်ယူချင်တဲ့စိတ်မရှိရင်၊ သင်ယူမှုမလုပ်ရင်တော့ တဖြည်းဖြည်းနဲ့ အသိပညာအဆင့်က ကျလာပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အသိပညာအဆင့်က တိုးနေတယ်နဲ့ ကျနေတယ်ပဲ ရှိပါတယ်။ ရပ်နေတယ်ဆိုတာ မရှိပါဘူး။

ဘွဲ့တစ်ခုရပြီး လေ့လာသင်ကြားခြင်းကို ဆက်မလုပ်ရင် အဆင့်ကျသွားပါမယ်။ ဟုတ်ပါတယ်။ ဘွဲ့တစ်ခုရအောင်သင်တယ်ဆိုတာက သမားရိုးကျလေ့လာသင်ကြားခြင်းပါ။ ဘွဲ့ရတဲ့အတွက် အသက်မွေးဝမ်းကျောင်းတော့ အဆင်ပြေနိုင်ပါတယ်။ အောင်မြင်မှုတော့ မရနိုင်ပါဘူး။ အောင်မြင်မှုရဖို့ကတော့ စဉ်ဆက်မပြတ် လေ့လာသင်ကြားဖို့လိုပါတယ်။ ကျွန်တော်ပြောနေတဲ့ စဉ်ဆက်မပြတ် လေ့လာသင်ကြားတယ်ဆိုတာ ကျောင်းတွေ တစ်ခုပြီးတစ်ခု တက်ခိုင်းနေတာ မဟုတ်ပါဘူး။ နေ့စဉ် အသက်ရှင်နေတဲ့ဘဝမှာ လေ့လာသင်ကြားခြင်းကို နေ့စဉ် ထမင်းစားသလို လုပ်ရမယ့်အလုပ်တစ်ခုအဖြစ် အလေ့အကျင့်လုပ်ဖို့ပါ။ လေ့လာသင်ကြားခြင်းကို နေ့စဉ် လုပ်နေသူရဲ့ အသိပညာအဆင့်က တိုးနေပါတယ်။ လေ့လာသင်ကြားခြင်းကို ရပ်လိုက်တဲ့အခါ အသိပညာအဆင့်က ရပ်မနေဘဲ ကျသွားပါတယ်။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာကြီးက အမြဲပြောင်းလဲနေလို့ပါ။ အသစ်အဆန်းတွေက အမြဲပေါ်နေပါတယ်။ မနေ့ကမှန်တယ်လို့ ယူဆထားတဲ့ အတွေးအခေါ်တွေက ဒီနေ့ မှားနိုင်ပါတယ်။ နောက်တစ်ချက်က ကိုယ်ကရပ်လိုက်ပေမယ့် ကိုယ့်ပတ်ဝန်းကျင်က လူတွေက လေ့လာသင်ကြားမှုကို နေ့စဉ်လုပ်နေရင် ကိုယ်က တဖြည်းဖြည်း နောက်ရောက်သွားတာပါပဲ။

လေ့လာသင်ကြားတာနဲ့ပတ်သက်ပြီး လောကကြီးမှာ လူ သုံးမျိုး သုံးစားရှိပါတယ်။

**ပထမအမျိုးအစားကတော့** **"ငါမလုပ်ဖူးတာတွေကိုစမ်းလုပ်မယ်" ဆိုတဲ့စိတ်ရှိသူတွေပါ။ ဒီလူတွေက စမ်းသပ်မယ်ဆိုတဲ့ နယ်မြေထဲမှာရှိပါတယ်။**

**ဒုတိယအမျိုးအစားကတော့** **"ငါလုပ်နိုင်တဲ့ အလုပ်တွေပဲငါလုပ်မယ်" ဆိုတဲ့ စိတ်ရှိသူတွေပါ။ ဒီလူတွေက သက်သက်သာသာနေမယ်ဆိုတဲ့ နယ်မြေထဲမှာရှိပါတယ်။**

**တတိယအမျိုးအစားကတော့** **"မလုပ်ရလေကောင်းလေပဲ" ဆိုတဲ့ စိတ်ရှိသူတွေပါ။ ဒီလူတွေကတော့ ဘဝသေသွားတဲ့ နယ်မြေထဲ ရောက်သွားပါပြီ။**

လူတိုင်းပဲ မွေးလာတာနဲ့ စမ်းသပ်မယ်ဆိုတဲ့နယ်မြေထဲက စခဲ့ရတာပါ။ မွေးကင်းစကတည်းကစပြီး အစားစားတတ်အောင်၊ လမ်းလျှောက်တတ်အောင်၊ စကားပြောတတ်အောင် သင်ခဲ့ကြရတာပါ။ စကားပြောတတ်ပြီး မကြာမီမှာပဲ ကျောင်းတက်ခဲ့ရပါတယ်။ ကျောင်းမှာ ၁၀ နှစ်ကျော် သင်ပြီး တက္ကသိုလ်မှာ အနည်းဆုံး လေးနှစ်ကျော် စာသင်ရပြန်ပါတယ်။ ဘွဲ့တစ်ခုရပြီးသွားတဲ့အခါ သင်ကြားဖို့မလိုတော့ဘူးလို့ စိတ်ဖြစ်တာလည်း မဆန်းပါဘူး။ လူတော်တော်များများက ဘွဲ့တစ်ခုရပြီးသွားတဲ့အခါ မလုပ်ဖူးတာတွေကို စမ်းလုပ်မယ်ဆိုတဲ့စိတ် ပျောက်သွားပါတယ်။ ဒီအချိန်မှာ မိမိနေတဲ့ နယ်မြေလည်း ပြောင်းသွားပါတယ်။ တချို့ သက်သက်သာသာနေရတဲ့ နယ်မြေကို ပြောင်းသွားကြပြီး တချို့ဘဝသေတဲ့နယ်မြေကို ပြောင်းသွားပါတယ်။ စမ်းသပ်နယ်မြေမှာ မနေတော့တဲ့နေ့က လူတစ်ယောက်ရဲ့ တိုးတက်မှုတွေ၊ အောင်မြင်မှုတွေ မရနိုင်တော့တဲ့နေ့ပါပဲ။ လူတစ်ယောက်က လေ့လာသင်ကြားနေဖို့ မလုပ်ဖူးတဲ့အသစ်အဆန်းတွေကို လုပ်ကြည့်ဖို့၊ လုပ်တဲ့အခါ အမှားတွေနဲ့တွေ့ပြီး အမှားတွေကနေ သင်ခန်းစာယူဖို့ဆိုတာတွေကို စမ်းသပ်နယ်မြေမှာပဲ လုပ်လို့ရပါတယ်။

အောင်မြင်မှုကို ဆင့်ကဲဆင့်ကဲရဖို့ စဉ်ဆက်မပြတ် လေ့လာသင်ကြားဖို့ လိုပါတယ်။ ဒီအချက်ကို ဘာနဲ့မှ အစားထိုးလို့မရပါဘူး။ လေ့လာသင်ကြားတာနဲ့ပတ်သက်ပြီး မပျက်မကွက် နေ့စဉ် ကျွန်တော်လုပ်တဲ့ အလုပ်တွေကို ဝေမျှချင်ပါတယ်။

- **အသိပညာတိုးတက်ဖို့အတွက် နေ့စဉ် ကျွန်တော်စာဖတ်ပါတယ်။**
- **အမြင်တွေကျယ်ဖို့ နေ့စဉ် နားထောင်ပါတယ်။**
- **လေ့လာသင်ကြားထားတာတွေကို အသုံးချနိုင်ဖို့ နေ့စဉ် ကျွန်တော်စဉ်းစားတွေးခေါ်ပါတယ်။**
- **လေ့လာသင်ကြားထားတာတွေ ရေရှည်တည်မြဲဖို့ အများကို ပြန်လည်သင်ကြားပေးပါတယ်။**

ဂျာမန်တွေးခေါ်ပညာရှင်ကြီး ဂျိုးသီ (Goethe) က

**"ပြောင်မြောက်ဖန်တီးထားတဲ့ အနုပညာတစ်ခုကို မကြည့်ဘဲနဲ့၊ အလွန်ကောင်းတဲ့ သီချင်းတစ်ပုဒ်ကို နားမထောင်ဘဲနဲ့၊ စာအုပ်ကောင်းတစ်အုပ်ကို မဖတ်ဘဲနဲ့ တစ်နေ့တာကို အချိန်မကုန်ပါစေနဲ့"**လို့ အကြံပေးခဲ့ပါတယ်။ ကျွန်တော် သိပ်ကြိုက်တဲ့အကြံပေးချက်ဖြစ်ပြီး အတတ်နိုင်ဆုံးလည်း ကျွန်တော်လိုက်နာပါတယ်။

**တတိယနဲ့ နောက်ဆုံးလုပ်ရမယ့်အချက်ကတော့**

တိုးတက်မှုကိုဖြစ်စေနိုင်တဲ့ အခွင့်အလမ်းတွေကို ဖန်တီးပေးဖို့ပါပဲ။ ကျွန်တော်တို့နိုင်ငံမှာ အစိုးရအဖွဲ့အစည်းတွေကိုပဲကြည့်ကြည့်၊ ပုဂ္ဂလိကအဖွဲ့အစည်းတွေကိုပဲကြည့်ကြည့် တိုးတက်မှုကို အားပေးတဲ့ အဖွဲ့အစည်းတွေက နည်းနေပါတယ်။ ဝန်ထမ်းတွေကလည်း တိုးတက်မှုအတွက် စဉ်ဆက်မပြတ်လေ့လာမှု အားနည်းပါတယ်။ ကျောင်းက ဘွဲ့ရပြီးရင် ထပ်ပြီးလေ့လာသင်ကြားဖို့ မလိုတော့ဘူးလို့ သတ်မှတ်ထားပါတယ်။ ဒီနေ့ခေတ်ကလေးတွေကတော့ နည်းနည်းပြောင်းလာပါတယ်။ ကျောင်းကဘွဲ့တစ်ခုရပြီးရင် နောက်ဘွဲ့တစ်ခုရဖို့ ကြိုးစားကြပါတယ်။ ဘွဲ့တစ်ခုထက်မက ရတာကောင်းပါတယ်။ ဘွဲ့ရဖို့အတွက်ပဲတော့ မကြိုးစားစေချင်ပါဘူး။ လေ့လာသင်ကြားတာကို စဉ်ဆက်မပြတ် နေ့စဉ်လုပ်နိုင်ဖို့က ပိုအရေးကြီးပါတယ်။ အဖွဲ့အစည်းတွေကလည်း တိုးတက်မှုကို အားပေးတဲ့အဖွဲ့အစည်းတွေ ဖြစ်ဖို့လိုပါတယ်။ တိုးတက်မှုကိုအားပေးဖို့၊ တိုးတက်မှုကိုဖြစ်စေနိုင်တဲ့ အခြေအနေတွေကိုလည်း ဖန်တီးပေးရပါမယ်။ ဝန်ထမ်းတိုင်းကို စွန့်စားရတဲ့အလုပ်တွေ၊ တာဝန်ယူရတဲ့အလုပ်တွေကို တာဝန်ပေးရပါမယ်။ သင်တန်းတွေ ပေးရပါမယ်။ စဉ်းစားတွေးခေါ်တတ်အောင်၊ တီထွင်မှုတွေလုပ်တတ်အောင် အားပေးရပါမယ်။ အကြံညာဏ်ပေးတာတွေကို လက်ခံပြီး လိုအပ်တဲ့ပြောင်းလဲခြင်းတွေ လုပ်ဖို့လိုပါတယ်။ ဒါတွေက ခေါင်းဆောင်ရဲ့တာဝန်ပါ။ ကျွန်တော်အခုပြောပြမယ့် အချက်တွေကို ဝန်ထမ်းတိုင်းရဲ့စိတ်မှာ သိရှိခံစားနေရပြီဆိုရင် ခေါင်းဆောင်က တိုးတက်မှုကိုဖြစ်စေတဲ့ အခွင့်အလမ်းကောင်းတွေ၊ အခြေအနေကောင်းတွေကို ဖန်တီးပေးထားတာပါပဲ။

- **ငါမတော်ရင် ငါမတတ်ရင် ငါကျန်နေခဲ့မယ်။**
- **စိန်ခေါ်မှုတိုင်းကို ငါရင်ဆိုင်မယ်။**
- **ငါဆုံးဖြတ်မယ်၊ မှားရင်တာဝန်ယူလိုက်မယ်။**
- **ငါကောင်းသထက်ကောင်းအောင်လုပ်မယ်။**
- **ငါလေ့လာမယ်၊ နားထောင်မယ်၊ စဉ်းစားမယ်။**
- **ပြောင်းလဲခြင်းဆိုတာအမြဲဖြစ်နေတယ်။**
- **ငါပြောင်းလဲသင့်ရင်ပြောင်းလဲမယ်။**
- **ငါ့အဖွဲ့အစည်းက ငါ့ရဲ့ကြိုးစားမှုတိုင်းကို အသိအမှတ်ပြုတယ်။**
- **တိုးတက်မှုရှိနေဖို့က ငါ့တာဝန်ပဲ။**
- **နေ့တိုင်းကအလုပ်တိုင်းက ငါ့ကို ပျော်ရွှင်မှုတွေပေးတယ်။**

စဉ်ဆက်မပြတ် နေ့စဉ်လေ့လာသင်ယူနေမှ အောင်မြင်မှုတွေကို ရရှိပါလိမ့်မယ်။ ဒီအချက်က ခေါင်းဆောင်တွေအတွက် ပိုအရေးကြီးပါတယ်။ အမေရိကန်သမ္မတကြီး ဂျွန်အက်(ဖ်) ကနေဒီ (John F Kennedy) ကလည်း **"ခေါင်းဆောင်မှုနဲ့ လေ့လာသင်ကြားခြင်းဟာ အမြဲတွဲနေပါတယ်။ ခွဲလို့မရတဲ့အရာနှစ်ခုပါ"**လို့ ပြောခဲ့ပါတယ်။

ဒါကြောင့် စာဖတ်သူလည်း နေ့စဉ်လေ့လာသင်ကြားနေပါလို့ မှာချင်ပါတယ်။ ။

**(ဆရာကျော်ကျော်လှိုင်၏ "ရွှေလိုတန်ဖိုးရှိသော ခေါင်းဆောင်မှု" စာအုပ်မှ "နေ့စဉ်လေ့လာသင်ယူနေမှ အမြဲဦးဆောင်နိုင်မယ်" ဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မေလ ၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မဲရုံ ၇၅ ရုံ | ၁၃၂၅၅၂ | ၁၂၁၉၀၄ | ၉၇၃၀ | ၁၀၅၁ | ၁၄၈၁၆ |
| ၂ | မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် မဲရုံ ၇၄ ရုံ | ၁၅၁၃၈၁ | ၁၄၄၁၃၀ | ၂၃၀၈၆ | ၁၂၃၃ | ၁၆၃၃၀ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ရရှိ/သုံးစွဲ/လက်ကျန်အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၁၄၉ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၁၃၉၈၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၅၃၅၁၂၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၀၄၇၆၊ မြေပြင်လက်ကျန် ၁၅၉၉၅၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်း ပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၃၆၁၂ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၃၀၉၄ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ချောင်းဆုံမြို့နယ် | ၇၅ | ၁၄၇၉၉၄ | ၇၃၂၀၇ | ၇၄၇၈၇ | ၇၄၇၆၂ | ၁၀၅၉ | ၁၀၃၄ |
| ၂ | သံဖြူဇရပ်မြို့နယ် | ၇၄ | ၁၆၅၉၉၄ | ၈၀၃၀၅ | ၈၅၆၈၉ | ၈၅၁၉၆ | ၂၅၅၃ | ၂၀၆၀ |
| | စုစုပေါင်း | ၁၄၉ | ၃၁၃၉၈၈ | ၁၅၃၅၁၂ | ၁၆၀၄၇၆ | ၁၅၉၉၅၈ | ၃၆၁၂ | ၃၀၉၄ |

**ချောင်းဆုံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ရပ်ကွက် ၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၃ အုပ်စု၊ မဲရုံပေါင်း ၇၅ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၄၇၉၉၄ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၇၃၂၀၇၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၄၇၈၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၄၇၆၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၄၂၆၅၀ | ၇၂၂၂၂ | ၇၀၄၂၈ | ၆၉၄၈၆ | ၁၀၅၉ | ၁၁၇ |
| ၂ | မြို့နယ်မဲလက်မှတ် | ၅၃၄၄ | ၉၈၅ | ၄၃၅၉ | ၅၂၇၆ | | ၉၁၇ |
| | စုစုပေါင်း | ၁၄၇၉၉၄ | ၇၃၂၀၇ | ၇၄၇၈၇ | ၇၄၇၆၂ | ၁၀၅၉ | ၁၀၃၄ |

၆။ ချောင်းဆုံမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၉ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ် အရေအတွက် ၁၀၅၉ ပျောက်ဆုံးနေပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၄ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၁၁၇ ပိုမိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက် ၄၃၅၉ ဖြစ်သော်လည်း မြေပြင်တွင် ၅၂၇၆ ကျန်ရှိနေသဖြင့် မဲလက်မှတ် ၉၁၇ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၇။ ချောင်းဆုံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –



ချောင်းဆုံမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ချောင်းဆုံအရှေ့ရပ်ကွက် | ၂ | ၃၁၀၀ | ၁၆၆၉ | ၁၄၃၁ | ၁၄၃၄ | | ၃ |
| ၂ | ချောင်းဆုံအနောက်ရပ်ကွက် | ၂ | ၃၅၀၀ | ၁၉၀၇ | ၁၅၉၃ | ၁၅၉၃ | | |
| ၃ | တိုးချဲ့ရပ်ကွက် | ၁ | ၂၃၀၀ | ၁၁၅၁ | ၁၁၄၉ | ၁၁၉၉ | | ၅၀ |
| ၄ | မုရစ်ကြီးကျေးရွာအုပ်စု | ၂ | ၃၄၀၀ | ၁၅၇၇ | ၁၈၂၃ | ၁၄၇၃ | ၃၅၀ | |
| ၅ | ကရင်ဝင်းစိန်ကျေးရွာအုပ်စု | ၁ | ၂၉၀၀ | ၁၀၂၂ | ၁၈၇၈ | ၁၄၇၈ | ၄၀၀ | |
| ၆ | စော်ကဲကျေးရွာအုပ်စု | ၁ | ၁၆၅၀ | ၈၆၇ | ၇၈၃ | ၇၈၃ | | |
| ၇ | မုကွဲကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၀၄၁ | ၇၀၉ | ၇၀၉ | | |
| ၈ | ကမနင်းကျေးရွာအုပ်စု | ၁ | ၂၄၀၀ | ၁၂၅၂ | ၁၁၄၈ | ၁၁၄၈ | | |
| ၉ | ကလော့ကျေးရွာအုပ်စု | ၂ | ၄၂၀၀ | ၂၀၀၇ | ၂၁၉၃ | ၂၁၉၃ | | |
| ၁၀ | နီးမုတ်ကျေးရွာအုပ်စု | ၂ | ၃၇၀၀ | ၁၉၃၉ | ၁၇၆၁ | ၁၇၆၁ | | |
| ၁၁ | တော်ပွန်ကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၀၃ | ၁၉၇ | ၁၉၇ | | |
| ၁၂ | ဇီးကုန်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၂၃ | ၃၇၇ | ၃၇၇ | | |
| ၁၃ | ခရိုက်သစ်ကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၉၅၅ | ၈၄၅ | ၈၄၅ | | |
| ၁၄ | ကွမ်သဲကျေးရွာအုပ်စု | ၂ | ၄၂၅၀ | ၂၂၀၅ | ၂၀၄၅ | ၂၀၄၅ | | |
| ၁၅ | ဟသ်ာကျွန်းကျေးရွာအုပ်စု | ၂ | ၈၀၀ | ၃၄၇ | ၄၅၃ | ၄၅၃ | | |
| ၁၆ | ကုလားဘီကျေးရွာအုပ်စု | ၁ | ၉၅၀ | ၅၇၇ | ၃၇၃ | ၃၇၃ | | |
| ၁၇ | မရမ်းကျေးရွာအုပ်စု | ၁ | ၃၁၀၀ | ၁၆၆၄ | ၁၄၃၆ | ၁၄၃၆ | | |
| ၁၈ | ဝယ်လမ်းကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၆၂၅ | ၄၂၅ | ၄၂၅ | | |
| ၁၉ | မုရစ်ကလေးကျေးရွာအုပ်စု | ၃ | ၇၅၀၀ | ၄၃၉၁ | ၃၁၀၉ | ၃၀၅၉ | ၅၀ | |
| ၂၀ | ကော့ကဒိုက်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၆၁၆ | ၅၈၄ | ၅၈၄ | | |
| ၂၁ | အဘစ်ကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၈၃၄ | ၈၆၆ | ၈၆၆ | | |
| ၂၂ | ကွမ်လှာကျေးရွာအုပ်စု | ၁ | ၃၀၀၀ | ၁၅၉၈ | ၁၄၀၂ | ၁၄၀၂ | | |
| ၂၃ | ကမာကေးကျေးရွာအုပ်စု | ၂ | ၄၄၀၀ | ၂၃၀၄ | ၂၀၉၆ | ၂၀၉၆ | | |
| ၂၄ | ခရိုက်နီးဟုကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၂၄၂ | ၁၂၅၈ | ၁၂၅၈ | | |
| ၂၅ | ခရိုက်ဒူးကျေးရွာအုပ်စု | ၁ | ၁၇၀၀ | ၉၆၉ | ၇၃၁ | ၇၃၁ | | |
| ၂၆ | ဆယ်ပလာကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၇၀၈ | ၇၄၂ | ၇၄၂ | | |
| ၂၇ | ဖံဖကျေးရွာအုပ်စု | ၁ | ၂၇၀၀ | ၁၄၁၃ | ၁၂၈၇ | ၁၂၈၇ | | |
| ၂၈ | တကူပတီကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၈၁၂ | ၅၃၈ | ၅၃၈ | | |
| ၂၉ | ကုလားတို့ကျေးရွာအုပ်စု | ၁ | ၂၇၅၀ | ၁၄၃၉ | ၁၃၁၁ | ၁၃၁၅ | | ၄ |
| ၃၀ | ရွာလွတ်ကျေးရွာအုပ်စု | ၃ | ၆၆၀၀ | ၃၅၈၉ | ၃၀၁၁ | ၂၉၆၁ | ၅၀ | |
| ၃၁ | ညောင်လမ်းကျေးရွာအုပ်စု | ၁ | ၂၂၀၀ | ၁၁၉၂ | ၁၀၀၈ | ၁၀၀၈ | | |
| ၃၂ | တော်ကနာကျေးရွာအုပ်စု | ၁ | ၂၀၀၀ | ၁၀၆၂ | ၉၃၈ | ၉၃၈ | | |
| ၃၃ | ကွမ်ရိုက်ကျေးရွာအုပ်စု | ၃ | ၆၇၅၀ | ၃၆၀၉ | ၃၁၄၁ | ၃၀၉၁ | ၅၀ | |
| ၃၄ | ကမာမိုကျေးရွာအုပ်စု | ၃ | ၆၄၅၀ | ၂၆၉၈ | ၃၇၅၂ | ၃၇၀၂ | ၅၀ | |
| ၃၅ | ဒေါင်းဥကျေးရွာအုပ်စု | ၁ | ၃၀၀၀ | ၁၄၈၅ | ၁၅၁၅ | ၁၅၁၅ | | |
| ၃၆ | တောင်စွန်းကျေးရွာအုပ်စု | ၂ | ၃၄၅၀ | ၁၃၇၁ | ၂၀၇၉ | ၂၀၂၉ | ၅၀ | |
| ၃၇ | ကလွီကျေးရွာအုပ်စု | ၂ | ၃၇၅၀ | ၁၈၂၀ | ၁၉၃၀ | ၁၉၃၀ | | |
| ၃၈ | ဒရယ်ကျေးရွာအုပ်စု | ၂ | ၄၅၅၀ | ၂၁၈၈ | ၂၃၆၂ | ၂၄၂၂ | | ၆၀ |
| ၃၉ | မုဒူးကျေးရွာအုပ်စု | ၃ | ၆၄၀၀ | ၂၉၈၅ | ၃၄၁၅ | ၃၃၇၉ | ၃၆ | |
| ၄၀ | ဒေါင်းရပ်အရှေ့ကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၆၅၀ | ၇၀၀ | ၇၀၀ | | |
| ၄၁ | ဒေါင်းရပ်အနောက်ကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၀၅၄ | ၈၄၆ | ၈၄၆ | | |
| ၄၂ | ကညောင်ကျေးရွာအုပ်စု | ၄ | ၇၉၀၀ | ၃၄၇၁ | ၄၄၂၉ | ၄၄၀၆ | ၂၃ | |
| ၄၃ | ကော့မုပွန်ကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၅၆၂ | ၈၈၈ | ၈၈၈ | | |
| ၄၄ | သင်္ကျောကျေးရွာအုပ်စု | ၃ | ၆၂၅၀ | ၂၈၄၂ | ၃၄၀၈ | ၃၄၀၈ | | |
| ၄၅ | ဘိုးနက်ကျေးရွာအုပ်စု | ၁ | ၂၇၅၀ | ၁၅၁၆ | ၁၂၃၄ | ၁၂၃၄ | | |
| ၄၆ | နတ်မှော်ကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၂၇၁ | ၁၂၂၉ | ၁၂၂၉ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၇၅ | ၁၄၂၆၅၀ | ၇၂၂၂၂ | ၇၀၄၂၈ | ၆၉၄၈၆ | ၁၀၅၉ | ၁၁၇ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၅၃၄၄ | ၉၈၅ | ၄၃၅၉ | ၅၂၇၆ | | ၉၁၇ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၇၅ | ၁၄၇၉၉၄ | ၇၃၂၀၇ | ၇၄၇၈၇ | ၇၄၇၆၂ | ၁၀၅၉ | ၁၀၃၄ |

စာမျက်နှာ ၁၉ သို့ »»

»»» စာမျက်နှာ ၁၈ မှ

## သံဖြူဇရပ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်တွင် ရပ်ကွက် ၁၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၅ အုပ်စု၊ မဲရုံပေါင်း ၇၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၆၅၉၉၄ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၈၀၃၀၅၊ ကျန်ရှိရမည့်အရေအတွက်မှာ ၈၅၆၈၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၈၅၁၉၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၅၅၉၅၀ | ၇၈၈၀၁ | ၇၇၁၄၉ | ၇၅၃၂၅ | ၂၄၈၄ | ၆၆၀ |
| ၂ | ရပ်/ကျေးမှသီးခြားအပ်နှံ | | | | ၁၄၀၀ | | ၁၄၀၀ |
| ၃ | မြို့နယ်မဲလက်မှတ် | ၁၀၀၄၄ | ၁၅၀၄ | ၈၅၄၀ | ၈၄၇၁ | ၆၉ | |
| | စုစုပေါင်း | ၁၆၅၉၉၄ | ၈၀၃၀၅ | ၈၅၆၈၉ | ၈၅၁၉၆ | ၂၅၅၃ | ၂၀၆၀ |

၉။ သံဖြူဇရပ်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၁၁ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၂၄၈၄ ပျောက်ဆုံးနေပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၇ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၆၆၀ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက် ၈၅၄၀ ဖြစ်သော်လည်း မြေပြင်တွင် ၈၄၇၁ ကျန်ရှိနေသဖြင့် မဲလက်မှတ် ၆၉ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၀။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအချို့သည် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲ လက်ကျန်မဲလက်မှတ်များကို ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည်အပ်နှံထားရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၁။ သံဖြူဇရပ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကြာကန်ရပ်ကွက် | ၂ | ၃၅၅၀ | ၂၂၄၅ | ၁၃၀၅ | ၁၂၆၀ | ၄၅ | |
| ၂ | အောင်ချမ်းသာရပ်ကွက် | ၁ | ၂၁၅၀ | ၁၃၀၉ | ၈၄၁ | ၈၄၁ | | |
| ၃ | စက်သစ်ရပ်ကွက် | ၁ | ၃၄၅၀ | ၂၀၆၃ | ၁၃၈၇ | ၁၃၃၇ | ၅၀ | |
| ၄ | ကြံ့ခိုင်ရေးရပ်ကွက် | ၃ | ၆၆၅၀ | ၃၈၀၁ | ၂၈၄၉ | ၂၇၄၉ | ၁၀၀ | |
| ၅ | ကျောင်းပိုင်းရပ်ကွက် | ၁ | ၂၄၀၀ | ၁၄၄၂ | ၉၅၈ | ၁၀၀၈ | | ၅၀ |
| ၆ | ဖောင်စိန်ရပ်ကွက် | ၂ | ၂၉၅၀ | ၁၄၀၈ | ၁၅၄၂ | ၁၅၄၂ | | |
| ၇ | ဓမ္မစေတီရပ်ကွက် | ၁ | ၁၇၅၀ | ၁၀၁၂ | ၇၃၈ | ၆၉၈ | ၄၀ | |
| ၈ | အောင်ပင်လယ်ရပ်ကွက် | ၁ | ၂၉၅၀ | ၁၅၄၂ | ၁၄၀၈ | ၁၄၀၈ | | |
| ၉ | မြို့မဈေးရပ်ကွက် | ၁ | ၃၁၀၀ | ၁၉၄၅ | ၁၁၅၅ | ၁၁၅၅ | | |
| ၁၀ | အောင်သုခရပ်ကွက် | ၃ | ၇၇၅၀ | ၄၂၈၇ | ၃၄၆၃ | ၃၅၁၃ | | ၅၀ |
| ၁၁ | ရန်အောင်မြေရပ်ကွက် | ၁ | ၁၆၀၀ | ၇၄၇ | ၈၅၃ | ၈၅၃ | | |
| ၁၂ | မန်းရတနာရပ်ကွက် | ၁ | ၆၀၀ | ၃၃၅ | ၂၆၅ | ၂၆၅ | | |
| ၁၃ | မြမာလာကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၀၃၈ | ၉၁၂ | ၉၁၂ | | |
| ၁၄ | နှစ်ကိုင်းကျေးရွာအုပ်စု | ၂ | ၄၆၀၀ | ၂၂၉၃ | ၂၃၀၇ | ၂၃၀၇ | | |
| ၁၅ | ဆင်တောင်ကျေးရွာအုပ်စု | ၁ | ၂၀၅၀ | ၈၅၉ | ၁၁၉၁ | ၁၁၉၁ | | |
| ၁၆ | ကရင်သောင်ကျေးရွာအုပ်စု | ၂ | ၃၉၅၀ | ၂၀၆၆ | ၁၈၈၄ | ၁၆၈၄ | ၂၀၀ | |
| ၁၇ | ပဒါင်ကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၇၆၈ | ၇၈၂ | ၇၈၂ | | |
| ၁၈ | ကွမ်သတ်ကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၁၅၂ | ၉၉၈ | ၉၉၈ | | |
| ၁၉ | ကျိုက်ဒါတ်ကျေးရွာအုပ်စု | ၃ | ၆၄၀၀ | ၃၆၇၃ | ၂၇၂၇ | ၂၇၂၇ | | |
| ၂၀ | စက်စဲကျေးရွာအုပ်စု | ၃ | ၆၅၀၀ | ၃၇၇၁ | ၂၇၂၉ | ၂၆၇၉ | ၅၀ | |
| ၂၁ | တောင်ဖလုကျေးရွာအုပ်စု | ၁ | ၂၁၀၀ | ၁၀၁၀ | ၁၀၉၀ | ၁၁၄၀ | | ၅၀ |
| ၂၂ | ဝါခရုကျေးရွာအုပ်စု | ၂ | ၅၂၅၀ | ၂၂၃၅ | ၃၀၁၅ | ၂၇၁၅ | ၃၀၀ | |
| ၂၃ | ဝဲကဝါကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၃၁၈ | ၁၂၈၂ | ၁၂၃၂ | ၅၀ | |
| ၂၄ | အောင်မင်္ဂလာရပ်ကွက် | ၁ | ၂၃၅၀ | ၁၄၂၅ | ၉၂၅ | ၃၂၅ | ၆၀၀ | |
| ၂၅ | ဟံသာဝတီရပ်ကွက် | ၁ | ၂၂၀၀ | ၁၁၃၃ | ၁၀၆၇ | ၁၀၆၇ | | |
| ၂၆ | အောင်ဇေယျရပ်ကွက် | ၂ | ၄၅၀၀ | ၂၆၅၂ | ၁၈၄၈ | ၁၈၄၈ | | |
| ၂၇ | အောင်သာယာရပ်ကွက် | ၂ | ၅၈၅၀ | ၁၈၂၉ | ၄၀၂၁ | ၃၆၇၁ | ၃၅၀ | |
| ၂၈ | ကျိုက်ရုတ်ကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၈၃၆ | ၇၁၄ | ၇၁၄ | | |
| ၂၉ | ပငကျေးရွာအုပ်စု | ၅ | ၁၄၆၅၀ | ၇၀၀၂ | ၇၆၄၈ | ၆၉၄၉ | ၆၉၉ | |
| ၃၀ | ဝဲရက်ကျေးရွာအုပ်စု | ၃ | ၃၉၀၀ | ၁၈၁၅ | ၂၀၈၅ | ၂၀၈၅ | | |
| ၃၁ | ဝဲကလီကျေးရွာအုပ်စု | ၂ | ၃၁၅၀ | ၁၆၃၃ | ၁၅၁၇ | ၁၅၁၇ | | |
| ၃၂ | ဝဲဝင်ကရာကျေးရွာအုပ်စု | ၂ | ၃၇၀၀ | ၁၈၁၂ | ၁၈၈၈ | ၁၉၃၈ | | ၅၀ |
| ၃၃ | ကရုပ္ပိကျေးရွာအုပ်စု | ၂ | ၇၀၅၀ | ၃၁၂၈ | ၃၉၂၂ | ၃၉၂၂ | | |
| ၃၄ | စခမ်းကြီးကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၃၂၀ | ၁၂၈၀ | ၁၂၈၀ | | |
| ၃၅ | ဝဲကလောင်းကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၁၃၅ | ၁၅၆၅ | ၁၅၆၅ | | |
| ၃၆ | အံခဲကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၉၅၇ | ၁၁၉၃ | ၁၁၉၃ | | |
| ၃၇ | ကော့လေးကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၀၆၃ | ၈၈၇ | ၁၁၃၇ | | ၂၅၀ |
| ၃၈ | ထင်းရှူးကျေးရွာအုပ်စု | ၂ | ၅၃၅၀ | ၂၃၈၄ | ၂၉၆၆ | ၂၉၆၆ | | |
| ၃၉ | ဝဲခမိကျေးရွာအုပ်စု | ၃ | ၅၁၅၀ | ၂၇၁၂ | ၂၄၃၈ | ၂၄၄၈ | | ၁၀ |
| ၄၀ | ကျောင်းရွာကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၅၆၉ | ၅၃၁ | ၅၃၁ | | |
| ၄၁ | အနင်းကျေးရွာအုပ်စု | ၄ | ၈၀၅၀ | ၃၀၇၇ | ၄၉၇၃ | ၅၁၇၃ | | ၂၀၀ |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၇၄ | ၁၅၅၉၅၀ | ၇၈၈၀၁ | ၇၇၁၄၉ | ၇၅၃၂၅ | ၂၄၈၄ | ၆၆၀ |
| | ရပ်/ကျေးမှ သီးခြားအပ်နှံ | | | | | ၁၄၀၀ | | ၁၄၀၀ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၀၀၄၄ | ၁၅၀၄ | ၈၅၄၀ | ၈၄၇၁ | ၆၉ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၇၄ | ၁၆၅၉၉၄ | ၈၀၃၀၅ | ၈၅၆၈၉ | ၈၅၁၉၆ | ၂၅၅၃ | ၂၀၆၀ |



သံဖြူဇရပ်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်





## မြစ်စေတနာမွန် ငွေစုငွေချေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ပုသိမ် မေ ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မြစ်စေတနာမွန် ငွေစုငွေချေးသမဝါယမအသင်းအား အသင်းသားဦးရေ ၂၄၇၆ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မေ ၅ ရက်က အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပရာ အသင်းအမှုဆောင်အဖွဲ့မှ အသင်းသားများထံသို့ စုဆောင်းငွေပေါ် အတိုးငွေကျပ် ၉၄၆ သိန်းကျော်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကော့ကရိတ်မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်ကျောက်ချောလမ်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ကော့ကရိတ် မေ ၉

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၀၉ ဒသမ ၁၃၈ သန်းဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ သမိန်ဒွတ် - ခရင်း - ကညင်ကတိုက် ကျေးရွာချင်းဆက်လမ်း ၁၆ မိုင်အနက် ၁ မိုင် ၆ ဖာလုံအား ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်းနှင့် ၅ ပေ Box Culvert သုံးစင်းတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သောကြောင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောထူးနှင့် အဖွဲ့ဝင်များမှ ယနေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။



အဆိုပါ ကျေးရွာချင်းဆက်လမ်း ၁၆ မိုင်အား နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်၍ ကျောက်ချောလမ်းအဆင့်သို့ အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ရာ ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အပြီးသတ်ဆောင်ရွက်နိုင်ပြီဖြစ်သဖြင့် ကော့ကရိတ်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာ၊ အိမ်ခြေ ၂၁၇၀၊ လူဦးရေ ၁၃၆၃၅ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေးများ ယခင်ကထက် ပိုမိုကောင်းမွန်လာပြီး ဒေသအတွင်းရှိ ထွက်ကုန်ပစ္စည်းများအား ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်မည့်အပြင် လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ ငွေကြယ်

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအသုံးပြုကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် မေ ၉**

နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ ပြုလုပ်နေကြသည်ကို တွေ့ရှိရသည်။

**ပေါက်ကွဲမှုဖြစ်ပွား**

ထိုသို့လုပ်ဆောင်ရာတွင် မေ ၈ ရက် ညနေ ၆ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွာဘဲရပ်ကွက် သစ်တောရုံးလမ်းရှိ မဟာစေတီဘုရားတောင်ဘက်မုခ်အနီးတွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရပ်ကွက်နေ မအေးလေး (၃၇)နှစ် (ဘ)ဦးခင်သန်းသည် အမှိုက်ကောက်နေစဉ် ဘုရားတောင်ဘက်မုခ်အနီး လမ်းဘေးချုံအတွင်း တွေ့ရသော ကြွပ်ကြွပ်အိတ်တစ်လုံးအား ကောက်ယူဖွင့်ကြည့်ရာမှ ပေါက်ကွဲမှုဖြစ်ပွားကာ မအေးလေးတွင် ဝဲမျက်ခုံး၊ ဝဲရင်အုံ၊ ဝဲ/ယာခြေထောက်တို့တွင် ပွန်းပဲ့ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် ဆေးကုသမှုခံယူနိုင်ရေး ပြည်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး အခင်းဖြစ်နေရာမှ Keypad ဖုန်း၊ PVC ကော်ပိုက်အပိုင်းအစများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ည ၇ နာရီ ၅ မိနစ်တွင် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် သစ္စာလမ်းရှိ “သန့်ဇင်” ဆေးခန်းရှေ့၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဆေးခန်းရှေ့၌ လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရှိရပြီး ပေါက်ကွဲမှုကြောင့် အဆိုပါနေရာအနီးရှိနေသော အမျိုးသမီးတစ်ဦးနှင့် သုံးနှစ်အရွယ် ကလေးတစ်ဦးတို့တွင် ရင်ညွန့်၊ ဝဲ/ယာလက်နှင့် ခြေထောက်တို့တွင် ပေါက်ပြဲဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်းနှင့် ည ၇ နာရီ ၁၀ မိနစ်တွင် အမှတ်(၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် မလိခလမ်းထောင့်ရှိ မြို့နယ်စည်ပင်ရုံးအား အကြမ်းဖက်သူ အမျိုးသား နှစ်ဦး (စိစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ်မှ လက်လုပ်မိုင်း နှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါမိုင်းများမှာ စည်ပင်ရုံးရှေ့သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါရုံးရှေ့ ပြတင်းတံခါးမှန် တစ်ချပ်နှင့် မီးချောင်းတစ်ချောင်းတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထို့အတူ ည ၇ နာရီ ၁၅ မိနစ်တွင် ဘားအံမြို့နယ်ရှိ အိန္ဒုနယ်မြေရဲစခန်းအား မြဝတီ–ဘားအံကားလမ်းအတိုင်း လွန်းညကျေးရွာဘက်မှ ဘားအံမြို့ဘက်သို့ အကြမ်းဖက်သူအမျိုးသား နှစ်ဦး(စိစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးမှ ၃၆ မမ လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ ရဲစခန်းဝင်းအတွင်း ကျရောက်ပေါက်ကွဲမှုမရှိခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် ရန်ကင်းဘုန်းကြီးကျောင်းဝင်းအတွင်းမှ အကြမ်းဖက်သူ ၁၀ ဦးခန့်(စိစစ်ဆဲ)က အဆိုပါရဲစခန်း မိသားစုနေအိမ်လိုင်းခန်းများအား လက်လုပ်မိုင်း သုံးလုံးဖြင့် ပစ်ပေါက်ခဲ့ရာ လက်လုပ်မိုင်းများမှာ လိုင်းခန်းအနောက်ဘက်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဘုန်းကြီးကျောင်းဝင်းအတွင်းသို့ ဝင်ရောက်ရှင်းလင်းခဲ့ရာ အိန္ဒုကျေးရွာနေ ခင်လင်းထွေး(ခ)ဖိုးခွား(၃၀)နှစ် (ဘ)ဦးချစ်ဆွေအား တွေ့ရှိရသဖြင့် ထိန်းသိမ်းစစ်ဆေးလျက်ရှိပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ည ၈ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ၆၂ လမ်းနှင့် ၆၃ လမ်းကြား၊ ၁၂၈ လမ်းနှင့်၁၂၉ လမ်းကြားရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးအား ၆၂ လမ်းမှ ၁၂၈ လမ်းဘက်သို့ အမျိုးသား နှစ်ဦး (စိစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ် တစ်စီးမှ လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါမိုင်းမှာ ၁၂၈ လမ်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။



ဟားခါးမြို့၌ လက်လုပ်မိုင်းပေါက်ကွဲမှုကို တွေ့ရစဉ်။

အလားတူ ည ၈ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ဟေမမာလာတောင်ရပ်ကွက်တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်းသတင်းအရသွားရောက်စစ်ဆေးခဲ့ရာ ၇၈ လမ်းအတိုင်း မြောက်မှတောင်သို့ အမျိုးသား နှစ်ဦး(စိစစ်ဆဲ) စီးနင်းလာသည့် ဆိုင်ကယ်တစ်စီးမှ မီးပိတ်မောင်းနှင်လာပြီး လမ်းမပေါ်သို့ လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ပေါက်ကာ ၇၈ လမ်းအတိုင်း မောင်းနှင်ထွက်ပြေးသွား၍ အဆိုပါလက်လုပ်မိုင်းမှာ ၇၈ လမ်းနှင့် ၃၇ လမ်းထောင့်ရှိ “စန္ဒာမေ”ဖက်ထုပ်ဆိုင်အနီးတွင် ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**လက်ပစ်ဗုံးဖြင့် ပစ်ပေါက်**

အလားတူ ည ၈ နာရီ ၃၅ မိနစ်တွင် ကချင်ပြည်နယ် မိုးကောင်းမြို့ အိုးတန်းရပ်ကွက် (၆)နေ ဦးအောင်လှ (၆၃)နှစ် ဦးသိန်းတန်၏နေအိမ်အား အကြမ်းဖက်သူ(စိစစ်ဆဲ)က လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဦးအောင်လှ၏နေအိမ်တံခါးပေါက်မှ သုံးပေခန့်အကွာ ခြံဝင်းအတွင်းရှိ မြေကြီးပေါ်မှ APDF (TAS)စာတန်းပါ ဖျူ့စ်မပါသည့် လက်ပစ်ဗုံး တစ်လုံးအား တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်းနှင့် တစ်ချိန်တည်းတွင် မိုးကောင်းမြို့နယ် နမ္မတီးမြို့ မြို့မရပ်ကွက်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးတင်လှိုင်၏ နေအိမ်ခြံဝင်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဦးတင်လှိုင်၏နေအိမ်အရှေ့ဘက် သုံးပေခန့်အကွာ ခြံဝင်းအတွင်းရှိ မြေကြီးပေါ်၌ လက်လုပ်ဗုံး တစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ည ၉ နာရီ ၁၅ မိနစ်တွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃)ရပ်ကွက် တပင်ရွှေထီးလမ်းရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ မသင်္ကာဖွယ်ရာ အထုပ်တစ်ထုပ် တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကျောင်းရှေ့လမ်းပေါ်၌ရပ်တန့်ထားသော စက်ဘီးခြင်းအတွင်းမှ ယမ်းနှင့် ဘောစေ့များ ထည့်ထားသည့် PVC ပိုက်အား ဒီတိုနေတာ၊ သံပတ်နာရီ၊ ဓာတ်ခဲအသေး နှစ်လုံးတို့နှင့် ချိတ်ဆက်ပြုလုပ်ထားသော လက်လုပ်ချိန်ကိုက်မိုင်း တစ်လုံးနှင့် ကျောင်းဝင်းအတွင်း Grade-8 အခန်းဘေး၌ PVC ပိုက်အတွင်း ယမ်းမှုန့်/သံဘောစေ့များ ထည့်ထားသော လက်လုပ်မိုင်း တစ်လုံးတို့အား တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အလားတူ ည ၁၀ နာရီခွဲတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် ၇ လမ်းနှင့် ၈ လမ်းကြားရှိ မြို့မအခြေခံပညာမူလတန်းကျောင်းအနီး၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်း၏ တောင်ဘက်လမ်းကြား ရေမြောင်းအတွင်းမှ ပေါက်ကွဲထားသည့် PVC ပိုက် အပိုင်းအစများ၊ ဒီတိုနေတာ တစ်ခု၊ ဆားကစ်ပြား တစ်ခု၊ ဝိုင်ယာကြိုး နှစ်ချောင်း၊ ခြင်ဆေးဘူး အပိုင်းအစများ၊ ၃ ဒသမ ၇ ဗို့ဓာတ်ခဲအိမ် တစ်ခု၊ ယမ်းမှုန့်များအား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ မေ ၉ ရက် နံနက် ၁ နာရီခန့်တွင် ကချင်ပြည်နယ် ရွှေကူမြို့နယ် မင်းကျောင်းကုန်းကျေးရွာအနီးရှိ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအစပ်ရှိ အရှည်ပေ ၃၀၀၊ အကျယ် ၂၅ ပေခန့်ရှိ ဒေသအခေါ် “ချောင်း၀” တံတားအား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က မိုင်းခွဲဖျက်ဆီးခဲ့ရာ တံတား၏ ကချင်ပြည်နယ်ဘက်ခြမ်းတွင် ရှစ်ပေ ပတ်လည်ခန့်ပေါက်ထွက်သွားခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် တံတားမှာ လတ်တလောယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်း သိရသည်။

အလားတူ နံနက် ၂ နာရီ ၂၅ မိနစ်တွင် မွန်ပြည်နယ် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက် နတ်မောက်လမ်းနှင့် ဒူးယားလမ်းသို့ ဆက်သွယ်ထားသော လမ်းသွယ်တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းသွယ်ပေါ်တွင် လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲထားသည်ကို တွေ့ရှိရပြီး ပေါက်ကွဲမှုကြောင့် အဆိုပါလမ်းဘေးရှိခြံစည်းရိုးအုတ်တံတိုင်းနှင့် နေအိမ်ပြတင်းတံခါးမှန် နှစ်ချပ် ပျက်စီးခဲ့ပြီး လူထိခိုက်မှုမရှိကြောင်း သိရသည်။

**ကျရောက်ပေါက်ကွဲ**

အလားတူ နံနက် ၄ နာရီ မိနစ် ၂၀ တွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာနေ ဒေါ်မြမွန်အေး (၄၃)နှစ် (ဘ) ဦးကျော်မြင့်၏နေအိမ်အား အကြမ်းဖက်သူ (စိစစ်ဆဲ)က လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခဲ့၍ အဆိုပါနေအိမ်ရှေ့ မြေကွက်လပ်ပေါ်တွင် ကျရောက်ပေါက်ကွဲခဲ့ပြီး လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရွှေကညင်ပင်ကျေးရွာနေ ဦးအောင်ကိုလတ် (၄၃)နှစ် (ဘ) ဦးလှမြိုင်၏ နေအိမ်အား အိမ်မဲဘက်မှ ကျောင်းကုန်းဘက်သို့ အမျိုးသား နှစ်ဦး(စိစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ် တစ်စီးမှ လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါလက်လုပ်မိုင်းမှာ ဦးအောင်ကိုလတ်၏ နေအိမ်ရှေ့တွင် ကျရောက်ပေါက်ကွဲခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာမှ ကွမ်းစားဆေးဘူးအတွင်း ယမ်းနှင့်သံဘောစေ့များ ရောစပ်ပြုလုပ်ထားသော လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲထားသည်ကို တွေ့ရှိခဲ့ရပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ နံနက် ၆ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် အမှတ်(၈) ရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးနှင့် အမှတ်(၄) ရပ်ကွက်ရှိ မြင်းခြံ–ရေဝန်းကားလမ်းနှင့် သီရိဟေမာလမ်းထောင့်ရှိ “ကမ္ဘောဇ”ဘဏ်ရှေ့တို့အား အမျိုးသားနှစ်ဦး (စိစစ်ဆဲ) မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးမှ လက်လုပ်မိုင်း တစ်လုံးစီ ပစ်ပေါက်ထွက်ပြေးခဲ့၍ အသီးသီးပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် “ကမ္ဘောဇ” ဘဏ်ရှေ့တွင်ထားရှိသော ATM စက် အောက်ခြေမှန်နှင့် ATM စက်အား ကာရံထားသော စတီးတံခါး အောက်တန်းပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် လက်လုပ်မိုင်း အပိုင်းအစများအား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သက်မဲ့ပြုလုပ်**

အလားတူ နံနက် ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၂၂)ရပ်ကွက် ဧရာဝဏ်လမ်းရှိ ရထားသံလမ်းကူးအနီး၌ လက်လုပ်မိုင်း တစ်လုံး တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာမှ Keypad ဖုန်းဖြင့်ချိတ်ဆက်ပြုလုပ်ထားသော အလျား ကိုးလက်မခန့်ရှိ သံပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ်မိုင်း တစ်လုံးအား တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၆ နာရီ ၄၅ မိနစ်တွင် ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက် နဝရတ်လမ်းနှင့် အောင်ချမ်းသာလမ်းထောင့်ရှိ အင်ကြင်းပင်အောက်၌ လက်လုပ်မိုင်း တစ်လုံး တွေ့ရှိကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာမှ အလျား သုံးလက်မခန့်ရှိ ကော်ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း တစ်လုံးအား စနက်တံမီးလောင်ထားပြီး မပေါက်ကွဲဘဲ တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၇ နာရီတွင် လှိုင်မြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ကျောင်းအုပ်ကြီးရုံးရှေ့၌ မသင်္ကာဖွယ်ကြွပ်ကြွပ်အိတ် အထုပ် တစ်ထုပ် တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကြွပ်ကြွပ်အိတ်အတွင်းမှ Keypad ဖုန်းဖြင့် ချိတ်ဆက်ပြီး ကော်ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံးအား တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၇ နာရီ မိနစ် ၂၀ တွင် ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက် အင်းစိန်လမ်းရှိ လူကူးခုံးကျော်တံတားပေါ်နှင့် နံနက် ၈ နာရီခန့်တွင် အမှတ်(၁)ရပ်ကွက် ရတနာမြိုင်လမ်းထိပ် ဆိုက်ကားဂိတ်မှတ်တိုင်အနီး၌ ပေါက်ကွဲမှုများဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာများမှ Keypad ဖုန်း၊ ဓာတ်ခဲတို့အား ဝိုင်ယာကြိုးဖြင့် ချိတ်ဆက်၍ ကော်ပိုက်၊ သံပိုက်တို့ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း တစ်လုံးစီ ပေါက်ကွဲထားသည့်အပိုင်းအစများအား အသီးသီးတွေ့ရှိရပြီး ရတနာမြိုင်လမ်းထိပ် ဆိုက်ကားဂိတ်မှတ်တိုင်မှ မပေါက်ကွဲသေးသည့် Keypad ဖုန်း၊ ဓာတ်ခဲတို့အား ဝိုင်ယာကြိုးဖြင့် ချိတ်ဆက်၍ အလျား ခြောက်လက်မခန့်ရှိ သံပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း တစ်လုံးနှင့် အလျား ရှစ်လက်မခန့်ရှိ ကော်ပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ်မိုင်း တစ်လုံးတို့အား တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ကြောင်း သိရသည်။ စာမျက်နှာ ၂၃ သို့ ○

# စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်ဗုံးဖြင့် ရန်ပြုပစ်ခတ်တိုက်ခိုက်ရာ လက်အတွင်းပေါက်ကွဲမှုဖြစ်ပွား၍ အကြမ်းဖက်သူအမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိ၊ တစ်ဦးသေဆုံး

**နေပြည်တော် မေ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်ဗုံးဖြင့် ရန်ပြုပစ်ခတ်တိုက်ခိုက်ရာ လက်အတွင်းပေါက်ကွဲမှုဖြစ်ပွား၍ အကြမ်းဖက်သူအမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး ဆူပူအကြမ်းဖက်သူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီခွဲတွင် မြင်းမူမြို့ မာဃရပ်ကွက် ရွှေစောလူးဘုရား စောင်းတန်းတွင် ဆူပူအကြမ်းဖက်သူအင်အား ၃၀ ခန့်က စုဝေးဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း လိုက်နာမှုမရှိသဖြင့် အင်အားသုံးလူစုခွဲခဲ့ရာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်လူအုပ်စုအတွင်းမှ အမျိုးသားနှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နံနက် ၁၁ နာရီခွဲတွင် ဆူပူအကြမ်းဖက်သူအင်အား ၂၀၀ ခန့်က မြင်းမူမြို့မ



ရဲစခန်းနှင့်ကပ်လျက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဘက်မှ ရဲစခန်းသို့ ဆူပူအော်ဟစ်ဆဲဆိုကာ ဝိုင်းရံရောက်ရှိလာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့သည်။

လူစုကွဲသွားသည့် လူအုပ်စုအတွင်းမှ အင်အား ၅၀ ခန့်သည် မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် အောင်ဇေယျရပ်ကွက် မြို့မဈေးကွေ့၌ တာယာကွင်းများအား မီးရှို့ကာ အတားအဆီးများဖြင့်ပိတ်ဆို့၍ ထပ်မံဆန္ဒပြနေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း လိုက်နာခြင်းမရှိဘဲ လေးခွ၊ ခဲလုံး၊ လက်လုပ်ဗုံးများဖြင့် ပြန်လည်အကြမ်းဖက် ရန်ပြုပစ်ခတ်ခဲ့သဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင် လူစုကွဲသွားခဲ့သည်။

ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်ဗုံးဖြင့် ရန်ပြုပစ်ခတ်သူ သဲကိုမောင်(ဘ) ဦးအေးကိုသည် လက်လုပ်ဗုံးဖြင့် ပစ်ခတ်စဉ် ၎င်း၏အနီးတွင် ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဝဲ/ယာခြေထောက်များတွင် ဗုံးစထိမှန်ဒဏ်ရာများနှင့် ဝဲလက်ညှိုးပြတ်ဒဏ်ရာများရရှိခဲ့ပြီး အမျိုးသားတစ်ဦးမှာလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်ဗုံးဖြင့် ရန်ပြုပစ်ခတ်စဉ် ၎င်း၏ လက်အတွင်း ဗုံးပေါက်ကွဲခဲ့သဖြင့် ယာလက်မောင်းကျိုး၊ ယာချိုင်းအောက် ဗုံးစထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူအား ဆေးကုသမှုခံယူနိုင်ရေး မြင်းမူမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိပြီး သေဆုံးမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ သေမှုသေခင်းရေးဖွင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နတ်မောက်မြို့နယ်၌ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် ဖမ်းဆီးရမိခဲ့သော အမျိုးသားခုနစ်ဦးအား တွေ့ရစဉ်။

# မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ဆူပူအကြမ်းဖက်သူများအား လူစုခွဲရှင်းလင်း

**နေပြည်တော် မေ ၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ မေ ၈ ရက်တွင် ဆူပူအကြမ်းဖက်သူများအား လူစုခွဲရှင်းလင်းခဲ့ပြီး ဆူပူအကြမ်းဖက်သူ အမျိုးသား ခုနစ်ဦးအား အကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် အရေးယူထားရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၈ ရက် မွန်းလွဲ ၁ နာရီတွင် နတ်မောက်မြို့နယ် သားမျှားကျေးရွာ ဆယ်အိမ်မှူး ဦးမောင်မောင်အား အဆိုပါကျေးရွာနေ NLD ပါတီဝင်များက ဖမ်းဆီးထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါအခြေအနေအား ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့ရာ ကျေးရွာအဝင်လမ်းအား ဆူပူအကြမ်းဖက်သူအင်အား ၁၀၀ ခန့်က အတားအဆီးများဖြင့် ပိတ်ဆို့ထားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွများဖြင့် ဝိုင်းဝန်းပစ်ခတ်တားဆီးခဲ့သဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရသည်။

ထို့နောက် သားမျှားကျေးရွာ ရွာဦးဘုန်းကြီးကျောင်းရှေ့လမ်းမပေါ်အရောက် အဆိုပါ အကြမ်းဖက်သူအင်အား ၁၀၀ ခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထပ်မံပိတ်ဆို့၍ လေးခွများဖြင့် ထပ်မံပစ်ခတ်ခဲ့သဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ပြီး ဆူပူအကြမ်းဖက်သူ လူအုပ်စုအတွင်းမှ အဆိုပါ ကျေးရွာနေ ညွန့်ဝေ(၅၀)နှစ် (ဘ) ဦးကျော်သန်းပါ အမျိုးသား ခုနစ်ဦးကို လေးခွ၊ လောက်စာလုံး၊ ခက်ရင်းခွ၊ ဓားများဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဆယ်အိမ်မှူး ဦးမောင်မောင်အား အဆိုပါကျေးရွာရှိ အောင်ချမ်းသာဘုန်းကြီးကျောင်း ဆရာတော်ကခေါ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဆူပူအကြမ်းဖက်မှုဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ ညွန့်ဝေပါ အမျိုးသားခုနစ်ဦးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တရားမဝင် အကောက်ခွန်မဲ့ တင်သွင်းရောင်းချနေသည့် မော်တော်ဆိုင်ကယ် ၈၂၆ စီး သိမ်းဆည်းရမိ

**နေပြည်တော် မေ ၉**

နိုင်ငံတော်အတွင်း ပြည်သူလူထု သွားလာမှုအဆင်ပြေချောမွေ့စေရေးနှင့် တရားမဝင် အကောက်ခွန်မဲ့တင်သွင်းမှုမရှိစေရေးအတွက် မော်တော်ဆိုင်ကယ်တင်သွင်းမှုများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မသမာသောနည်းလမ်းဖြင့် အကောက်ခွန်မဲ့တင်သွင်းနိုင်ရေးကို ဦးတည်သော ကုန်သည်အချို့သည် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား နယ်စပ်ဒေသ လမ်းကြောင်းအသီးသီးမှ တင်သွင်းလာပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အရောင်းဆိုင်များ၊ အရောင်းပြခန်းများတွင် စည်းကမ်းသတ်မှတ်ချက်များကို ချိုးဖောက်ကာ တရားမဝင် ရောင်းချနေကြသည်ကို စိစစ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ တရားမဝင်အကောက်ခွန်မဲ့တင်သွင်းလာသော အရောင်းဆိုင်/အရောင်းပြခန်းများတွင် ရောင်းချလျက်ရှိသည့် တရားမဝင် မော်တော်ဆိုင်ကယ်များကို အဓိကဦးတည်ပြီး ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ရာ မေ ၈ ရက်အထိ အရောင်းဆိုင်/အရောင်းပြခန်းများနှင့် နယ်စပ်ဒေသလမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် မော်တော်ဆိုင်ကယ် စုစုပေါင်း ၈၂၆ စီး သိမ်းဆည်းရမိခဲ့ပြီး တရားမဝင်တင်သွင်းလာမှုများ မရှိစေရေး ဖမ်းဆီးအရေးယူမှုများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေကူမြို့နယ်ရှိ မြို့လှနယ်မြေရဲစခန်းနှင့် ဖြူးမြို့နယ် ချင်းခင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတို့အား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က မီးရှို့ဖျက်ဆီး

**နေပြည်တော် မေ ၉**

ကချင်ပြည်နယ် ရွှေကူမြို့နယ်ရှိ လုံခြုံရေးယာယီရုပ်သိမ်းထားရှိသည့် မြို့လှနယ်မြေရဲစခန်းအား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ် ရွှေကူမြို့နယ် လုံခြုံရေးယာယီရုပ်သိမ်းထားသည့် မြို့လှနယ်မြေရဲစခန်းအား ယနေ့ နံနက် ၂ နာရီခန့်တွင် (စိစစ်ဆဲ) လက်နက်ကိုင်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး နံနက် ၅ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အဆိုပါရဲစခန်းရုံး သွပ်မိုး၊ အုတ်ကာ တစ်ထပ်အဆောက်အအုံတစ်လုံး၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း နေအိမ်တစ်လုံး၊ ကျင်စင်အရှည် နှစ်ခု၊ သက်သေခံပစ္စည်းဆိုင်ကယ် သုံးစီး၊ ရဲစခန်းရုံးအတွင်းရှိ ရုံးသုံးပရိဘောဂပစ္စည်းများနှင့် ဆက်သွယ်ရေးစက် တစ်လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ချင်းခင်ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းအား မေ ၈ ရက် နံနက် ၂ နာရီတွင် အကြမ်းဖက်သူများက မီးပုလင်းဖြင့် ပစ်ပေါက်၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ဖြစ်စဉ်မှာ မေ ၈ ရက် နံနက် ၂ နာရီခန့်တွင် ချင်းခင်ကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း မီးလောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါကျောင်းရှိ ပေ ၁၂၀၊ ပေ ၃၀ ရှိ သွပ်မိုး /အုတ်ကာစာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ကျောင်းဆောင်အတွင်းရှိ စာသင်ခုံများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး မီးလောင်မှုဖြစ်ပွားသည့် ကျောင်းဆောင်အတွင်းမှ မီးပုလင်းကွဲစများအား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်မှ မီးရှို့ခဲ့သည့် အကြမ်းဖက်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ စာမျက်နှာ ၂၂ မှ

အလားတူ နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လက်ပစ်ဗုံးတစ်လုံး တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းဝင်းအတွင်းရှိ ရေစင်အောက်၌ မပေါက်ကွဲသေးသည့် SB တံဆိပ်ပါ သံကိုယ်ထည်လက်ပစ်ဗုံးတစ်လုံးအား တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ချင်းပြည်နယ် ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်းပေါ်ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ဝန်ထမ်းအိမ်ရာ၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သူအမျိုးသားသုံးဦး (စိစစ်ဆဲ)မောင်းနှင်လာသည့် ဆိုင်ကယ် နှစ်စီးမှ လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့၍ လက်လုပ်မိုင်းမှာ အဆိုပါဝန်ထမ်းအိမ်ရာရှေ့ ဆိုင်ကယ်ရပ်နားသည့် အဆောင်အနီး ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါအဆောင်အား ကာရံထားသည့် သွပ်ပြား ခြောက်ချပ် ပေါက်ပြဲ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းသိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဒီဂရီကောလိပ် သင်ကြားရေးလုပ်ငန်းဆောင်ရွက်နေသူများကို အားပေး



**မြစ်ကြီးနား မေ ၉**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် ပြည်နယ်ကောင်စီအဖွဲ့ဝင် ဦးမျိုးဆွေ၊ ဦးတိန့်ဆောင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ မေ ၈ ရက် နံနက် ၈ နာရီက ပလန(၂)ကုံ့ကော်မြိုင်ကျေးရွာ ရွှေကံကော်ခန်းမ၌ မြစ်ကြီးနားမြို့နယ် ပလန ကျေးရွာအုပ်စုအတွင်းရှိ ပလန(၁၊၂၊၃၊၄၊၅)နှင့် ငွေပျော်စံပြကျေးရွာများမှ ပြည်သူများနှင့် တွေ့ဆုံသည်။

ပြည်သူများနှင့်တွေ့ဆုံရာတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လက်ရှိပြောင်းလဲဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ဦးတည်ချက်(၉)ရပ်နှင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်တို့ကို ချမှတ်၍ ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး မိမိတို့ စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကြားကာလ တာဝန်ယူဆောင်ရွက်ရသော်လည်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ မိမိတို့ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအပြင် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးတို့ကို တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အားလုံးအတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက်ပြည်နယ်ကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာ ဌာနများအလိုက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကျေးရွာအုပ်စုများမှ ပြည်သူများကိုယ်စား ကျေးရွာရပ်မိရပ်ဖတစ်ဦးက ကျေးရွာအုပ်စုအတွင်း လိုအပ်လျက်ရှိသော ကျေးရွာချင်းဆက်လမ်းများ၊ ရွာတွင်းလမ်းများနှင့် ရေနုတ်မြောင်းများ တူးဖော်နိုင်ရေး၊ မသန်စွမ်းသူများ ထောက်ပံ့ပေးရေး၊ အခြေခံပညာကျောင်းအဆောက်အအုံများ ပြင်ဆင် ဆောက်လုပ်ပေးနိုင်ရေး၊ မြေယာကိစ္စ အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ တင်ပြရာ ပြည်နယ်အဆင့်ဌာန ဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ပေးနိုင်မှု အခြေအနေတို့ကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် မြစ်ကြီးနားတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့တွင် ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ကြပြီး သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် လိုအပ်သည့်အခက်အခဲများကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးတွင် ပန်းခင်းစီမံချက်လုပ်ငန်းစဉ်ရှင်းလင်း


**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အကောင်အထည်ဖော်ဆောင်မည့် ပန်းခင်းစီမံချက်ဖြင့်အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေးလုပ်ငန်းစဉ် ရှင်းလင်းတင်ပြခြင်းကို မေ ၇ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံသား တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုဦးရေစာရင်းနှင့်ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ စီမံချက်ဆောင်ရွက်ရာတွင် လက်ရှိဒေသ၌ အိမ်ထောင်စုစာရင်းရှိပြီး ကိုင်ဆောင်ကတ်ပြားမရှိသူများ၊ လက်ရှိဒေသတွင် အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်ကတ်ပြားမရှိသူများ၊ ရွှေ့ပြောင်းနေထိုင်သူများတွင် မူလဒေသ၌ အိမ်ထောင်စုစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများ၊ ရွှေ့ပြောင်းနေထိုင်သူများတွင် မူလဒေသနှင့် လက်ရှိနေထိုင်သည့် နေရပ်တွင် အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်ကတ်ပြားမရှိသူများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ရန်ကုန်တိုင်းဒေသကြီး စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ဝင်းသိန်းက ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**



# စစ်တွေမြို့တွင်း ရေစီးရေလာကောင်းမွန်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၉**

ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းသည် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်တာဝန်ရှိသူများနှင့်အတူ မေ ၈ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့တွင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် စစ်တွေမြို့ကစ္ဆပရပ်ကွက်ရှိ ကလွေချောင်းတံတားအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ချောင်းအတွင်းရေစီးရေလာကောင်းမွန်ရေး၊ မုန်တိုင်းအန္တရာယ်များကျရောက်လာပါ စက်လှေများ၊ လှေသမ္ဗန်များ ဝင်ရောက်ခိုလှုံနိုင်ရေး၊ ချောင်းကြောင်းတူးဖော်နိုင်ရေးတို့ကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် စစ်တွေမြို့ လမ်းမကြီးရှိ မြို့လယ်ချောင်းတံတားသို့ သွားရောက်ပြီး တံတားကြံ့ခိုင်မှုအခြေအနေ၊ မြို့လယ်ချောင်းအတွင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ပြည်နယ်မှူး ဦးသက်ထွန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ငပိန်လမ်းတံတားအနီး ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်နေမှု၊ ဦးဥတ္တမလမ်းတံတားအဆင့်မြှင့်တင်ခြင်းကြောင့် မြို့လယ်ချောင်းသို့ ရေစီးဆင်းမှု ပိတ်ဆို့နေမှုအခြေအနေတို့ သွားရောက်စစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။ **တင်ထွန်း(ပြန်/ဆက်)**

# နွေရာသီကာလ ဆည်တမံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးရန် လိုအပ်

**ပဲခူး မေ ၉**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် မေ ၇ ရက် နံနက်ပိုင်းက ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ပဲခူးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ပဲခူးမြို့နယ် ဝါးကတုတ်သစ်တောပျိုးဥယျာဉ် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းဒေသကြီးသစ်တော ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဖုန်းနှင့် မြို့နယ်တာဝန်ခံ ဦးအောင်မင်းသူတို့က ဝါးကတုတ်သစ်တောပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုနှင့် နှစ်အလိုက် သစ်တောစိုက်ခင်းများသို့ ပျိုးပင်ဖြန့်ဝေပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို ပြန်လည်ထိန်းသိမ်းရာတွင် သစ်ပင်စိုက်ပျိုးခြင်းသည် အကောင်းဆုံးနှင့် ဈေးအသက်သာဆုံးဖြစ်၍ တစ်ပင်စိုက်တစ်ပင်ရှင်စနစ်ကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်စေလိုကြောင်းနှင့် ဒေသနှင့်ကိုက်ညီသော သစ်ပင်များပျိုးထောင်၍ ပြည်သူများကိုလည်း သစ်ပင်စိုက်ပျိုးစေရေး စည်းရုံးဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး သစ်တောပျိုးဥယျာဉ်အတွင်း သစ်ပင်များ ပျိုးထောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပဲခူးမြို့နယ် ဝါးကတုတ်ရေလှောင်တမံသို့ ရောက်ရှိခဲ့ရာ စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ဝါးကတုတ်ရေလှောင်တမံမှ မိုးယွန်းကြီးအင်းသို့ ရေသွင်းပေးနေမှုနှင့် နွေစပါးစိုက်ပျိုးနိုင်ရေး ရေပေးဝေနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဆည်တမံများသည် မိုးရာသီကာလ ရေကြီးရေလျှံမှု လျော့နည်းသက်သာစေရန်နှင့် နွေရာသီ၊ နွေစပါးစိုက်ပျိုးနိုင်ရေး ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သလို အဓိကအားဖြင့် ယခုလို နွေရာသီအခါမျိုး၌ ဆည်တမံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာအနီးရှိ မိုးယွန်းကြီးအင်းရေဝပ်ဒေသပညာပေးပြခန်းသို့ ရောက်ရှိပြီး တာဝန်ခံ ဒေါ်သင်းသင်းယုက မိုးယွင်းကြီးအင်း ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက မိုးယွန်းကြီး အင်းရေတိမ်ဒေသသည် မြန်မာနိုင်ငံ၌သာမက ကမ္ဘာ့ရေတိမ်ဒေသများ စာရင်းတွင် ပါဝင်သည့် ရမ်ဆာရေတိမ်ဒေသ ထိန်းသိမ်းရေးနယ်မြေ (Ramsar Site Wetlands of International Importance) တစ်ခုဖြစ်၍ ရှိရင်းသဘာဝဂေဟစနစ်များ ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ တရားမဝင် ရှော့တိုက်ငါးဖမ်းမှု၊ ကျူးကျော်စိုက်ပျိုး၊ နေထိုင်မှုများကို ဥပဒေနှင့်အညီသာ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီး ပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



## စစ်တောင်းမြစ်ကမ်းပါး ကမ်းထိန်းတန်းနှင့် ရေလွှဲတန်းတည်ဆောက်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**ကျောက်ကြီး မေ ၉**
ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ညောင်ပင်ဆိပ်ကျေးရွာ၌ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်နေသည့် စစ်တောင်းမြစ်ကမ်းပါးကမ်းထိန်းတန်းနှင့် ရေလွှဲတန်းတည်ဆောက်ခြင်းလုပ်ငန်းကို မြို့နယ်တာဝန်ရှိသူများက မေ ၉ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းကြည့်ရှု စစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူနှင့် မြို့နယ်စီမံ အုပ်ချုပ်ရေးကောင်စီဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများပါဝင်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၇၀၀ ဖြင့် ညောင်ပင်ဆိပ်ကျေးရွာ စစ်တောင်းမြစ်အတွင်း ရေလွှဲကဒစ်တန်း ပေ ၅၀၊ အရှည် ၂၃ တန်း၊ ကမ်းထိန်းတန်းပေ ၁၀၀၊ အရှည်တန်းပေ ၁၀ ဆောင်ရွက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးကာ ဆောင်ရွက်ရန်ကျန်ရှိနေသည်များအား မိုးရာသီမကျခင် အချိန်မီပြီးစီးလုပ်ဆောင်ရန် မှာကြားသည်။



ညောင်ပင်ဆိပ်ကျေးရွာသည် နှစ်စဉ် မိုးရာသီရောက်တိုင်း မြစ်ရေကြီးမှု အန္တရာယ်၊ ကမ်းပါးပြိုကျမှု အန္တရာယ်များ ခံစားရပြီး လူနေအိမ်များ ကမ်းပါးပြို၍ ပြောင်းရွှေ့ရသည့်ဒုက္ခများ ကင်းဝေးရန် စစ်တောင်းမြစ်ကမ်းပါး ကမ်းထိန်းတန်းနှင့် ရေလွှဲတန်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**



## ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောက်တံတားမြို့နယ်၌ ကြိုတင်ပြင်ဆင်

**ကျောက်တံတား မေ ၉**
ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်၌ ဇွန် ၁ ရက်တွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၇ ရက် ညနေပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးထူးကျော်က ဇွန် ၁ ရက်တွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်သဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ကျောင်းများပြန်လည်ဖွင့်လှစ် နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အခြေအနေများကိုအခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် မေ ၈ ရက် နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ရှိသူများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ ကွင်းဆင်း၍ ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက်ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများနှင့်အညီ ကြိုတင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သောက်သုံးရေ အခက်အခဲကြုံနေ၍ စက်ရေတွင်း အလှူရှင် မျှော်လင့်

**ညောင်ဦး မေ ၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု ကန်နီကြီးတဲတိုက်တွင် ဒေသခံပြည်သူများစက်ရေတွင်းမရှိသည့်အတွက် နှစ်စဉ် သောက်သုံးရေအခက်အခဲများကြုံနေရသဖြင့် ရာသီမရွေး သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် စက်ရေတွင်းလှူဒါန်းမည့် အလှူရှင်အား မျှော်လင့်နေကြကြောင်း အဆိုပါ ကန်နီကြီးတဲတိုက်ရှိ ဒေသခံပြည်သူများထံမှ သိရသည်။

ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု ကန်နီကြီးတဲတိုက်တွင် အိမ်ခြေ ၄၃ အိမ်၊ လူဦးရေ ၂၀၀ ကျော်ခန့်ရှိပြီး ဒေသခံပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြကြောင်း၊ နေ့စဉ်သောက်သုံးရေအတွက် တဲတိုက်နှင့် နှစ်မိုင်ခန့်ဝေးသည့် ကကျဲကျေးရွာစက်ရေတွင်းသို့သွားရောက်ပြီး သောက်သုံးရေဝယ်ယူသုံးစွဲနေရ၍ ကျေးလက်နေပြည်သူများအနေဖြင့် ရာသီမရွေးသောက်သုံးရေအဆင်ပြေစွာ သုံးစွဲနိုင်ရေးအတွက် စက်ရေတွင်းတူးရန်အတွက် ငွေကြေးအခက်အခဲများရှိနေသဖြင့် စက်ရေတွင်းတူးဖော်လှူဒါန်းမည့် အလှူရှင်အား မျှော်လင့်နေကြကြောင်းအဆိုပါ ကန်နီကြီးတဲတိုက်ရှိ ဒေသခံပြည်သူ ဦးမောင်စိုးက ပြောကြားသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပ



**နေပြည်တော်**
နေပြည်တော် ဥတ္တရခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ မေ ၈ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် ကြက်ခြေနီကျင့်ဝတ်(၅၀)ရေးဖြေပြိုင်ပွဲကို မေ ၈ရက် နံနက် ၁၁ နာရီက အဆိုပါ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးတွင် ကျင်းပရာ ဥတ္တရခရိုင်အတွင်းရှိ မြို့နယ်များမှ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ပွဲကျင်းပရာ နေပြည်တော်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဒုတိယတိုင်းတပ်ဖွဲ့မှူး ဦးစိုးလင်းဦးက အမှာစကားပြောကြားပြီး ကမ္ဘာ့ကြက်ခြေနီများနေ့အထိမ်းအမှတ်အခမ်းအနားသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်ထံမှ ပေးပို့သော သဝဏ်လွှာအား ဥတ္တရခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်မေကလျာဝင်းက ဖတ်ကြားသည်။ ထို့နောက် ကြက်ခြေနီကျင့်ဝတ်(၅၀)ရေးဖြေ ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဥတ္တရခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

**အောင်ကို(ပြန်/ဆက်)**

**မုဒုံ**
မွန်ပြည်နယ် မုဒုံမြို့နယ်၌ မေ ၈ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို မြန်မာနိုင်ငံကြက်ခြေနီအသင်း မုဒုံမြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြီးမှူး၍ မေ ၈ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့မ(၄)ရပ်ကွက်ရှိ ကြက်ခြေနီရုံး၌ ကျင်းပသည်။

မုဒုံမြို့နယ် ကြက်ခြေနီအသင်းခွဲ နာယကဒေါက်တာမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးအောင်ဗိုလ်ကျော်က မြို့နယ်တွင်ကြက်ခြေနီအသင်း စတင်ဖွဲ့စည်းခဲ့သည့် အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။ ထို့နောက် မုဒုံမြို့နယ် ကြက်ခြေနီအသင်းခွဲအတွင်းရေးမှူး ဒေါက်တာကျော်စိုးမိုးက ကြက်ခြေနီအသင်းနှင့်ပတ်သက်၍ အခြေခံမူ(၇)ချက်ပေါ်မူတည်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

မုဒုံမြို့နယ် ကြက်ခြေနီအသင်းခွဲအနေဖြင့် သွေးလှူရှင်လုပ်ငန်း၊ လူနာတင်ယာဉ်လုပ်ငန်း၊ ကျန်းမာရေးအသိပညာ ဖြန့်ဝေရေးလုပ်ငန်းနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မြိတ်**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၈ ရက် နေ့လယ်ပိုင်းက ကြက်ခြေနီအသင်းရုံးတွင် ကျင်းပရာ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များ နှင့် အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်ဆေးရုံကြီး ကိုဗစ်-၁၉ စင်တာတွင် တာဝန်ထမ်းဆောင်ခဲ့သော ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့် လူမှုကရုဏာလုပ်ငန်းများတွင်စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသောတပ်ဖွဲ့ဝင်များအား မြိတ်ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြသည်။

ထို့နောက် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ် ရှေးဦးပြုစုခြင်းစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများ၊ (၄၇)ကြိမ်မြောက်သွေးအလှူရှင်နှင့်သွေးအလှူရှင် တပ်ဖွဲ့ဝင်များ၊ မိုင်းအန္တရာယ်အသိပညာပေး ကာတွန်းဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုလက်ဆောင်များနှင့် ထူးချွန် ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



# စစ်တွေမြို့၌ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မဟာထေရ်မြတ်ကြီးအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ ကျင်းပ

**စစ်တွေ မေ ၉**

ရခိုင်ပြည်နယ် စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက် မဏိရတနာ ပရိယတ္တိစာသင်တိုက်၏ အာဒိ ကမ္မိက ဦးစီးပဓာနနာယက၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ (နိုင်ငံတော်သံဃမဟာနာယက-ငြိမ်း) ဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသောမ မဟာထေရ်မြတ်ကြီးအား တပည့်ဒါယကာ၊ ဒါယိကာမများက ထပ်ဆင့်ဂုဏ်ပြုပွဲ၊ ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက စစ်တွေမြို့ လောကာနန္ဒာစေတီတော်ပုရိဝုဏ်အတွင်းရှိ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ကြွရောက်တော်မူကြသော ဆရာတော်သံဃာတော်များနှင့် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး ဖွင့်လှစ်ကြသည်။



**ငါးပါးသီလခံယူ**

ဆက်လက်၍ စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက် ပဓာနနာယက၊ ပြည်နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တသောမထံမှ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အမှူးပြုသောပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဓမ္မာစရိယတက္ကသိုလ်များ၏ နာယကချုပ်ဆရာတော် တိပိဋကပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တသုစိတ္တာဘိဝံသက ဂုဏပူဇာပတ္တနာဂါထာဖြင့် ပူဇော်ကာ သာရဏီယသမ္မောဒနီယဂါထာဖြင့် ချီးမြှင့်ပူဇော်သည်။

ထို့နောက် ဘဒ္ဒန္တသီဟသေနက အဂ္ဂါဘိဓေဂါထာအား ဖတ်ကြားပူဇော်ပြီး စစ်တွေမြို့ အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော်က ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်က ချီးမြှင့်ပူဇော်သော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်အား ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးစိုင်းသော်ဝင်းတို့က လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(စစ်တွေ) ဒေသကွပ်ကဲရေးမှူးတို့က ထပ်ဆင့်ပူဇော်သော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်အားလည်းကောင်း၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များကလည်းကောင်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက ထပ်ဆင့်ဂုဏ်ပြုသည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်အား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဥပဒေချုပ်တို့က လည်းကောင်း၊ ရသေ့တောင်မြို့နယ်အသင်း၏ ထပ်ဆင့်ဂုဏ်ပြုသည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်အား တာဝန်ရှိသူများက လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံကောင်စစ်ဝန်(စစ်တွေ)က ဗုဒ္ဓဂါယာပုံတူပန်းချီအား လည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ရခိုင်တေးသံရှင်ကိုထွန်းထွန်းက မင်္ဂလာပိုဒ်စုံရတုအားရွတ်ဖတ်ပူဇော်ပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြသည်။

**လှူဒါန်း**

ယင်းနောက် ထပ်ဆင့်ဂုဏ်ပြုပွဲအတွက် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ လှူဒါန်းငွေကျပ်သိန်း ၅၀၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ လှူဒါန်းငွေကျပ် ၁၃ သိန်း၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ)မှ လှူဒါန်းငွေကျပ် သိန်း ၃၀၊ ဦးသိန်းရွှေနှင့်ဇနီးတို့က လှူဒါန်းငွေကျပ်သိန်း ၃၀၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံကောင်စစ်ဝန်(စစ်တွေ)က လှူဒါန်းငွေကျပ် ၁၅ သိန်းနှင့် အလှူရှင်များက လှူဒါန်းငွေများကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက် ပဓာနနာယက၊ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောမထံမှ ရေစက်ချအနုမောဒနာတရားနာကြားခဲ့ကြပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

---

**■ ၂၀၂၃ အာရှဖလားမှ**

အဆင့်သို့လည်း တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ကျန်ဒုတိယနေရာရ လေးသင်း၊ တတိယနေရာရ ရှစ်သင်းနှင့် စတုတ္ထနေရာရအသင်းများအနက် အကောင်းဆုံးလေးသင်း စုစုပေါင်း ၁၂ သင်းမှာ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲသို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ကျန်စတုတ္ထနေရာရ လေးသင်းနှင့် အုပ်စုအောက်ဆုံးရပ်တည်မှုရ ရှစ်သင်းတို့မှာ Play-off ပွဲစဉ် ထပ်မံကစားရမည်ဖြစ်သည်။ ယင်း ၁၂ သင်းအတွက် Play-off ပွဲစဉ် ပထမအကျော့ကို စက်တင်ဘာ ၂ ရက်၊ ဒုတိယအကျော့ကို စက်တင်ဘာ ၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အနိုင်ရသည့်ခြောက်သင်းမှာ အာရှဖလားတတိယအဆင့် ခြေစစ်ပွဲ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို စုစုပေါင်း ၂၄ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ကျန်သုံးနေရာအတွက်မူ ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် တစ်ပေါင်းတည်းကျင်းပသည့် ပထမအဆင့်ခြေစစ်ပွဲတွင် အရေးနိမ့်ခဲ့သည့် ခြောက်သင်းအား ပြန်လည်ယှဉ်ပြိုင်စေကာ အနိုင်ရသည့်သုံးသင်းမှာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ယင်းခြောက်သင်းအတွက် Play-off ပွဲစဉ်များကို အောက်တိုဘာ ၇၊ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် လက်ရှိတွင် ဒုတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်လျက်ရှိပြီး အုပ်စု (F)၌ ဂျပန်၊ တာဂျစ်ကစ္စတန်၊ ကာဂျစ္စတန်၊ မွန်ဂိုလီးယားအသင်းတို့နှင့် ပါဝင်နေသည်။ မြန်မာအသင်းသည် ငါးပွဲကစား ခြောက်မှတ်ရထားပြီး ဂျပန်၊ တာဂျစ်ကစ္စတန်၊ ကာဂျစ္စတန်အသင်းတို့နှင့် ကစားရန် ကျန်ရှိနေသည်။

မြန်မာအသင်းအနေဖြင့် ၂၀၂၂ ကမ္ဘာ့ဖလား (အာရှဇုန်) တတိယအဆင့်ခြေစစ်ပွဲနှင့် ၂၀၂၃ အာရှဖလားတိုက်ရိုက်ဝင်ခွင့် (သို့မဟုတ်) ၂၀၂၃ အာရှဖလားတတိယအဆင့်ခြေစစ်ပွဲ တိုက်ရိုက်ဝင်ခွင့်အတွက် လက်ကျန်ပွဲများတွင် ရလဒ်ကောင်းရန် လိုအပ်နေသည်။ မြန်မာအသင်းသည် လက်ကျန်ပွဲများအဖြစ် မေ ၂၈ ရက်တွင် ဂျပန်အသင်း၊ ဇွန် ၁၁ ရက်တွင် ကာဂျစ္စတန်အသင်း၊ ဇွန် ၁၅ ရက်တွင် တာဂျစ်ကစ္စတန်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၃ အာရှဖလား ပထမအဆင့်နှင့် ဒုတိယအဆင့်ခြေစစ်ပွဲများကို ၂၀၂၂ ကမ္ဘာ့ဖလား(အာရှဇုန်) ခြေစစ်ပွဲများနှင့် တစ်ပေါင်းတည်းကျင်းပလျက်ရှိပြီး တတိယအဆင့်မှသာ သီးခြားစီကျင်းပမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - AFC**

---

## ညောင်လေးပင်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း မေ ၈ ရက်ညပိုင်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် ပိန်းဇလုပ်မြို့ အင်းကြီးကျေးရွာ၊ ရေတွင်းကုန်းကျေးရွာ၊ ဒလဆိပ်ကျေးရွာနှင့် ကံကလေးကျေးရွာများမှ စာသင်ကျောင်းများနှင့် နေအိမ်များ အမိုးလန်ပျက်စီးခြင်းနှင့် ပြိုလဲမှုများဖြစ်ပေါ်ခဲ့ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ညောင်လေးပင်တပ်နယ်မှ တပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အဆိုပါကျေးရွာများရှိ နေအိမ် ၅၃ လုံး၊ စာသင်ကျောင်း နှစ်ကျောင်းနှင့် ကြက်ခြံတို့ကို နယ်မြေခံ တပ်မတော်သားများက အမိုးများပြန်လည်ပြုပြင်ပေးခြင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းနှင့် နေအိမ်ပြန်လည်ပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ညောင်လေးပင်တပ်နယ်မှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးပြီး လေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❒ တပ်မတော်ဆေးရုံများမှ**

ထို့အပြင် ပြည်သူလူထု၏အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၉၃၈၇၄ ဦး၊ အတွင်းလူနာ ၆၀၀၃၃ ဦးကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၉၀၂၇ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၆၁၂ ဦး စုစုပေါင်း ၁၃၆၃၉ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၄၆၆၈ ဦးကို ခွဲစိတ်၍ လည်းကောင်း၊ ၇၀၀၃ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၁၆၇၁ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍမြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## စာအုပ်စာပေ လူ့မိတ်ဆွေ

---

**❖ အက်စ်တွန်ဗီလာအသင်းမှ**

မန်ယူအသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ဟာ အခုနှစ်ဘောလုံးရာသီမှာ မန်ယူအသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ် သွင်းဂိုးစုစုပေါင်း ၂၇ ဂိုးအထိ ရှိလာခဲ့တာဖြစ်ပြီး ၂၀၀၉-၂၀၁၀ ဘောလုံးရာသီက ချယ်လ်ဆီးအသင်းအတွက် ဂိုးအများဆုံးသွင်းယူပေးခဲ့တဲ့ ကွင်းလယ်ကစားသမားလမ်းပတ်နောက်ပိုင်းမှာ ဘောလုံးရာသီတစ်ရာသီအတွင်း ပရီမီယာလိဂ်ကွင်းလယ်ကစားသမားတစ်ဦးအနေနဲ့ သွင်းဂိုးအများဆုံးလည်းဖြစ်ပါတယ်။

ဘရူနိုဖာနန်ဒက်စ်ရရှိခဲ့တဲ့ ပင်နယ်တီဟာ အခုနှစ်ဘောလုံးရာသီအတွင်းမှာ ၁၁၃ ကြိမ်မြောက်ရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုးဖြစ်ပြီး ပရီမီယာလိဂ်သမိုင်းတစ်လျှောက်မှာ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီနောက်ပိုင်း ပြိုင်ပွဲတစ်လျှောက်ရရှိခဲ့တဲ့ ပင်နယ်တီကန်သွင်းခွင့်အများဆုံးရာသီလည်းဖြစ်ပါတယ်။ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီက ပရီမီယာလိဂ်ပြိုင်ပွဲမှာ ပင်နယ်တီကန်သွင်းခွင့်စုစုပေါင်း ၁၁၂ ကြိမ်ရရှိခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းဟာ အက်စ်တွန်ဗီလာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၃၄ ပွဲကစားအပြီးမှာ ရမှတ်စုစုပေါင်း ၇၀ နဲ့ အမှတ်ပေးဇယားဒုတိယနေရာမှာ ရပ်တည်လျက်ရှိပြီး ၃၅ ပွဲအထိကစားထားပြီးဖြစ်တဲ့ အမှတ်ပေးဇယားထိပ်က မန်စီးတီးအသင်းနဲ့ ရမှတ် ၁၀ မှတ်ကွာဟနေတာဖြစ်ပါတယ်။ အက်စ်တွန်ဗီလာအသင်းကတော့ ၃၄ ပွဲကစားအပြီးမှာ ရမှတ် ၄၈ မှတ်နဲ့ အမှတ်ပေးဇယား ၁၁ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

# ထီးလင်း၌ ဆောင်းမြေပဲကို စိမ့်စမ်းရေဖြင့်စိုက်ပျိုး

**ထီးလင်း မေ ၉**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် ဆောင်းမြေပဲကို မိုးစပါးအပြီးလယ်မြေများ၌ စိမ့်စမ်းရေဖြင့် သီးထပ်အဖြစ်စိုက်ပျိုးရာ အောင်မြင်မှုများ ရရှိနေကြောင်း သိရသည်။

"အရင်ကတော့ ဆီထွက်သီးနှံ မြေပဲကို မိုးရာသီမှာပဲ ယာမြေတွေမှာ မိုးရေကိုအားကိုးပြီး စိုက်ပျိုးခဲ့တာပါ။ အခုတော့ မိုးစပါးပြီးလယ်မြေတွေမှာ ရေသွင်းစိုက်ပျိုးတာ အောင်မြင်မှုတွေရှိလာတော့ ဆောင်းမြေပဲကို နှစ်စဉ်စိုက်ပျိုးနေပါပြီ။ စိမ့်စမ်းရေကို ရေသွယ်စိုက်ပျိုးတဲ့ စနစ်ရယ်၊ မြေအောက်ရေကို ရေတင်စိုက်ပျိုးတဲ့စနစ်ရယ် ကျင့်သုံးကြပါတယ်။ ဆောင်းမှာစိုက်တဲ့မြေပဲက ပိုးကျလည်းနည်းပြီး အထွက်နှုန်းလည်းပိုကောင်းပါတယ်။ မျိုးအနေနဲ့ကတော့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကရတဲ့ မကွေး (၁၆) မြေပဲမျိုးကို စိုက်ပျိုးတာများပါတယ်" ဟု စိုက်ပျိုးသူ တောင်သူတစ်ဦးက ပြောသည်။

ထိုသို့စိုက်ပျိုးရာ၌ ၂၀၁၉-၂၀၂၀ စိုက်ပျိုးရာသီတွင် ၄၁ ဒသမ ၂၁ ဧက စိုက်ပျိုး၍ အထွက်နှုန်း ၅၂ ဒသမ ၈၁ တင်း၊ ၂၀၂၀-၂၀၂၁ စိုက်ပျိုးရာသီတွင် ၄၁ ဒသမ ၃၈ ဧက စိုက်ပျိုး၍ အထွက်နှုန်း ၅၁ ဒသမ ၈၁ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

ထို့ပြင် မိုးစပါးအပြီးလယ်မြေများတွင် စားတော်ပဲများကိုလည်း ရေလိုက်ကြဲသည့် စနစ်ဖြင့် စိုက်ပျိုးကြရာ ၂၀၁၉-၂၀၂၀ စိုက်ပျိုးရာသီတွင် ၂၅ ဒသမ ၂၃ ဧက စိုက်ပျိုး၍ အထွက်နှုန်း ၁၄ ဒသမ ၉၂ တင်း၊ ၂၀၂၀-၂၀၂၁ စိုက်ပျိုးရာသီတွင် ၂၉ ဒသမ ၃၄ ဧက စိုက်ပျိုး၍ အထွက်နှုန်း ၁၄ ဒသမ ၉၅ တင်းနှုန်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

**စိန်ကျော်**





# ပွင့်ဖြူမြို့နယ်၌ မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးသည့် နှမ်းစိုက်ခင်းများ အောင်မြင်

**ပွင့်ဖြူ မေ ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ နွေစပါးနှင့် နွေနှမ်းအပါအဝင် အခြားနွေသီးနှံများကို မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ နွေသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလွှဲဆည်မှ ဆည်ရေကို ဖေဖော်ဝါရီ ၁၆ ရက်တွင် နွေစပါးသီးနှံအတွက် မြောက်မုန်းမြောင်းမကြီးမှ တစ်ဆင့် ဆည်ရေများ စတင်ဖြန့်ဝေပေးခဲ့ပြီး နွေနှမ်းနှင့်အခြားနွေသီးနှံ စိုက်ပျိုးနိုင်ရေးအတွက် ဧပြီ ၁ ရက်မှ စတင်၍ တောင်မုန်းမြောင်းမကြီးမှတစ်ဆင့် ဆည်ရေအား စနစ်တကျ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဒေသခံတောင်သူများက ဆည်ရေရရှိသည့်အချိန်တွင် မိမိတို့၏ လယ်ယာမြေများကို ထယ်ရေးညက်အောင် ထွန်ယက်ခြင်း၊ မြေဩဇာကျွေးခြင်းနှင့်အမှိုက်သရိုက်နှင့် ပေါင်းများ ရှင်းလင်းခြင်းလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကာ နွေစပါးနှင့် နွေနှမ်းကို အချိန်မီ စိုက်ပျိုးခဲ့ကြသဖြင့် ယခုအခါ နွေနှမ်းစိုက်ခင်းများမှာ အသီးအပွင့်များဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်အတွင်းရှိ နွေနှမ်းစိုက်ပျိုးတောင်သူများထံမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါးသီးနှံစိုက်ပျိုးဧက ၁၉၈၀၄ ဧကနှင့် နွေနှမ်းစိုက်ပျိုးဧက ၃၁၆၆၀ လျာထား စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# ဇီးကုန်းမြို့နယ်၌ ပျိုးပင်ပေါင်း ၃၅၀၀၀ စိုက်ပျိုးသွားမည်

**ဇီးကုန်း မေ ၉**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၁ မိုးရာသီတွင် သစ်တောများပြန်လည်ထူထောင်ရေးနှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၃၅၀၀၀ ကို မြို့နယ်သစ်တောဦးစီးဌာနတွင် ယာယီပျိုးဥယျာဉ်နှစ်စင်ဖြင့် ပျိုးထောင်ထားရှိကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် သစ်တောဦးစီးဌာနရုံးဝင်း မြို့မဘိနယ်ပျိုးဥယျာဉ်တွင် ကျွန်းပင် ၁၀၀၀၀၊ မန်ဂျန်ရှား၄၀၀၀၊ သင်းဝင် ၁၀၀၀ ကို လည်းကောင်း၊ ဘော်ဘင်ဘိနယ် ပျိုးဥယျာဉ်တွင် ကျွန်း၁၁၀၀၀၊ မန်ဂျန်ရှား ၈၀၀၀၊ ပျဉ်းမ ၁၀၀၀ စုစုပေါင်းပျိုးပင်ပေါင်း၃၅၀၀၀ ကို ပျိုးထောင်ထားရှိပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာများနှင့် တပ်ရင်းတပ်ဖွဲ့များသို့ ပျိုးပင်များကို အခမဲ့ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**တင့်ဆွေ(ပြန်/ဆက်)**

# ကော့ကရိတ်မြို့၌ ဒူးရင်းသီးအထွက်နှုန်းကောင်းသော်လည်း ရောင်းအားကျ

**ကော့ကရိတ် မေ ၉**

ကရင်ပြည်နယ်ကော့ကရိတ်မြို့ တောင်ကြာအင်းကျေးရွာအုပ်စုရှိ ဖားကျကျေးရွာလောင်းကိုင်ကျေးရွာအုပ်စု သမိန်ဒွတ်ကျေးရွာအပါအဝင် အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ကော့ဖောင်းကျေးရွာ၊ မိထလန်းနိုင်ကျေးရွာ၊ နောင်တလာကျေးရွာနှင့် ကမော့ကသူကျေးရွာတို့တွင် ရာသီပေါ်သီးနှံများဖြစ်သည့် ဒူးရင်းသီးများသည် ယခုနှစ်တွင် မိုးဦးကျစောသည့်အတွက် အထွက်နှုန်းကောင်းသော်လည်း အမြို့မြို့ အနယ်နယ်ရှိသစ်သီးအဝယ်ဒိုင်များကမှာယူသူ များပြားပြီး ရာသီပေါ် သီးနှံရောင်းချသူများအနေဖြင့် ရောင်းအားကျလျက်ရှိကြောင်း ရာသီပေါ်သီးနှံ ရောင်းချသူများထံမှ သိရသည်။



ကိုးတိုင်ကျေးရွာရှိ ရာသီပေါ်သီးနှံဆိုင်တန်းများတွင် ဒူးရင်းသီးခင်းကျင်းရောင်းချသူတစ်ဦးက" ယမန်နှစ်ကခရီးသွားပြည်သူများ၊ ဘုရားဖူးသွားပြည်သူများက ဝယ်ယူအားပေးလို့ တစ်ရက်ကို ငွေကျပ် ၁၅ သိန်းအထိ ရောင်းရတယ်။ အခုနှစ်မှာတော့ ခရီးသွားပြည်သူများ၊ ဘုရားဖူးပြည်သူတွေအသွားအလာမရှိသလောက်နည်းပါးလို့တစ်ရက်ကို ငွေကျပ် ၁၀၀၀၀၀ မှ ၃၀၀၀၀၀ သာရောင်းရတဲ့အတွက် ရောင်းအား ကျတယ်" ဟု ပြောကြားသည်။

အဆိုပါ ကျေးရွာများမှ ထွက်ရှိသည့် ဒူးရင်းသီးများကို နေပြည်တော်၊ ရန်ကုန်၊ တောင်ငူ၊ တောင်ကြီး၊ ဘီးလင်း၊ ကျိုက်ကော်၊ ပြင်သဇာ၊ မြဝတီ၊ ဘားအံမြို့တို့ရှိ သစ်သီးအဝယ်ဒိုင်များထံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ကော့ကရိတ်မြို့ရှိရာသီပေါ်သီးနှံအဝယ်ဒိုင်များထံမှသိရသည်။

**စောအောင်မျိုးလွင်(ပြန်/ ဆက်)**

# လယ်ယာသုံး စက်ကိရိယာပြုပြင် ထိန်းသိမ်းနည်း သင်တန်း အခမဲ့ ဖွင့်လှစ်

**မြို့သစ် မေ ၉**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည့် တောင်သူများ၊ လယ်ယာသုံးစက်ကိရိယာများ အလွယ်တကူ ပြုပြင်ထိန်းသိမ်းတတ်စေရန်ရည်ရွယ်၍ စက်မှုလယ်ယာဦးစီးဌာနမှမှ ဖွင့်လှစ်သည့်၊ လယ်ယာသုံးစက်ကိရိယာ ထိန်းသိမ်းပြုပြင်နည်းသင်တန်းကို မေ ၇ ရက် နံနက် ၉ နာရီက မြို့သစ်မြို့ ကိုရံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

စက်မှုလယ်ယာဦးစီးဌာန မကွေးတိုင်းဒေသကြီးဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို မေ ၇ ရက်မှ ၁၄ ရက်အထိ ရက်သတ္တ တစ်ပတ်ကြာ စာတွေ့၊ လက်တွေ့များဖြင့် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး ကိုရံကျေးရွာမှ သင်တန်းသားတောင်သူ ၂၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုဇော်(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ တောင်ငူခရိုင်မှလိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ တောင်ငူခရိုင်မှ လိုအပ်သော လုပ်ငန်းသုံးပစ္စည်း (ဒီဇယ်ဆီနှင့် သံချောင်း)များအား အိတ်ဖွင့်တင်ဒါလျှောက်လွှာ တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ပစ္စည်းတင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၁၀-၅-၂၀၂၂ရက်(တနင်္လာနေ့) |
| ပစ္စည်းတင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ | - | (လမ်းဦးစီးဌာန၊ တောင်ငူခရိုင်) |
| ပစ္စည်းတင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် | - | ၂၁-၅-၂၀၂၂ရက်(သောကြာနေ့) ၁၆:၃၀ နာရီ |
| ပစ္စည်းတင်ဒါ(P.O)နောက်ဆုံး တင်သွင်းရမည့်ရက် | - | ၂၁-၅-၂၀၂၂ရက်(သောကြာနေ့) ၁၆:၃၀ နာရီ |
| ပစ္စည်းတင်ဒါဖွင့်လှစ်မည့် နေ့ရက်/အချိန် | - | ၂၄-၅-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီ |
| ပစ္စည်းတင်ဒါဖွင့်လှစ်မည့် နေရာ | - | ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန အစည်းအဝေးခန်းမ၊ ပဲခူးမြို့။ |

အသေးစိတ်သိရှိလိုပါက ၁၀-၅-၂၀၂၂ရက်မှ ၂၁-၅-၂၀၂၂ရက်အထိ ရုံးချိန်အတွင်း တောင်ငူခရိုင်၊ လမ်းဦးစီးဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရမည့်ဖုန်းနံပါတ်-၀၅၄-၂၃၇၂၅၊ ၀၅၄-၂၃၆၈၅

**လုပ်ငန်းတင်ဒါနှင့်ပစ္စည်းတင်ဒါကော်မတီ**
**ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဝါဝါဝင်းလမ်း၊ အိမ်အမှတ်-၃၉ နေ ဒေါ်တင်မြိုင်[၁၂/မရက(နိုင်)၁၄၂၃၁၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်မြိုင်၏သားဖြစ်သူ မောင်ရဲလင်းမောင်[၁၂/မရက(နိုင်)၁၆၃၂၃၆]သည် မကျန်းမာသူ မိခင်နှင့်ဆွေမျိုးများအား ပတ်ဝန်းကျင်တွင် အရှက်တကွဲဖြစ်စေခြင်း၊ မိခင်နှင့်မောင်နှမများမသိရှိဘဲ လူမှုရေးပြဿနာများ၊ ငွေကြေးကိစ္စပြုလုပ်ခြင်းတို့ကြောင့် ကိုယ်စိတ်နှစ်ပါးထိခိုက်အောင် ပြုမူသွားခဲ့သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သောကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ အများသိစေရန် ကြော်ငြာအပ်ပါသည်။ ကြော်ငြာသည့်နေ့မှစ၍ မောင်ရဲလင်းမောင်နှင့်ပတ်သက်၍ ငွေကြေးအရှုပ်အရှင်းများ၊ လူမှုရေးပြဿနာများ တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်မြိုင်နှင့်မိသားစုဝင်များအား တစ်စုံတစ်ရာ ထိခိုက်ပြုမူဆောင်ရွက်မှုများရှိလာပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဇာထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၁၁/၃၀-၈-၂၀၁၆)**
**အမှတ်(၁၀၁/C)၊ (၃၆)လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၆၈၀၃၀၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန် (၈)ရပ်ကွက်၊ တိုက်(၂)၊ အခန်း(၁၁) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့သည် လက်ရှိ တိုက်ခန်းပိုင်ရှင် အမည်ပေါက်သူ ဒေါ်ခင်ပြုံးကြည်မှ ၎င်းတိုက်ခန်းနှင့် ပတ်သက်၍ အရှုပ်အရှင်းကင်းပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးပြတ်သည့်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောဦး (စဉ်-၆၀၂၀) B.A,H.G.P,R.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၉၃၊ (၂/ခ)၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၂၀၉၅၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြို့မရပ်ကွက်၊ ဗဟန်း(၁)လမ်း၊ အမှတ်(၂၆)တိုက်၏ ပထမထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း(အလျား၁၂.၆ပေ × အနံ၅၅ပေ)ရှိ တိုက်ခန်းတစ်ခန်း အပါအဝင် ယင်းမြေကွက်တဝက်ပိုင်ဆိုင်မှုနှင့် အတူအကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်သန်းသန်း (၁၂/ဗဟန(နိုင်)၀၁၁၉၇၈)က တာဝန်ယူဝန်ခံ၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်မိုးခင်အိ **(LL.B)**
တရားလွှတ်တော်ရှေ့နေ
စဉ်(၁၂၁၅၁/ ၂၈-၂-၂၀၁၇)
အမှတ်-၃၇၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉ ၄၄၃၀၇၁၁၄၈၊ ၀၉ ၇၉၉၂၇၇၀၅၀

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ [illegible]


အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်နုမြတ်မောင် (LL.B)၊ (စဉ်-၁၆၅၅၄)**
တရားလွှတ်တော်ရှေ့နေ

အမှတ်(၈၀)၊ သခင်လမ်း၊ [illegible] မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉ ၄၂၈၀၂၂၃၈၄ ၊ ၀၉-၆၅၀၂၂၂၉၉၇





သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ဖို့နဲ့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။







# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် [illegible] ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ကြောင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်း



















# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ ၁၉၃၀၀၀ ကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် မေ ၉**

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များစုစည်း၍ ဒေသခံပြည်သူလူထုအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၆ ကော်လံ ၄ သို့ ❐


ကြေးမုံ ယနေ့ ဖတ်စရာ

ပညာလိုလား အမျိုးကောင်းသားတို့ မှတ်သားဖွယ်ရာ ငါးဖြာသောလက္ခဏာ — ဆောင်းပါး စာမျက်နှာ » ၆

ကမ္ဘာဦးကျောက်ခေတ်က အရိုင်းအစိုင်းတွေလို အသိဉာဏ်နည်းဘ၀ ပြန်ရောက်သွားကြပြီလား .... — ဆောင်းပါး စာမျက်နှာ » ၉

နိုင်ငံသားတာဝန်၊ နိုင်ငံ့ဝန်ထမ်းတာဝန် ကျေပွန်ကြပါစို့ — ဆောင်းပါး စာမျက်နှာ » ၁၀

ဥရောပသမဂ္ဂနှင့် အိန္ဒိယနိုင်ငံတို့က ကုန်သွယ်ရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန် သဘောတူညီ — စာမျက်နှာ » ၁၂

နေ့စဉ်လေ့လာသင်ယူနေမှ အမြဲဦးဆောင်နိုင်မယ် — ဆောင်းပါး စာမျက်နှာ » ၁၆


## ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို ယခုနှစ်အတွင်း ဆက်လက်ကျင်းပမည်

**ရန်ကုန် မေ ၉**

အာရှဘောလုံးအဖွဲ့ချုပ်သည် ဇွန်လတွင်ပြီးဆုံးမည့် ဒုတိယအဆင့်ခြေစစ်ပွဲအပြီးတွင် ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို ယခုနှစ်အတွင်း ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**အပြောင်းအလဲပြုလုပ်**

အာရှဖလားတတိယအဆင့်ခြေစစ်ပွဲကို ယခင်က ယခုနှစ်မတ်လတွင် စတင်ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နောက်ဆုတ်ခဲ့ရခြင်းဖြစ်သည်။ ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် တစ်ပေါင်းတည်းကျင်းပနေသည့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲများမှာ ရွှေ့ဆိုင်းနေရသဖြင့် တတိယအဆင့်ခြေစစ်ပွဲကျင်းပမည့်ကာလကိုလည်း အပြောင်းအလဲပြုလုပ်ခဲ့ရခြင်းဖြစ်သည်။



အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ၂၀၂၂ ခုနှစ် ဇွန် ၁၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ခြေစစ်ပွဲ ကျင်းပသည့်ပုံစံအရ ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုရှစ်ခုမှ ထိပ်ဆုံးရှစ်သင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံးလေးသင်းမှာ တတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်စရာမလိုဘဲ ၂၀၂၃ အာရှဖလားပြိုင်ပွဲအား တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည့်အပြင် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ (အာရှဇုန်) တတိယ

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ■



## အက်စ်တွန်ဗီလာအသင်းကို ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရသော်လည်း မန်ယူအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အက်စ်တွန်ဗီလာအသင်းကို အနိုင်ရရှိ

မေ ၉ ရက် ညပိုင်းရဲ့ အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်စ်တွန်ဗီလာအသင်းနဲ့ မန်ယူအသင်းတို့ရဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ မန်ယူအသင်းဟာ အိမ်ရှင်အက်စ်တွန်ဗီလာအသင်းကို ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပေမယ့် ဒုတိယပိုင်းသွင်းဂိုးတွေရရှိခဲ့တာကြောင့် မန်ယူအသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**သွင်းယူပေးခဲ့**

အဲဒီပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲကစားချိန် ၂၄ မိနစ်မှာ ထရာအိုရေးက သွင်းယူပေးခဲ့တာဖြစ်ပြီး မန်ယူအသင်းအတွက် ချေပဂိုးနဲ့ အနိုင်ဂိုးတွေကိုတော့ ပွဲကစားချိန် ၅၂ မိနစ်မှာ ဘရူနိုဖာနန်ဒက်စ်က ပင်နယ်တီကနေတစ်ဂိုး၊ ပွဲကစားချိန် ၅၆ မိနစ်မှာ ဂရင်းဝုဒ်ကတစ်ဂိုးနဲ့ ပွဲကစားချိန် ၈၇ မိနစ်မှာ ကာဗာနီက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အက်စ်တွန်ဗီလာအသင်းဟာ မန်ယူအသင်းကို ရှုံးနိမ့်ခဲ့တဲ့အပြင် ပွဲကစားချိန် ၈၉ မိနစ်မှာ အဓိကကစားသမား ဝက်ကင်စ်ဟာလည်း နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❖